# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**

> **မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**
>
> မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။
>
> ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၂၈ ရက်၊ သောကြာနေ့ အတွဲ (၅၉)၊ အမှတ် (၃၃၀)

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

## ဆွေးနွေးဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း ၂၀ ရှိပြီး ဥပဒေကြမ်း ၈ ခုကို အတည်ပြုနိုင်ခဲ့ ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း ၁၂ ခု ကျန်ရှိ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်။

နေပြည်တော် ဩဂုတ် ၂၇

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပန်းတောင်း မဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၏ ပန်းတောင်းမြို့နယ် ရွှာသာယာအုပ်စုရှိ ဖိုးဦးတောင်စေတီတော် သာသနာ့မြေသည် ကျဉ်းမြောင်းနေပါသဖြင့် မူလရေိယာသတ်မှတ်ချက်အတိုင်း ဖြစ်အောင် ပြန်လည်စိစစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ဖိုးဦးတောင်စေတီတော် တည်ရှိရာ တောင်တော်နှင့် ဘုန်းတော်ကြီးကျောင်းများ တည်ရှိရာ မြေနေရာများ၊ စောင်းတန်းဧရိယာနှင့် တောင်စောင်းမြေနေရာများဖြစ်သည့် မြေလွတ်မြေရိုင်း ၁၁၂ ဧက ကျော်အား သာသနာ့မြေအဖြစ် သတ်မှတ်လိုပါက ပတ်ဝန်းကျင်ရှိ ဘုန်းတော်ကြီးကျောင်းများ၏ သဘောထား ထောက်ခံချက်များ၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၊ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်၊ သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်၊ ဖိုးဦးတောင်တော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏သဘောထားထောက်ခံချက်များဖြင့် ဖိုးဦးတောင်စေတီတော် ဂေါပကအဖွဲ့က မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ လျှောက်ထားသွားရန် လိုအပ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး၏ ဝိုင်းမော်မြို့နယ် အမှတ်(၄) ရပ်ကွက်အတွင်းရှိ သံချိုင်းဟောင်း မြေနေရာကို နိုင်ငံတော်အစိုးရပိုင်မြေအဖြစ် ပြန်လည်သိမ်းယူရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က အဆိုပါ သုသာန်မြေနေရာဟောင်းအား ကွင်းဆင်းစိစစ်ရေးအဖွဲ့၏ ကွင်းဆင်းတိုင်းတာချက်အရ လက်ရှိမြေပြင်တွင် ခြံဝင်းခတ်ထားသည့် စုစုပေါင်း ဧရိယာမှာ ၇ ဒသမ ၁၇ ဧက ဖြစ်ကြောင်း စိစစ်တွေ့ရှိရပြီး နှစ် ၃၀ မြေငှားဂရန်ရရှိခဲ့သည့် မြေဧရိယာမှာ ၄ ဒသမ ၉၂ ဧကသာဖြစ်သည့်အတွက် ပိုမိုရယူအသုံးပြုထားသည့် မြေဧရိယာ ၂ ဒသမ ၂၅ ဧကအား အများပြည်သူ အသုံးပြုနိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့က စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❑

## အခွန်ထမ်းပြည်သူသို့ အသိပေးကြေညာချက်

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အခွန်ထမ်းပြည်သူသို့ အသိပေးကြေညာချက်**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် COVID-19 ကာလအတွင်း ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်လိုသူများအတွက် လွယ်ကူမြန်ဆန်သော ဝန်ဆောင်မှုများ ရရှိနိုင်စေရန် ရည်ရွယ်ချက်ဖြင့် စီမံချက်အဖွဲ့ရုံးတစ်ရုံးအား ၁၇-၈-၂၀၂၀ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၌ စတင်ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ အဆိုပါ စီမံချက်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အခွန်ထမ်းပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုများ ရှိနေကြောင်း သိရှိရသည့်အတွက် ယင်းစီမံချက်ရုံးသည် အစုရှယ်ယာရှင်ဟောင်းများ၏ ယခင်ထည့်ဝင်ခဲ့သည့် အစုရှယ်ယာများကို စိစစ်ရန် ဆောင်ရွက်သည့် စီမံချက်ရုံး မဟုတ်ကြောင်း ရှင်းလင်းအသိပေးအပ်ပါသည်။

၃။ စီမံချက်ရုံးဖွင့်လှစ်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၂၅ အရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ကောက်ခံသည့် ဝင်ငွေခွန်နှုန်းထားများကို သက်သာခွင့်ပြုထားရာ အဆိုပါ သက်သာခွင့်များကို ဘဏ္ဍာရေးနှစ်မကုန်မီ အချိန်မီ ခံစားနိုင်စေရန်၊

(ခ) အစုရှယ်ယာထည့်ဝင်ငွေများအပေါ် စည်းကြပ်မှုခံယူလိုသော အစုရှယ်ယာရှင်များအနေဖြင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအသီးသီးသို့ သွားရောက်၍ ဆောင်ရွက်ရခြင်းအစား တစ်နေရာတည်း၌ လွယ်ကူမြန်ဆန်သော ဝန်ဆောင်မှုများ (One Stop Service) ကို ရရှိနိုင်စေရန်၊

(ဂ) အစုရှယ်ယာအသစ် ထပ်မံထည့်ဝင်သည့် အစုရှယ်ယာရှင်များအနေဖြင့် စည်းကြပ်မှု ခံယူခြင်းကို တစ်နေရာတည်းတွင် လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်၊

(ဃ) ယခင်က အစုရှယ်ယာထည့်ဝင်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် စည်းကြပ်မှု ခံယူရခြင်းမရှိသေးသည့် အစုရှယ်ယာရှင်များအနေဖြင့်လည်း မိမိ၏ဆန္ဒအလျောက် စည်းကြပ်မှုခံယူခြင်းကို လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်၊

(င) အစုရှယ်ယာထည့်ဝင်မှုများကို တစ်နေရာတည်းတွင် စည်းကြပ်မှုဆောင်ရွက်ခြင်းအားဖြင့် စည်းကြပ်မှုများကို မျှတစေရန်နှင့် တစ်ပြေးညီဖြစ်စေရန်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

## ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၃၅) ရွေးကောက်ပွဲနှင့် သတင်းမီဒီယာသမားများ စာ - ၆

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အောက်တိုဘာလအထိ ပညာရေးအဖွဲ့အစည်းများကို ပိတ်သွားမည် စာ - ၁၃



မြန်မာ့အလင်း

# မြေကမ္ဘာကျန်းမာရေးနှင့် လူသားတို့၏အနာဂတ်

“ကမ္ဘာ့ရာသီဥတု ဖောက်ပြန်လာမှု” ဟုဆိုလျှင် သီးသန့်ဘာသာရပ်တစ်ခု သို့မဟုတ် မိမိတို့နှင့် လွန်စွာအလှမ်းဝေးလှသည့် အကြောင်းအရာတစ်ရပ်ဟူ၍ လူတိုင်းက တွေးထင်တတ်ကြသည်။ သို့ရာတွင် ရာသီဥတုဖောက်ပြန်မှု၏ အကျိုးဆက်များကို လူတိုင်း ခံစားနေကြရခြင်းဖြစ်ပြီး ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှု၏ အဓိကလက်သည်မှာ လူသားများပင်ဖြစ်သလို ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုများကို တားဆီးရန်အတွက်မှာလည်း လူတိုင်း ပါဝင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

ပညာရှင်တို့၏ အဆိုအမိန့်အရ ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတွင် အကြောင်းနှင့်အကျိုး ကွင်းဆက်များ ရှိနေသည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲရခြင်းမှာ ကမ္ဘာ့လေထုထဲတွင် အပူချိန်တိုးလာမှုကြောင့်ဖြစ်သည်။ ကမ္ဘာ့လေထုအပူချိန်တိုးရခြင်းမှာ ကမ္ဘာ့လေထုအပေါ်လွှာတွင် မှန်လုံအိမ်ဓာတ်ငွေ့များ တားဆီးပိတ်ဆို့နေခြင်းကြောင့် ဖြစ်သည်။ မှန်လုံအိမ်ဓာတ်ငွေ့များဟု ဆိုရာတွင် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့က အဓိကဖြစ်ပြီး သစ်တောများပြုန်းတီးခြင်း၊ ရုပ်ကြွင်းလောင်စာခေါ် ဒီဇယ်ဆီ၊ ဓာတ်ဆီတို့ကို ယာဉ်ရထား၊ ယန္တရားများ လည်ပတ်ခုတ်မောင်းရာတွင် သုံးစွဲရာမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ မိမိတို့မြန်မာနိုင်ငံတွင် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထွက်ပေါ်ရသည့် အကြောင်းအရာများမှာ သစ်တောများကို စိုက်ပျိုးမြေအဖြစ် ရှင်းလင်းခုတ်ထွင်မှုမှ ၅၀ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ၃၆ ရာခိုင်နှုန်းဖြစ်ပြီး ကျန်အကြောင်းအရာများမှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ အခြားလောင်စာလောင်ကျွမ်းမှုများ၊ အမှိုက်စွန့်ပစ်မှုများ၊ ကုန်ထုတ်လုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် မှန်လုံအိမ်ဓာတ်ငွေ့ထွက်ပေါ်ရခြင်း၏ အဓိကအကြောင်းအရာမှာ သစ်တောများပြုန်းတီးခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများကြောင့်ဖြစ်ရာ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများသည် လာမည့် ဆယ်စုနှစ်အနည်းငယ်အတွင်း ဆိုးရွားသည့်ပုံစံများဖြစ်လာနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားကြပြီး အဓိကထိခိုက်ခံစားကြရမည့် ကဏ္ဍမှာ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာထုတ်လုပ်ရေးဖြစ်သည်ဟု ဆိုထားသည်။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မိုးရွာသွန်းသည့်ပုံစံပြောင်းလဲခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းတို့က နိုင်ငံ၏ အစားအစာဖူလုံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူနေမှုစနစ်များစသည်တို့အပေါ် မကောင်းသည့် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာစေမည်ဖြစ်သည်။ ထို့အပြင် ပြင်းထန်သည့် ရာသီဥတုဖြစ်စဉ်များဖြစ်သော မိုးအလွန်အကျွံရွာသွန်းခြင်း၊ ကာလကြာရှည် မိုးခေါင်ခြင်း၊ ပြင်းထန်သည့်မုန်တိုင်းများ ပုံမှန်ထက်အကြိမ်ရေ ပိုမိုဖြစ်ပေါ်ခြင်းစသည်တို့ကြောင့် ထိခိုက်ဆုံးရှုံးပျက်စီးမှုများလည်း ပိုမိုဖြစ်ပေါ်လာနိုင်သည်ကို မျှော်မှန်းထားရတော့မည် ဖြစ်သည်။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကိုကာကွယ်တားဆီးရာတွင် မိမိတို့ မြန်မာ့လူ့အဖွဲ့အစည်းကို သဘာဝပတ်ဝန်းကျင်ကို သဘာဝပတ်ဝန်းကျင် ပြန်လည်ထူထောင်ထိန်းသိမ်းသည့် လူ့အဖွဲ့အစည်း၊ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လုပ်မှုလျှော့ချနိုင်သည့် လူ့အဖွဲ့အစည်းအဖြစ် ပြုပြင်ပြောင်းလဲသွားကြရမည်ဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသားတစ်ဦးချင်းအနေဖြင့်မှ သစ်ပင်သစ်တောများ ခုတ်ထွင်မှုရပ်တန့်ပြီး သစ်ပင်သစ်တောများစိုက်ပျိုးဖန်တီးသူ၊ ရုပ်ကြွင်းလောင်စာနှင့် မီးသွေးအသုံးပြုမှုများ ရှောင်ရှားပြီး ပြန်ပြည့်မြဲစွမ်းအင်များ ပိုမိုအသုံးပြုသူ၊ တောင်ယာမီးရှို့သည့် စိုက်ပျိုးရေးစနစ်အစား ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များကို ကျင့်သုံးသူများအဖြစ် လူတိုင်းကိုယ်စီ ရပ်တည်သွားကြခြင်းဖြင့် လူသားတို့နေထိုင်ရာ မြေကမ္ဘာ၏ ကျန်းမာရေးကို ဝိုင်းဝန်းစောင့်ရှောက်နိုင်ကြပါစေကြောင်း။ ။

## မည်သည့်အသွင်သဏ္ဌာန်ဖြင့် ကျူးလွန်သည့် အကြမ်းဖက်လုပ်ရပ်များကိုမဆို မြန်မာနိုင်ငံက ဆက်လက်တိုက်ဖျက်သွားမည်ဖြစ်

၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်နေ့က ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ တစ်ကမ္ဘာလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေး တိုက်တွန်းပြောကြားချက်ကို ထောက်ခံသောအားဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဆုံးဖြတ်ချက်အမှတ် S/RES/2532 (2020) ကို အတည်ပြုချမှတ်ခဲ့ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကြီးမားသည့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နေသည့် အချိန်တွင် အထူးလိုအပ်လျက်ရှိသော ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အထောက်အကူဖြစ်စေသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအစီအစဉ်ကို မြန်မာနိုင်ငံက ကြိုဆိုသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏တိုက်တွန်းချက်အရ မြန်မာ့တပ်မတော်သည် ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၀ ရက်နေ့မှ ဩဂုတ်လ ၃၀ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲကြောင်း ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး၊ အဆိုပါ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ သက်တမ်းတိုးမြှင့်ကြောင်း ကြေညာခဲ့ပြီးဖြစ်သည်။

ရေရှည်တည်တံ့သည့် တည်ငြိမ်အေးချမ်းမှုရရှိစေရန်အတွက် အကြမ်းဖက်မှုကို တိုက်ဖျက်သွားရေးသည် နိုင်ငံတိုင်း၏တာဝန်ဖြစ်သည်။ မြန်မာနိုင်ငံသည် “မည်သူက မည်သည့်နေရာတွင်ဖြစ်စေ၊ မည်သည့်ပုံစံ၊ အသွင်သဏ္ဌာန်၊ လှုံ့ဆော်မှုကြောင့်ဖြစ်စေ ကျူးလွန်သည့် အကြမ်းဖက်မှုလုပ်ရပ်များ၊ နည်းလမ်းများနှင့် ကျင့်သုံးမှုများအားလုံးကို လက်ခံနိုင်ဖွယ်မရှိသော ရာဇဝတ်မှုအဖြစ် ပြတ်သားစွာရှုတ်ချသည့်” လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် S/RES/1269 (1999) ကို ထောက်ခံသည်။

မြန်မာနိုင်ငံသည် အကြမ်းဖက်မှုကို ဆက်လက်၍ တိုက်ဖျက်သွားမည်ဖြစ်ပြီး၊ ပြည်သူပြည်သားများအား အကြမ်းဖက်မှုလုပ်ရပ်အားလုံး၏ အန္တရာယ်မှ အကာအကွယ်ပေးရမည့် တာဝန်ဝတ္တရားများကို ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက်

## အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့စည်းဝေး

ရန်ကုန် ဩဂုတ် ၂၇



မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က အဖွဲ့ဝင်အဖြစ် ပါဝင်သည့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် ( Southeast Asia National Human Rights Institutions Forum–SEANF)၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးကို Video Conferencing စနစ်ဖြင့် ဩဂုတ် ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းနှင့် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးပေါ်လွင်စိန်၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာ တင်မောင်မောင်သန်းတို့ ပါဝင် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး ပထမနေ့တွင် ၂၀၂၀ ပြည့်နှစ်အတွက် အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်လျက်ရှိသော အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သဘာပတိအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးတွင် မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့မှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်း ကိုယ်စားလှယ်များ၊ အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ရုံးဝန်ထမ်းများ တက်ရောက်ကြသည်။

အစည်းအဝေး ပထမနေ့တွင် အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ မေ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သော ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေး အစီရင်ခံစာနှင့် စပ်လျဉ်း၍ တက်ရောက်သည့် ကိုယ်စားလှယ်အဖွဲ့များက ဝိုင်းဝန်းဆွေးနွေးအတည်ပြုခြင်း၊ ထို့နောက် ဖိုရမ်အဖွဲ့ဝင်နိုင်ငံများက ဖိုရမ်၏ ပထမအကြိမ်လုပ်ငန်းအဖွဲ့ အစည်းအဝေးနောက်ပိုင်း ဖိုရမ်အဖွဲ့ဝင်နိုင်ငံများ၏ ဆောင်ရွက်ချက်များနှင့် တိုးတက် ဆောင်ရွက်နိုင်မှုများကို ကိုယ်စားလှယ်အဖွဲ့များက တင်ပြဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

လုပ်ငန်းအဖွဲ့ အစည်းအဝေး ဒုတိယနေ့ကို ဩဂုတ် ၂၆ ရက်တွင် ဆက်လက်ကျင်းပခဲ့ရာ အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF) ၏ social media အသုံးပြုမှု လမ်းညွှန်ချက်များ ချမှတ်ရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ SEANF ၏ ညှဉ်းပန်းနှိပ်စက်မှုတိုက်ဖျက်ရေး လမ်းညွှန်ချက်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ အရှေ့တောင်အာရှဒေသအတွင်း ရွှေ့ပြောင်းလုပ်သားများနှင့် စပ်လျဉ်းသော ဖိုရမ်၏စာတမ်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များနှင့် လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်သူများအား အကာအကွယ်ပေးရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

လုပ်ငန်းအဖွဲ့ အစည်းအဝေး တတိယနေ့ကို ဩဂုတ် ၂၇ ရက်တွင် ဆက်လက်ကျင်းပခဲ့ရာ အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF)၏ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး (Permanent Secretariat)တည်ထောင်ရေးကိစ္စ၊ SEANF Website တည်ထောင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်တိုးတက်မှုများ တင်ပြဆွေးနွေးခြင်း၊ အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်(SEANF) နှစ်ပတ်လည်အစည်းအဝေး (၂၀၂၀) ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ကြိုတင်ညှိနှိုင်းဆွေးနွေးခြင်း၊ အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်(SEANF)နှင့် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံ အစိုးရချင်းဆိုင်ရာ ကော်မရှင် (AICHR) အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ အစည်းအဝေးတွင် ဘာသာရပ်များအပေါ် မူတည်၍ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်နှင့် ကော်မရှင်အဖွဲ့ဝင်များ ပါဝင်ဆွေးနွေးကြပြီး သဘာပတိအဖွဲ့က နိဂုံးချုပ် ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် သစ်တောဦးစီးဌာနမှ အလှူငွေများ ပေးအပ်လှူဒါန်း



နေပြည်တော် ဩဂုတ် ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံတည်ဆောက်အချောသပ်မွမ်းမံခြင်းလုပ်ငန်းများအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ဝန်ထမ်းမိသားစုများ၏ စုပေါင်းလှူဒါန်းငွေကျပ် ၇၇၇၇၇၇၇ ကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန၌ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါလှူဒါန်းငွေများကို သစ်တောဦးစီးဌာနဝန်ထမ်းမိသားစုများကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးထံ ပေးအပ်လှူဒါန်းခဲ့သည်။ **သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၏ (၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် တရားလွှတ်တော်များ၏ (၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၏ (၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**အတတ်နိုင်ဆုံးဖြေလျှော့**

အစည်းအဝေးတွင် ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးက တရားစီရင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များ၊ နည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်၊ တရားရုံးများသည် အများပြည်သူ တရားဥပဒေ စိုးမိုးရေး၊ တရားမျှတမှု လက်လှမ်းမီရေးနှင့် ဥပဒေဆိုင်ရာကုစားမှုများ ကြန့်ကြာမှုမရှိစေရေးအတွက် တရားစီရင်ရေးလုပ်ငန်းများကို ရပ်ဆိုင်းခြင်း မပြုဘဲ ဆောင်ရွက်ရာတွင် အမှုသည်များ၊ ရှေ့နေများအပါအဝင် တရားရုံး အသုံးပြုသူများ၏ အခက်အခဲများကို အတတ်နိုင်ဆုံးဖြေလျှော့နိုင်ရန်နှင့် တရားရုံးလာရောက်သူများနှင့် တာဝန်ထမ်းဆောင်သည့် တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများကို ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်အတွက် မှုခင်းဆောင်ရွက်မှု နည်းလမ်းများကို ဥပဒေနှင့်အညီ သတ်မှတ်ဆောင်ရွက်ရန်၊ ရောဂါပြန့်ပွားမှု အခြေအနေသည် ဒေသတစ်ခုနှင့်တစ်ခု ကန့်သတ်မှုတို့ ကွဲပြားနိုင်သည့်အတွက် မိမိတို့အခြေအနေနှင့် ကိုက်ညီအောင်ဆောင်ရွက်ရန်၊ တရားရုံးများ၏ မှုခင်းသတင်း အချက်အလက်များ၊ ကြေညာချက်များကို သတ်မှတ်ချက်များနှင့်အညီ လူမှုကွန်ရက်များအသုံးပြု၍ အများပြည်သူသိရှိအောင် ဆက်လက်လုပ်ဆောင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

**ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်**

ဆက်လက်၍ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအတွက် တရားမ ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း) ရေးဆွဲပြီး ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်နေမှု၊ လူမွဲခံယူခြင်းဆိုင်ရာ အမှုများအား စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်များအပ်နှင်းခြင်း၊ လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများ ထုတ်ပြန်ခြင်းနှင့် နိုင်ငံခြားတရားရုံးများ၏ စီရင်ချက်များ အသိအမှတ်ပြုခြင်း၊ အတည်ပြုခြင်းအတွက် လျှောက်ထားလာမှုများ၊ အမှုတွဲမိတ္တူကူးခြင်း၊ သက်သေခံပစ္စည်းစီမံခန့်ခွဲခြင်းတို့ကို ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန် မှာကြားသည်။

**ကြိုတင်ပြင်ဆင်**

ယခုအစည်းအဝေးသည် ပုံမှန်ပြုလုပ်နေကျ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကာလတွင် တရားစီရင်ရေး၏ လက်ရှိတုံ့ပြန်ဆောင်ရွက်မှုနှင့် ကြိုတင်ပြင်ဆင်ရန်လုပ်ငန်းများကို ဆွေးနွေးနိုင်ရန် ကျင်းပခြင်းဖြစ်သည်။

**ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်**

အစည်းအဝေးသို့ ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ တက်ရောက်ကြပြီး ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်တရားရေးဦးစီးမှူးတို့က အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ကြပြီး အစည်းအဝေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် လွှတ်တော်ကိုယ်စားလှယ်များအတွက် မဲဆန္ဒနယ်ဆိုင်ရာ အချက်အလက်များ မိတ်ဆက်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၂၇

လွှတ်တော် ကိုယ်စားလှယ်များအတွက် မဲဆန္ဒနယ်ဆိုင်ရာ အချက်အလက်များ မိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် Learning Center (Room-1) ၌ ကျင်းပရာ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ JCC ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော် ကိုယ်စားလှယ်များအတွက် သက်ဆိုင်ရာမြို့နယ်များ၏ အချက်အလက်များကို အနီးစပ်ဆုံးပြုစုထားရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့မဲဆန္ဒနယ်များမှာ လိုအပ်သည့် လူဦးရေ သန်းခေါင်စာရင်း၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ မြေယာကိစ္စရပ်များကို အဓိကသတင်းအချက်အလက် အရင်းအမြစ် သုံးခုဖြစ်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန၊ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) Website စာမျက်နှာများမှ ရယူပြီး UNDP/ IPU နှင့် လွှတ်တော်ရုံးများရှိ သုတေသနဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ အချက်အလက်များကို ရှာဖွေပြုစုထားရှိသည့် စာအုပ်



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် လွှတ်တော်ကိုယ်စားလှယ်များအတွက် မဲဆန္ဒနယ်ဆိုင်ရာ အချက်အလက်များ မိတ်ဆက်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ဖြစ်သည့်အတွက် ကိုယ်စားလှယ်များ အထောက်အပံ့ရရှိနိုင်မည် ဖြစ်ပါကြောင်း၊ အဆိုပါစာအုပ်ကို အသုံးပြု၍ မိမိတို့ဒေသအတွက် အကျိုးရှိရှိ အောင်မြင်စွာ အသုံးချနိုင်ပါစေကြောင်း ပြောကြားသည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ UNDP/IPU မှ တာဝန်ခံများနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် အာရှနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (AACC) အဖွဲ့ဝင်များအစည်းအဝေးနှင့် စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာညီလာခံသို့ တက်ရောက်

နေပြည်တော် ဩဂုတ် ၂၇

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်သည် ဩဂုတ် ၂၆ ရက်မှ ၂၇ ရက်အထိ Video Conferencing ဖြင့်ကျင်းပသည့် အာရှနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူ အဖွဲ့အစည်းများအသင်း (AACC– Association of Asian Constitutional Courts and Equivalent Institutions) ၏ စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ ညီလာခံသို့ နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးမှ တက်ရောက်သည်။ ဥက္ကဋ္ဌနှင့်အတူ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးမြင့်ဝင်းလည်း ပါဝင်တက်ရောက်ခဲ့သည်။**

**ဦးဆောင်ကျင်းပ**

အဆိုပါ အပြည်ပြည်ဆိုင်ရာ ညီလာခံသည် အာရှနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများ အသင်း (AACC) ၏ အလှည့်ကျဥက္ကဋ္ဌ တာဝန် ထမ်းဆောင်လျက်ရှိသော ကာဇက်စတန်သမ္မတနိုင်ငံ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ကောင်စီက "၂၁ ရာစု ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားဥပဒေစိုးမိုးရေး၊ လူ့တန်ဖိုးနှင့် နိုင်ငံ၏အရေးပါမှု" ဟူသော ခေါင်းစဉ်ဖြင့် ဦးဆောင် ကျင်းပခြင်းဖြစ်သည်။

ညီလာခံသို့ ကာဇက်စတန်နိုင်ငံ သမ္မတ မစ္စတာ ကက်စ်စူဂျိုမတ် တိုကာရက်အပါအဝင် အစိုးရအဖွဲ့ဝင်များ၊ ကာဂျစ်စတန်နိုင်ငံ၊ ကာဇက်စတန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ မြန်မာနိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ရုရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ စသည့် အာရှနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့်အဆင့်တူအဖွဲ့အစည်းများ အသင်းဝင်နိုင်ငံ (၁၈) နိုင်ငံတို့မှ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံး / ကောင်စီ / ခုံရုံး များ၏ တရားသူကြီးချုပ်များ၊ ဥက္ကဋ္ဌများ၊ တရားသူကြီးများ၊ ဥရောပဗင်းနစ်ကော်မရှင်မှ ကိုယ်စားလှယ်များ၊ ဥရောပ–အာရှ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ သုံးသပ်ရေးအဖွဲ့အစည်းများ အသင်းဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ကာဇက်စတန်နိုင်ငံ တက္ကသိုလ်များမှ ဥပဒေပညာရှင်များ တက်ရောက်ကြသည်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် အာရှနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (AACC) အဖွဲ့ဝင်များ အစည်းအဝေးနှင့် စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာညီလာခံသို့ Video Conferencing ဖြင့် ပါဝင်ဆွေးနွေးစဉ်။ သတင်းစဉ်

**စာတမ်းများ ဖတ်ကြား**

အဆိုပါ ညီလာခံတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးသည် "Challenges and the Ways of Solutions: Myanmar Experiences" ခေါင်းစဉ်ဖြင့် စာတမ်းကို ဖတ်ကြားဆွေးနွေးသည်။ အဆိုပါ ဆွေးနွေးချက်တွင် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ အခွင့်အာဏာအတွင်းမှ စိန်ခေါ်မှု (Challenges) များ ဖြစ်နိုင်သည့် အခြေအနေများ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့် ဥပဒေပြုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သော ဥပဒေများအပေါ် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ညီ မညီ စိစစ်သုံးသပ်ခြင်းများနှင့် သက်ဆိုင်သည့်တင်သွင်းလွှာများ စသည့်အကြောင်းအရာများ ပါဝင်သည်။

ထို့အတူ ဩဂုတ် ၂၆ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည့် အာရှနိုင်ငံများ၏ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (AACC) ၏ အထွေထွေ အတွင်းရေးမှူးချုပ်များ အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန် ဦးလှဌေးနှင့် ညွှန်ကြားရေးမှူး ဦးညီညီလွင်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ Country Director နှင့် Virtual Meeting ဖြင့် ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၇**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့ နံနက် ၁၀ နာရီတွင် အာရှဖွံ့ဖြိုးရေးဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ Country Director Mr. Newin Sinsiri နှင့် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ Virtual Meeting ဖြင့် တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ Credit Guarantee Corporation (CGC) တည်ထောင်နိုင်ရေးနှင့် စပ်လျဉ်း၍ အာရှဖွံ့ဖြိုးရေးဘဏ်မှ လိုအပ်သည့် ငွေကြေးအကူအညီနှင့် နည်းပညာ ပံ့ပိုးပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ လိုအပ်သည့် ကျွမ်းကျင်ပညာရှင်များနှင့် ဝန်ထမ်းများ ခေါ်ယူခန့်ထားရေးဆိုင်ရာ ကိစ္စရပ်များ၊ ရည်မှန်းထားသည့် အချိန်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မင်းရဲပိုင်ဟိန်း၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့် ဌာနဆိုင်ရာ အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် 2020 ASEAN Leadership & Partnership Forum သို့ Virtual စနစ်ဖြင့် တက်ရောက်

**နေပြည်တော် ဩဂုတ် ၂၇**

2020 ASEAN Leadership & Partnership Forum ကို ယနေ့ မွန်းလွဲပိုင်းတွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ Virtual စနစ်ဖြင့် ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ပါဝင်တက်ရောက်သည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက "Cohesive and Responsive ASEAN" ဟူသော ရည်မှန်းချက်အောက်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးသည် အာဆီယံ၏စည်းလုံး ညီညွတ်မှု၊ သဟဇာတရှိရှိ ပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးအရပေါင်းစည်းမှုနှင့် အာဆီယံ၏ သူမတူသည့် ထူးခြားမှုများကို မြှင့်တင်သွားရမည်ကို အဖွဲ့ဝင်နိုင်ငံများအားလုံးက အထူးအလေးထားကြပါကြောင်း၊ ထို့အပြင် ဒေသတွင်းနဲ့ ကမ္ဘာ့အခင်းအကျင်းတွင် လျှင်မြန်သည့် ပြောင်းလဲမှုများကြောင့် ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို စုပေါင်းဖြေရှင်းကြရမည်ဖြစ်ကြောင်း။



ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် နှေးကွေးသွားသည့် အာဆီယံ၏ FTAs များ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းစဉ်များကို ပြန်လည်မောင်းနှင် ဆောင်ရွက်သွားရမည်ဖြစ်ပြီး FTAs များတွင် အထောက်အပံ့ ကွင်းဆက်များ ချောချောမွေ့မွေ့လည်ပတ်နိုင်စေရန်နှင့် အခွင့်အလမ်းသစ်များ ဆက်လက်ဖန်တီးပေးနိုင်ရန်တို့ကိုလည်း အလေးထားဆောင်ရွက်နေကြပါကြောင်း။

အာဆီယံသည် ကမ္ဘာ့စီးပွားရေးတွင် အဓိကကျသည့် စီးပွားရေး အင်အားကြီးအဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်နေသော်လည်း ကမ္ဘာတွင်အဓိကအရေးပါသည့် Digital Economy တစ်ခုဖြစ်လာစေရေးအတွက် ကိုဗစ်–၁၉ ကြောင့် ပြန်လည်နလန်ထူလာရေး ကြိုးပမ်းမှုများတွင် ဒစ်ဂျစ်တယ်လ်နည်းပညာများ၏ မရှိမဖြစ်အရေးပါမှုကို အသိအမှတ်ပြုပြီး Digital Integration ဆောင်ရွက်နိုင်မှသာလျှင် အာဆီယံသည် အခြားသော ကမ္ဘာ့အဓိကနိုင်ငံကြီးများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိလာမည် ဖြစ်ပါကြောင်း၊ သို့မှသာ ဒေသတွင်းကူးလူးဆက်သွယ်မှုကို ပိုမိုတိုးမြှင့်စေပြီး ဒေသတွင်းနှင့် ကမ္ဘာ့ကုန်သွယ်ရေးအပြင် ရင်းနှီးမြှုပ်နှံမှုကိုပါ မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် ASEAN Leadership and Partnership Forum သည် ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ကြုံတွေ့ရသည့်စိန်ခေါ်မှုတွေကိုဖြေရှင်းရန်နှင့် အာဆီယံကို ကြံ့ကြံ့ခိုင်ပြီး ခိုင်မာတောင့်တင်း၍ တန်ပြန်တုံ့ပြန်နိုင်စွမ်းအားမြင့်မားသည့် ဒေသတစ်ခုအဖြစ် တိုးတက်လာစေရန်သာမက အဓိကကျသည့် Digital Economy ဖြစ်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၊ သုတေသန အဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများ၊ စာပေပညာရှင်များနှင့် မီဒီယာများမှ ခေါင်းဆောင်များတွေ့ဆုံပြီး ထိရောက်မှုရှိသည့် ရလဒ်ကောင်းများ ထုတ်ပေးနိုင်သည့် ဆွေးနွေးမှုများ ပြုလုပ်နိုင်ရေးအတွက် အရေးပါသည့် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပါကြောင်း။။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒေသတွင်းရှိ မတူကွဲပြားသည့် တန်ဖိုးများကို နက်နက်ရှိုင်းရှိုင်းနားလည်၍ ကမ္ဘာ့စီးပွားရေးအရ စိန်ခေါ်မှုတွေကို ဖြေရှင်းနိုင်တဲ့ စွမ်းရည်ရှိသည့်အပြင် ချမှတ်ထားတဲ့ ပန်းတိုင်များကိုလည်းရောက်ရှိအောင် ပူးပေါင်းဆောင်ရွက်နိုင်ပြီး အာဆီယံကို "ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသော ပတ်ဝန်းကျင်ကောင်းတစ်ခု" အဖြစ် ထိထိရောက်ရောက်ဖန်တီးနိုင်ရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး၊ မလေးရှားနိုင်ငံ၊ Prime Minister's Department(Economy) မှ ဝန်ကြီး၊ ဗီယက်နမ်နိုင်ငံ ASEAN Business Advisory council မှ Chairman နှင့် Vietnam Chamber of Commerce & Industry မှ Vice–Chairman၊ QI Group မှ Executive Chairman၊ မလေးရှားနိုင်ငံ Economic Club of Kuala Lumpur မှ Chairman နှင့် KSI Strategic Institute မှ Adviser၊ KSI Strategic Institute for Asia Pacific မှ President နှင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၀-၂၀၂၁ ခုနှစ် ငါးမဖမ်းရရာသီ၊ ငါးမဖမ်းရ ဇရိယာသတ်မှတ်ခြင်းနှင့် ပင်လယ်ငါးလုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပ



နေပြည်တော် သြဂုတ် ၂၇

**၂၀၂၀-၂၀၂၁ခုနှစ် ငါးမဖမ်းရရာသီ၊ ငါးမဖမ်းရဇရိယာသတ်မှတ်ခြင်းနှင့် ပင်လယ်ငါးလုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ရုံးအမှတ်(၃၆)၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ လွှတ်တော်ရေးရာကော်မတီများမှ တာဝန်ရှိသူများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံရေကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ကမ်းရိုးတန်းဒေသ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ငါးလုပ်ငန်းဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း နော်ဝေနိုင်ငံ Dr. Fridtjof Nansen ၏ သုတေသနပြုလေ့လာတွေ့ရှိချက်များအရ ဖမ်းဆီးခွင့်ပြုနိုင်မှုမှာ မက်ထရစ်တန် ၁ သိန်း ဖြစ်သော်လည်း လက်ရှိတွင် တန်ချိန် ၃ သန်းနီးပါး ဖမ်းဆီးထုတ်လုပ်နေခြင်း၊ FAO နှင့် World Bank တို့၏ ရေငန်ငါး ဖမ်းဆီးထုတ်လုပ်မှုအပေါ် သုံးသပ်တင်ပြချက်များအရ ငါးအလွန်အကျွံ ဖမ်းဆီးထုတ်လုပ်နေခြင်းတို့ကြောင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် ငါးသယံဇာတ မပြုန်းတီးရေးကို ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း၊ ငါးလုပ်ငန်းများ စီမံခန့်ခွဲရာတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၌ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်ထားသည်နှင့်အညီ ယင်းအဖွဲ့အစည်းများ၏ ကတိကဝတ် စည်းမျဉ်းများကို လိုက်နာဆောင်ရွက်လျက်ရှိရာ တရားမဝင်ငါးဖမ်းဆီးမှုတိုက်ဖျက်ရေး Combat IUU Fishing ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အကောင်အထည်ဖော် ဆောင်ရွက်သည့်အနေဖြင့် ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးစနစ် VMS ကို ကျင့်သုံးဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ထို့အပြင် Safety at Sea ပင်လယ်ပြင်တွင် ဘေးကင်းလုံခြုံရေး စည်းကမ်းသတ်မှတ်ချက်များ၊ ILO က ချမှတ်ထားသည့် ငါးလုပ်ငန်းကဏ္ဍတွင် အလုပ်လုပ်ကိုင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက် အမှတ် 188(Convention concerning work in Fishing Sector) နှင့် တိုက်တွန်းချက် Recommendation 199 တို့ကိုလည်း လိုက်နာဆောင်ရွက်ရန် ငါးလုပ်ငန်းဦးစီးဌာနက လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ် ငါးဖမ်းရာသီများ၌ ငါးဖမ်းရေယာဉ်များကို ရာခိုင်နှုန်းပြည့် ငါးမဖမ်းရရာသီ၊ ငါးမဖမ်းရဇရိယာ သတ်မှတ် ဆောင်ရွက်ခဲ့ခြင်းအတွက် ရလဒ်ကောင်းများ ရရှိခဲ့ပါကြောင်း၊ အာဆီယံဒေသတွင်းရှိ နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ကို ဥရောပသမဂ္ဂက Yellow Card ပြသအရေးယူသည့် ဖြစ်စဉ်များရှိခဲ့သဖြင့် ငါးဖမ်းစွမ်းအားစု ငါးဖမ်းလှေများ တိုးမြှင့်ပေးရန် အခက်အခဲရှိပါကြောင်း ပြောကြားသည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ရေးရာကော်မတီများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာနှင့် ငါးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့ တာဝန်ရှိသူများက ၂၀၂၀-၂၀၂၁ ခုနှစ် ငါးမဖမ်းရရာသီ၊ ငါးမဖမ်းရဇရိယာသတ်မှတ်ခြင်းနှင့် ပင်လယ်ငါးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးခဲ့ကြသည်။

မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါး၊ ပုစွန် သယံဇာတတည်ရှိမှုကို နော်ဝေနိုင်ငံမှ သုတေသနရေယာဉ် Dr. Fridtjof Nansen ၏ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် သုတေသနပြုတွေ့ရှိချက်များအရ ၁၉၇၉-၁၉၈၀ ခုနှစ်တွင် အမြင့်ဆုံး ငါးဖမ်းဆီးထုတ်လုပ်နိုင်မှု MSY မှာ တန်ပေါင်း ၁ ဒသမ ၀၅ သန်းရှိရာမှ လက်ရှိတွင် ဖမ်းဆီးခွင့်ပြုနိုင်မှုမှာ တန်ပေါင်း ၀ ဒသမ ၁ သန်းသာဖြစ်ကြောင်း၊ Dr. Fridtjof Nansen သုတေသန ရေယာဉ်ဖြင့်ပင် ၂၀၁၈ ခုနှစ်တွင် ထပ်မံသုတေသနပြု လေ့လာတွေ့ရှိချက်များအရ ရေပေါ်လွှာ ငါးသယံဇာတမှာ ၁၉၇၉-၈၀ ခုနှစ်တွင် တန်ချိန်တစ်သန်းခန့်ရှိရာမှ ၂၀၁၃-၂၀၁၅ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များ၏ ရေပေါ်လွှာ ငါးထုထည်ပမာဏမှာ တန်ချိန် ၀ ဒသမ ၁၅၅ သန်းသာရှိသဖြင့် ၈၀ ရာခိုင်နှုန်းခန့် လျော့နည်းသွားကြောင်း၊ ရေအောက်ငါးမှာ ယခင်က တန်ချိန် ၀ ဒသမ ၇၅ သန်းရှိရာမှ လက်ရှိတွင် တန်ချိန် ၀ ဒသမ ၃၀၆ သန်းသာရှိသဖြင့် ၆၀ ရာခိုင်နှုန်းခန့် လျော့နည်းသွားကြောင်း သိရသည်။

**သတင်းစဉ်**

# ဖြူးနှင့် ပဲခူးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**နေပြည်တော် သြဂုတ် ၂၇**

ဖြူးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ မြို့နယ်စည်ပင်သာယာခန်းမ၌ကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး**(ယာပုံ)**၊ တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြူးမြို့နယ်အတွင်း သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေး ကတ်များကို ဒေသခံပြည်သူ တစ်ဦးချင်းထံ ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံပြီး မဲစာရင်းတိကျမှန်ကန်ရေးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး လုပ်ငန်းဆောင်ရွက်နေမှု၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့သို့ ရောက်ရှိကြပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့်အတူ ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပသည့် ပဲခူးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယခုအခါ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူအားလုံး မဲပေးပိုင်ခွင့်ရရှိစေရေးအတွက် မိမိတို့ဌာန အပါအဝင် ဆက်စပ်ဌာနအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ပထမအကြိမ် မဲစာရင်းထုတ်ပြန်ရာတွင် မဲစာရင်းတွင် ပါဝင်သူများကို ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုး ရရှိထုတ်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့် မဆုံးရှုံးစေရေးအတွက်လည်း သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ စီမံဆောင်ရွက်ထားရှိပါကြောင်း၊ ထို့အပြင် မိမိတို့ဌာနအနေဖြင့် အလုပ်သမားရေးရာဆိုင်ရာ ကိစ္စရပ်များကိုလည်း ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုကာလအတွင်း သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနေမှုအပေါ် ဒေသအာဏာပိုင်များနှင့် တာဝန်ရှိသူများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဆက်စပ်ဌာနများနှင့် ပြည်သူအားလုံးက ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် နိုင်ငံသားတစ်ဦးစီ၏ ရပိုင်ခွင့်များ ရရှိရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက တိုင်းဒေသကြီးအတွင်း သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေး ဆောင်ရွက်နေမှုနှင့် မဲစာရင်းများ မှန်ကန်စေရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပဲခူးမြို့နယ်အတွင်း၌ သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသခံပြည်သူ တစ်ဦးချင်းထံ ပေးအပ်ကြသည်။

ယနေ့တွင် ဖြူးမြို့နယ် ကျားသောင်နှင့် အုတ်ဖြတ်ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူ ၁၆၁ ဦးကို လည်းကောင်း၊ ပဲခူးမြို့ ဘိုကုန်းရပ်ကွက်မှ ဒေသခံပြည်သူ ၁၄၈ ဦးကိုလည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်း/ ခရိုင်/ မြို့နယ်ဦးစီးမှူးများအား ပဲခူးမြို့ သီရိဟံသာခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာနအနေဖြင့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်း၊ သန်းခေါင်စာရင်းကောက်ယူထိန်းသိမ်းရေး လုပ်ငန်းများကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ ရသင့်ရထိုက်သူများအား ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ လူတစ်ဦးချင်း နံပါတ်တစ်ခုစီ ထုတ်ပေးနိုင်ရေးလုပ်ငန်းဖြစ်သည့် Unique ID လုပ်ငန်း၊ eID စနစ်လုပ်ငန်း၊ e-Passport လုပ်ငန်းစသည်ဖြင့် အီလက်ထရောနစ်စနစ်သို့ ပြောင်းလဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအခါ ဌာန၏ဦးစားပေးလုပ်ငန်းမှာ မဲပေးပိုင်ခွင့်ရှိသူများ မဲပေးနိုင်ရေးနှင့် နိုင်ငံသားကတ်မရှိသူများ ထုတ်ပေးနိုင်ရေးလုပ်ငန်းပင်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ဆက်စပ်ဌာနများနှင့်ပေါင်းစပ်ကာ ကွင်းဆင်းဆောင်ရွက်လျက် ရှိသည့်အတွက် မှတ်တမ်းမှတ်ရာ စာရင်းဇယားများ ရေးသွင်းသည့် သမ္မဇဉ်လုပ်ငန်းများကိုလည်း မမေ့မလျော့ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဌာန၏လုပ်ငန်းများသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအပေါ် အခြေခံဆောင်ရွက်ရသည့်အတွက် ဝန်ထမ်းများအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်ပိုင်နိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း ရည်မှန်းချက် တာဝန်များကို အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း တိုက်တွန်းမှာကြားသည်။ **သတင်းစဉ်**

# ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ၌ မိမိဆန္ဒအလျောက် ယာယီတာဝန်ထမ်းဆောင်မည့် ဆရာဝန်နှင့် သူနာပြုများ စစ်တွေမြို့သို့ ထပ်မံရောက်ရှိ

**စစ်တွေ သြဂုတ် ၂၇**

ရခိုင်ပြည်နယ်၏ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ၌ မိမိဆန္ဒအလျောက် ယာယီ တာဝန်ထမ်းဆောင်မည့် ဆရာဝန်နှင့် သူနာပြုများ ပါဝင်သော အဖွဲ့သည် ယနေ့ညနေ ၃ နာရီက တတိယအသုတ်အနေဖြင့် မြန်မာ အမျိုးသားလေကြောင်း အထူးလေယာဉ်ဖြင့် စစ်တွေမြို့သို့ ထပ်မံရောက်ရှိကြရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်သို့ သွားရောက် ကြိုဆိုခဲ့သည်။

စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ မိမိဆန္ဒအလျောက် ယာယီတာဝန်ထမ်းဆောင်ကြမည့် ဆရာဝန်များ၊ ကျန်းမာရေးမှူး၊ သူနာပြုများ၊ ဓာတ်မှန်ပညာရှင်များ၊ ဆေးဝါးပညာရှင်နှင့် သားဖွားဆရာမများ စုစုပေါင်း ၄၁ ဦး ပါဝင်သည့်အဖွဲ့သည် တတိယအသုတ်အနေဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

အဆိုပါ "COVID-19 ကပ်ရောဂါတုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Rapid Response Team)" နှင့် ရခိုင်ပြည်နယ်တွင် မိမိဆန္ဒအလျောက် ယာယီတာဝန်ထမ်းဆောင်မည့် ကျန်းမာရေးဝန်ထမ်းများသည် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးဌာနများတွင် တာဝန်ထမ်းဆောင်နေကြသူများဖြစ်ပြီး ညွှန်ကြားရေးမှူးတစ်ဦး၊ ဒုတိယညွှန်ကြားရေးမှူးတစ်ဦး၊ လက်ထောက်ဆရာဝန်ခြောက်ဦး၊ အထက်တန်းသူနာပြုငါးဦး၊ လက်ထောက် ကျန်းမာရေးမှူးတစ်ဦး၊ ဆေးဘက်ကျွမ်းကျင် - ၂ (ဓာတ်မှန်) နှစ်ဦး၊ ဆေးဘက်ကျွမ်းကျင် - ၂ (ဆေးဝါး) တစ်ဦး၊ သူနာပြု ၂၀ နှင့် သားဖွားဆရာမ သုံးဦးတို့ ပါဝင်ကြောင်း သိရသည်။



**တင်ထွန်း (ပြန်/ဆက်)**

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၃၅)

# ရွေးကောက်ပွဲနှင့်သတင်းမီဒီယာသမားများ

မောင်စာဂ

**အဋ္ဌမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၂၄ ရက်မှ ၂၈ ရက်နေ့အထိ နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာများကောင်စီဥက္ကဋ္ဌ ဟံသာဝတီ ဦးအုန်းကြိုင်တို့က ညီလာခံအဖွင့်အမှာစကားများ ပြောကြားခဲ့သည်။**

ယင်းညီလာခံတွင် မြန်မာနိုင်ငံရှိ မီဒီယာများနှင့် ရွေးကောက်ပွဲများဟူသော ခေါင်းစဉ်ကြီးကို အခြေခံ၍ ရွေးကောက်ပွဲနှင့် မီဒီယာများအခန်းကဏ္ဍ၊ ရွေးကောက်ပွဲများနှင့် သတင်းထောက်များ၏ ဘေးကင်းလုံခြုံရေး၊ ဆိုရှယ်မီဒီယာခေတ်အတွင်းမှ ရွေးကောက်ပွဲများ၊ တိုင်းရင်းသားဒေသ၊ပြည်နယ်များနှင့် တိုင်းဒေသကြီးများ၏ ရွေးကောက်ပွဲဆိုင်ရာသတင်းမှား စိန်ခေါ်မှုများနှင့် ဖြေရှင်းခဲ့မှုများဟူ၍ အစီအစဉ် ငါးရပ်ဖြင့် ဆွေးနွေးမှုများ ပြုပါသည်။

ဤတွင်ရွေးကောက်ပွဲများ၌ သတင်းမီဒီယာများ မည်သည့်အခွင့်အရေးနှင့် တာဝန်များ ရှိကြသနည်း။ မည်သည့်အချက်များကိုဆောင်၍ မည်သည့်အချက်များကို ရှောင်ရပါမည်နည်း ဆိုသည်ကို မြန်မာသတင်းမီဒီယာများကောင်စီက ၂၅-၅-၂၀၂၀ ပြည့်နှစ်တွင် ထုတ်ပြန်သည့် "မြန်မာနိုင်ငံသတင်းမီဒီယာများအတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလမ်းညွှန်" စာအုပ်မှ အနှစ်ချုပ် ကောက်နုတ်ဖော်ပြပါရစေ။

**အခွင့်အရေးများ**

ဆန္ဒမဲပေးပြီးသည့်အချိန်အထိ မဲရုံအတွင်းမှအပ အခြားနေရာများတွင် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို မထိခိုက်စေဘဲ သတင်းရယူရန် ပစ္စည်းကိရိယာများ အသုံးပြုခွင့်ရှိသည်။ ဥပဒေနှင့် မညီသော ရွေးကောက်ပွဲလုပ်ဆောင်ချက်များတွေ့ရှိပါက ကြီးကြပ်ဆောင်ရွက်နေသော ကော်မရှင်အဖွဲ့ခွဲ အသီးသီးနှင့် မဲရုံမှူးထံ အသိပေးအကြောင်းကြားခွင့်ရှိသည်။

**တာဝန်ရှိခြင်း**

သတင်းမီဒီယာသည် လူထုအား ရွေးကောက်ပွဲနှင့်ဆိုင်သည့် ကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ အသိပေးရန် ယေဘုယျတာဝန်ရှိသည်။ အများပြည်သူဝန်ဆောင်မှုမီဒီယာ ( Public Media) များသည် ပို၍ တာဝန်ရှိသည်။

သတင်းမီဒီယာသည် မဲဆန္ဒရှင်အများစုအတွက် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို ထပ်ဆင့်ဖြန့်ဝေသည့် အရင်းအမြစ်တစ်ခုဖြစ်သည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းအတွင်း သတင်းအရင်းအမြစ်တစ်ခုအဖြစ်ရှိနေသည့် သတင်းမီဒီယာသည် ရွေးကောက်ပွဲ မည်သို့ကျင်းပ၍ ပါတီများနှင့်ကိုယ်စားလှယ်လောင်းများ မည်သို့ယှဉ်ပြိုင်ကြမည်ကို အများပြည်သူသို့ သတင်းအချက်အလက်ပေးရန် တာဝန်ရှိသည်။

ရွေးကောက်ပွဲကာလအတွင်း နိုင်ငံရေးပါတီများကဖြစ်စေ၊ ရွေးချယ်ခံမည့်ကိုယ်စားလှယ်လောင်းက ဖြစ်စေ ထုတ်ဖော်ပြောဆိုသမျှအား အရင်းအတိုင်းဖော်ပြသည့်အတွက် သတင်းမီဒီယာကျင့်ဝတ်အရ သတင်းမီဒီယာများတွင် တာဝန်ရှိသည်ဟု မယူဆနိုင်။ သို့ရာတွင် ထိုပြောဆိုသမျှကို ထောက်ခံခြင်း၊ လိုက်လျော အတည်ပြုခြင်းများ သတင်းမီဒီယာများက မပြုရ။ နိုင်ငံရေးအရပြောဆိုသမျှသည် သိသိသာသာ ထိခိုက်အန္တရာယ်ရှိနိုင်ကြောင်း ကျိုးကြောင်းခိုင်လုံ ထင်ရှားစွာ သိသာနေပါက ဖော်ပြသည့် မီဒီယာတွင်တာဝန်ရှိသည်။

**ဆောင်ရန် (DO's) အချက်များ**

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲများ၏ အခန်းကဏ္ဍနှင့် မဲပေးရန် အဘယ့်ကြောင့် အရေးကြီးကြောင်းတို့ကို မဲဆန္ဒရှင်များအား အသိပေးတင်ပြရမည်။

မဲစာရင်းပြင်ဆင်ခြင်း(ဥပမာ မဲစာရင်းတွင် မိမိနာမည်ပါဝင်မှု ရှိ မရှိ သေချာအောင် လုပ်ဆောင်ရမည်)။ ကြိုတင်မဲပေးခြင်းနည်းလမ်း၊ မဲပေးရန်အချိန်၊ နေရာ၊ မဲပေးပုံပေးနည်းစသည့် နည်းပညာအချက်အလက်ကို မဲဆန္ဒရှင်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အသိပညာပေးထုတ်ပြန်ချက်နှင့်အညီ ရှင်းလင်း အသိပေးတင်ပြရမည်။ လျှို့ဝှက်မဲပေးခြင်းအရေးကြီးပုံကို မဲဆန္ဒရှင်များအား ရှင်းလင်းအသိပေးရမည်။ ရွေးကောက်ပွဲ ၏ လုပ်ငန်းစဉ်များကို မဲဆန္ဒရှင်များအား အသိပေးရပါမည်။

သတင်းအချက်အလက်မှန်ကန်ပြီး မျှတ၍ ဟန်ချက်ညီသော သတင်းနှင့် မျက်မှောက်ရေးရာထုတ်လွှင့်ရေးသားမှုများကို အမြဲတမ်းဖော်ပြတင်ဆက်ရန်၊ သတင်းနှင့် မျက်မှောက်ရေးရာ အစီအစဉ်များကို ရွေးချယ်တင်ဆက်ရာတွင် နိုင်ငံရေးအရ ထည့်သွင်းစဉ်းစားမှုများထက် သတင်းတန်ဖိုးအပေါ်အခြေခံ၍ ရွေးချယ်ရန်၊ အာဏာရပါတီနှင့် အခြားဦးဆောင်ပါတီများအကြောင်း သတင်းဖော်ပြရာတွင် ဘက်လိုက်မှုမရှိကြောင်းသေချာရန်၊ ပါတီများ၊ ကိုယ်စားလှယ်လောင်းများမှပေးပို့သော ကြေညာချက်များ၊ ကြော်ငြာများ၊ တိုက်ရိုက်တွေ့ဆုံမှုအစီအစဉ်များ၊ တိုက်ရိုက်ထုတ်ပြန်ချက်များ (ဥပမာ-အင်တာဗျူး) ကို အရင်အတိုင်းဖော်ပြရန်။

အထက်ပါအချက်များမှလွဲ၍ ပါတီများ၊ ကိုယ်စားလှယ်လောင်းများ၏ ထုတ်ပြန်ချက်များက အန္တရာယ်ဖြစ်စေနိုင်ကြောင်း သိသာထင်ရှားပါက ( ဥပမာ- ဆူပူအကြမ်းဖက်မှုဖြစ်အောင် လှုံ့ဆော်သည့် သဘောဆောင်ပါက) ၎င်းထုတ်ပြန်ချက်များကို ဖော်ပြဖို့ငြင်းဆိုရန်၊ ရွေးကောက်ပွဲဆက်စပ်အကြောင်းအရာ ဖော်ပြချက်နှင့် ပတ်သက်၍ သတင်းမီဒီယာကျင့်ဝတ်ကို ချိုးဖောက်သော အချက်အလက်မှားယွင်းမှုနှင့် ဂုဏ်သိက္ခာကျဆင်းစေသည့် ဖော်ပြချက်များအား ဖြစ်နိုင်သမျှ မြန်ဆန်စွာ ပြန်လည်ပြင်ဆင်ချက် ဖော်ပြပေးရန်။ ပုံနှိပ်မီဒီယာဆိုပါက နောက်တစ်စောင် သို့မဟုတ် ရုပ်/သံလွှင့် မီဒီယာဆိုပါက အနီးစပ်ဆုံးအချိန်၌ ဖော်ပြရမည့်အပြင် အွန်လိုင်းမှတစ်ဆင့် အမြန်ဆုံးဖော်ပြရန် (ဆိုလိုသည်မှာ ဝက်ဘ်ဆိုက် သို့မဟုတ် ဖေ့စ်ဘုတ်ခ်တို့မှ)။

သတင်းမီဒီယာများသည် ရွေးကောက်ပွဲအောင်နိုင်သူကို ခန့်မှန်းသည့်ကိစ္စတွင် တိကျစွာ တာဝန်ယူလုပ်ဆောင်ရမည်။

လိုက်နာကျင့်သုံးရမည့် မီဒီယာကျင့်ဝတ်စံနှုန်းများနှင့်အညီ ဆောင်ရွက်သော ဘလော့ဂါများနှင့် အခြားအွန်လိုင်းမီဒီယာအသုံးပြုသူများရေးသားတင်ပြသည့် သတင်းအကြောင်းအရာများကိုသာ အသုံးပြုပါ။ သတင်းကိုဖတ်သူ၊ ကြည့်ရှုသူ၊ နားထောင်သူများက တင်ပြသော အကြောင်းအရာများကို ရှင်းလင်းစွာ ခွဲခြားဖော်ပြပါ။ အွန်လိုင်းသတင်းအကြောင်းအရာများ ကြည့်ရှုခြင်းကြောင့် အန္တရာယ်ကျရောက်လွယ်သည့် ပရိသတ်၊ အထူးသဖြင့် ကလေးများနှင့် အမျိုးသမီးများ၊ မသန်စွမ်းသူများကဲ့သို့သော ပရိသတ်အပေါ် ထိခိုက်နိုင်မှုကို သေချာစွာ ကာကွယ်ပေးနိုင်ရန် အထူးစီမံဆောင်ရွက်ချက်များ ပြုလုပ်ထားပါ။ ထိုကဲ့သို့သော သတင်းအကြောင်းအရာများ ဖြန့်ဖြူးနိုင်သည့်၊ ပြန်လည်ဖြန့်ဝေနိုင်သည့် အခြားနည်းလမ်းများကိုလည်း ထည့်သွင်းစဉ်းစားပါ။ နိုင်ငံရေးဆိုင်ရာ သဘောထားအမြင်များကို တင်ပြသည့်အခါ သတင်းသမားများသည် မိမိအလုပ်လုပ်နေသောမီဒီယာ၏ သဘောထားအမြင် လုံးဝမဟုတ်ကြောင်း သိသာစေရန် အထူးဂရုစိုက်ရမည်။

**ရှောင်ရန် ( Don'ts) အချက်များ**

မဲစာရင်းပြုစုခြင်း၊ မဲပေးခြင်းတို့နှင့်ပတ်သက်၍ မဲဆန္ဒရှင်များကို မှားယွင်းစွာ သတိပေးခြင်း၊ သတင်းအလွန်အကျွံဖော်ပြခြင်း သို့မဟုတ် ပါတီ၊ ကိုယ်စားလှယ်လောင်းတစ်ဦးဦးကို လိုသည်ထက်ပို၍ အကောင်းအဆိုးဖော်ပြခြင်း မပြုလုပ်ရ။ ရွေးကောက်ပွဲနှင့်ပတ်သက်သော သတင်းယူကြမည့် သတင်းမီဒီယာသမားများသည် နိုင်ငံရေးပါတီများကို ကိုယ်စားပြုသည့် အင်္ကျီ သို့မဟုတ် ဦးထုပ် သို့မဟုတ် အခြားပစ္စည်းများ မဝတ်ဆင်ရ။

ပါတီများ၊ ကိုယ်စားလှယ်လောင်းများက ပေးပို့သော ထုတ်ပြန်ချက်များကို အားပေးခြင်း ထောက်ခံခြင်း မပြုရ။ ပါတီများ၊ ကိုယ်စားလှယ်လောင်းများထံမှ အန္တရာယ်ဖြစ်စေနိုင်သော ထုတ်ပြန်ချက်များကို ဖော်ပြခြင်းမပြုရ။ သတင်းမီဒီယာကောင်စီသည် (တိုင်ကြားမှုများအပေါ်တွင်) ရွေးကောက်ပွဲဆက်စပ်အကြောင်းအရာ ဟုတ် မဟုတ်နှင့် သတင်းမီဒီယာကျင့်ဝတ် ဖောက်ဖျက်မှု ရှိ / မရှိ စဉ်းစားရာတွင် ကြန့်ကြာမှု မရှိရ။

> "မဲစာရင်းပြုစုခြင်း၊ မဲပေးခြင်းတို့နှင့်ပတ်သက်၍ မဲဆန္ဒရှင်များကို မှားယွင်းစွာ သတိပေးခြင်း၊ သတင်းအလွန်အကျွံဖော်ပြခြင်း သို့မဟုတ် ပါတီ၊ ကိုယ်စားလှယ်လောင်းတစ်ဦးဦးကို လိုသည်ထက်ပို၍ အကောင်းအဆိုးဖော်ပြခြင်း မပြုလုပ်ရ။ ရွေးကောက်ပွဲနှင့်ပတ်သက်သော သတင်းယူကြမည့် သတင်းမီဒီယာသမားများသည် နိုင်ငံရေးပါတီများကို ကိုယ်စားပြုသည့် အင်္ကျီ သို့မဟုတ် ဦးထုပ် သို့မဟုတ် အခြားပစ္စည်းများ မဝတ်ဆင်ရ"

သတင်းကို ဆက်လက်ဖြန့်ဝေခြင်းသည် ဥပဒေနှင့် မညီခြင်း သို့တည်းမဟုတ် သတင်းသမားကျင့်ဝတ်စံနှုန်းကို ချိုးဖောက်ရာရောက်ခြင်းဖြစ်စေမည့် အချို့သော အခြေအနေမျိုးတွင် သတင်းကို အွန်လိုင်းမှ ဖြုတ်ပယ်ခြင်းသည် တရားဝင်ပါသည်။ ယင်းသို့သော အခြေအနေမျိုးတွင် မည်သို့ဆောင်ရွက်ရမည့် မူဝါဒရှင်းလင်းစွာ ချမှတ်ထားရမည်ဖြစ်သည်။ အဆိုပါမူဝါဒတွင် အွန်လိုင်းပေါ်မှသတင်းကို မည်သည့်အချိန်တွင် မည်သည့်အကြောင်းကြောင့် ဖြုတ်ပယ်လိုက်ကြောင်း၊ ဥပမာ မှန်ကန်တိကျမှုမရှိခြင်းကြောင့် ဖြုတ်ပယ်လိုက်ခြင်း၊ ယင်းသတင်းအစား အခြားသတင်းကို ထပ်မံဖြည့်စွက်တင်ပြခြင်း စသည့်အချက်အလက်များကို ပရိသတ်အား အသိပေးရန် လိုအပ်သည်။ ယင်းအခြေအနေမျိုးမှလွဲ၍ သတင်းသမားသည် အွန်လိုင်းပေါ်မှ သတင်းဖြုတ်ပယ်ခြင်းတွင် ပါဝင်ခြင်း မရှိရ။

လူမှုမီဒီယာမှတစ်ဆင့် အွန်လိုင်းပေါ်တွင် သီးသန့်ပုဂ္ဂိုလ်ရေးအဖြစ် ဖြန့်ဝေသော အကြောင်းအရာကို ထိပါးခြင်းမပြုရပါ။ အနည်းငယ်မျှသော မိတ်ဆွေအုပ်စုတစ်ခုအတွင်း မျှဝေထားလျှင်ပင် ထိပါးခြင်း မပြုရပါ။

**ရွေးကောက်ပွဲနှင့် သတင်းမီဒီယာများကဏ္ဍ**

ရွေးကောက်ပွဲများတွင် သတင်းမီဒီယာများပါဝင်မှု အခန်းကဏ္ဍ အရေးကြီးသည်။ ပြည်သူအားလုံးအတွက် ရွေးကောက်ပွဲဖြစ်သည်။ သတင်းမီဒီယာသမားများသည်လည်း ပြည်သူများ ဖြစ်သည်။ သတင်းမီဒီယာသမားများသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်များထဲမှ မဲဆန္ဒရှင်များလည်း ဖြစ်ကြသည်။ ရွေးကောက်ပွဲတွင် သတင်းမီဒီယာသမားများကလည်း ဆန္ဒမဲပေးကြမည်။ ဆန္ဒမဲပေး၍ မိမိတို့ကြိုက်နှစ်သက်သူများကို မိမိတို့၏ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ကြမည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး လွတ်လပ်စွာနှင့် လျှို့ဝှက်ဆန္ဒမဲပေးနိုင်ကြရမည်။ လွတ်လပ်မျှတသော၊ ပွင့်လင်းမြင်သာသော၊ အများယုံကြည်လက်ခံနိုင်သော ရွေးကောက်ပွဲဖြစ်ဖို့ လိုအပ်သည်။

ထို့ကြောင့် သတင်းမီဒီယာသမားများသည် အခြားသောကဏ္ဍများတွင် သတင်းရယူခြင်း၊ သတင်းထုတ်ပြန်ခြင်းတို့ထက် ရွေးကောက်ပွဲတွင် သတင်းရယူခြင်း၊ သတင်းထုတ်ပြန်ခြင်းသည် ပို၍အရေးကြီးသည်ဟု ဆိုနိုင်သည်။ သို့ဖြစ်ရာ သတင်းမီဒီယာသမားများသည် မြန်မာနိုင်ငံ သတင်းမီဒီယာသမားများအတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလမ်းညွှန်စာအုပ်ပါ အချက်များကို လိုက်နာလျက် သတင်းများရယူခြင်း၊ သတင်းများထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ကြခြင်းအားဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး အင်အားတစ်ရပ်ဖြစ်စေလိုပါကြောင်း။

သတင်းမီဒီယာသမားများ၏စွမ်းအားဖြင့်-

- ❖ **သတင်းတု၊ သတင်းမှားများကို ချေဖျက်နိုင်ကြပါစေ၊**
- ❖ **နိုင်ငံတော်နှင့်ပြည်သူတို့အတွက် မှန်ကန်တိကျသောသတင်းများ ဖော်ဆောင်နိုင်ကြပါစေ၊**
- ❖ **လွတ်လပ်မျှတ၊ သန့်ရှင်းသော ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ပါစေ။**

❑ *ရှေ့ဖုံးမှ*

လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်၏ ရပ်ကွက်၊ ကျေးရွာအုပ်စုနေ ပြည်သူလူထုများက အုပ်ချုပ်ရေးမှူးကို တိုက်ရိုက်ရွေးချယ်နိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ဆယ်အိမ်မှူး၊ ရာအိမ်မှူး များကို မရွေးချယ်မီ ပြည်သူလူထုမှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို တိုက်ရိုက်ရွေးချယ်သည့် စနစ်ကို ပြောင်းလဲကျင့်သုံးမည်ဆိုပါက အဆိုပြုရွေးချယ်မှုစနစ်အရ အုပ်ချုပ်ရေးမှူးလောင်း အမည်စာရင်း တင်သွင်းသူများစွာ ရှိလာနိုင်သဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ရမည့် ကာလရှည်ကြာလာနိုင်ခြင်း၊ ကိုယ်စားလှယ်လောင်းများ များပြားလာခြင်းနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ များပြားလာခြင်း၊ မဲလက်မှတ်များ၊ မဲရုံများ၊ မဲရုံမှူးများ၊ မဲလက်မှတ် ထုတ်ပေးသူများနှင့် မဲလက်မှတ်စစ်ဆေးသူများကို သတ်မှတ်ရွေးချယ်ရမည် ဖြစ်ခြင်းတို့ကြောင့် လုပ်ငန်းစဉ်များပြားခြင်း၊ အုပ်ချုပ်ရေးမှူးရွေးချယ်ပွဲကို တာဝန်ယူဆောင်ရွက်ရမည့် လူအင်အားနှင့် ရွေးချယ်ရမည့် လုပ်ငန်းစဉ်ပမာဏမျှတမှုမရှိ၍ လုပ်ငန်းဆောင်ရွက်ရာတွင် အားနည်းချက်များ ဖြစ်ပေါ်လာနိုင်ပါကြောင်း။

ထို့ပြင် အဆိုပြုရွေးချယ်မှုစနစ်အရ ရွေးချယ်ရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို ပီပြင်စွာ အကောင်အထည်ဖော်ရာတွင် ရွေးကောက်ပွဲကျင်းပသကဲ့သို့ ဆောင်ရွက်ရမည်ဖြစ်သဖြင့် နိုင်ငံတော်အတွက် မလိုလားအပ်သည့် ကုန်ကျစရိတ်များ တိုးမြင့်လာနိုင်ခြင်း၊ အဆိုပြုရွေးချယ်မှုစနစ်အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်သည့် လုပ်ငန်းစဉ်ပြီးစီးမှသာ ဆယ်အိမ်မှူး၊ ရာအိမ်မှူး ရွေးချယ်မည်ဆိုပါက ပြည်သူလူထုစိတ်ဝင်စားမှု အားနည်း၍ ရွေးချယ်ရေးလုပ်ငန်းစဉ်များ ပြီးပြတ်မှုမရှိဘဲ အခက်အခဲများ ဖြစ်ပေါ်လာနိုင်ခြင်းနှင့် အဆိုပြု ရွေးချယ်မှုစနစ်အရ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ ရွေးချယ်ရာတွင် ရွေးချယ်ပြီးသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ ဝင်ရောက်စွက်ဖက်မှု၊ မလျော်ဩဇာသုံးမှုစသော အဂတိမကင်းသည့် လုပ်ဆောင်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း စသည်တို့ ကြုံတွေ့နိုင်သည့်အပြင် အခြားသော အခက်အခဲများလည်း ကြုံတွေ့နိုင်ပါသဖြင့် မူလဥပဒေအတိုင်းသာ ဆက်လက်ကျင့်သုံးဆောင်ရွက်သင့်ပါကြောင်းနှင့် ရပ်ကွက်၊ ကျေးရွာ၊ အုပ်စု အုပ်ချုပ်ရေးဥပဒေအား ပြင်ဆင်ပြဋ္ဌာန်းရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ ပျော်ဘွယ် မဲဆန္ဒနယ်မှ ဦးသောင်းအေး၏ ပျော်ဘွယ်မြို့နယ် အမှတ်(၈) အထည်စက်ရုံရှိ ဝန်ထမ်းများအတွက် ဆရာဝန် တစ်ဦးခန့်ထားပေးရန်နှင့် လစဉ်လိုအပ်သော ဆေးဝါးများ ထောက်ပံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်းကလည်းကောင်း၊ မင်းတုန်း မဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၏ ပြည်ပရောက် အလုပ်သမားများမှ ပြည်ပတွင် မွေးဖွားခဲ့သော ကလေးသူငယ်များကို အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ (၆၆/၆) ထဲသို့ ဖြည့်သွင်းနိုင်ရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်က လည်းကောင်း၊ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ၏ နန်းယွန်းမြို့နယ်အတွင်းရှိ လက်ရှိ ပြည်ထဲရေးအမည်ပေါက် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများအပါအဝင် ကျေးရွာ ၁၆ ရွာရှိ ဒေသခံပြည်သူများ၏ သဘောဆန္ဒနှင့်အညီ ဒေသအသုံးအနှုန်းအတိုင်း ကျေးရွာအမည်မှန် ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၏ စစ်တွေမြို့ အထွေထွေရောဂါကု ဆေးရုံကြီး (ခုတင်-၅၀၀) တွင် လိုအပ်နေသော မျက်စိအထူးကု၊ နှလုံးအထူးကု၊ ကင်ဆာအထူးကုဆရာဝန်များနှင့် ကုသရေးဆိုင်ရာ ကိရိယာများကို အမြန်ဆုံးဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း၊ ခန္တီးမဲဆန္ဒနယ်မှ ဦးအောင်သန်းစိန်၏ ခန္တီးမြို့နယ် တိုက်တီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများကို ဆက်လက်ဆောက်လုပ်ခြင်းမရှိသည့် ကုမ္ပဏီနှင့် လုပ်ငန်းတည်ဆောက်မှု ၅၀ ရာခိုင်နှုန်းပြီးစီးခြင်းမရှိဘဲ ထောက်ခံပေးသည့် မြို့နယ်အဖွဲ့အစည်းအသီးသီးကို မည်သို့အရေးယူ ဆောင်ရွက်မည်နှင့် ယင်းအဆောက်အအုံများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း၊ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၏ ပြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ မှော်ဇာကျေးလက်ကျန်းမာရေးဌာနအား မှော်ဇာနှင့် အင်ကြင်းမြောင် ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး၏ လူ၊ တိရစ္ဆာန်တို့၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ ပူးပေါင်း ဆက်နွှယ်နေသည့် တစ်ခုတည်းသော ကျန်းမာရေး “One Health” ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်အဆင့် မဟာဗျူဟာ (National Strategic Plan) ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် ခေါင်လန်ဖူး မဲဆန္ဒနယ်မှ ဦးအာမိုးဆီ၏ ခေါင်လန်ဖူးမြို့နယ်အတွင်း အရေးကြီးပြီး မရှိမဖြစ်လိုအပ်သည့် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ပေးရန် မေးခွန်းနှင့်ပတ်သက်၍ ဝန်ကြီးဌာနမှ ကျေးရွာအမည်များ လွဲမှားစွာ ဖြေကြားလာမှုကို သိလိုခြင်းနှင့် ထလားလော်ကျေးရွာ၊ ဇီးထန်ကျေးရွာ၊ ရှီးထန်ကျေးရွာ၊ ရှီးလန်ဒမ်းကျေး ရွာနှင့် အဘွန်ထန်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း တင်သွင်းသည့် ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါဖြစ်သည့် COVID-19 ရောဂါကြောင့် မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်နှင့် စီးပွားရေးဂယက်ရိုက်ခတ်မှုသည် ကြီးမားပြင်းထန်ခြင်းကြောင့် မြန်မာနိုင်ငံအတွင်း Micro Finance လုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများမှ ငွေကြေးချေးယူထားသော ပြည်သူများက ပုံမှန်ပြန်လည်ပေးသွင်းနေရသော ချေးငွေများအား ကိုဗစ်ကို ရင်ဆိုင်တွန်းလှန်နေသည့်ကာလ (Response Period) အတွင်း အတိုးနှုန်း ကင်းလွတ်ပေးခြင်း သို့မဟုတ် ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ Micro Finance လုပ်ငန်း လုပ်ကိုင်နေသော ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေး ပေါင်းစပ်ညှိနှိုင်းပေးနိုင်ရန် အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။



ဒုတိယဝန်ကြီး
ဦးမြင့်ကြိုင်



ပန်းတောင်းမဲဆန္ဒနယ်မှ
ဒေါ်ခင်နှင်းသစ်



ဒုတိယဝန်ကြီး
ဦးတင်မြင့်



ဝိုင်းမော်မဲဆန္ဒနယ်မှ
ဦးလဂန်ဇယ်ဂျုံး

ကျောင်းကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်းက အသေးစားငွေရေးကြေးရေး လုပ်ငန်းသည် ကမ္ဘာနှင့်တစ်ဝန်း သိသာထင်ရှားလာသည့် ကိစ္စဖြစ်ပါကြောင်း၊ အထူးသဖြင့် ပုံမှန်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများပေးနေသည့် အဖွဲ့အစည်းများနှင့် အခြေခံလူ တန်းစားများ၊ တောင်သူလယ်သမားများအပြင် ဝင်ငွေနည်းသည့် ပြည်သူများအတွက် ယင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းသည် လွန်စွာ အရေးပါသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ COVID-19 ကပ်ရောဂါကြောင့် မြန်မာ့စီးပွားရေးလုပ်ငန်းများ ထိခိုက်နစ်နာမှုများသည် တစ်နိုင်ငံလုံးအတွက် လုံလောက်သော ကုစားရေးအစီအစဉ်များ လုပ်ဆောင်ရန် အခက်အခဲများရှိနေသည့်အတွက် Micro Finance လုပ်ငန်း လုပ်ကိုင်နေသော ကုမ္ပဏီများမှ ငွေကြေးချေးယူထားသော ပြည်သူများလည်း အပါအဝင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ထိခိုက်မှုနည်းနိုင်သမျှ နည်းပါးစေရေးအတွက် နိုင်ငံတော်အစိုးရက ဖော်ဆောင်ပေးနေသည့် လုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ချေးငွေပြန်လည်ပေးသွင်းခြင်းကို ကာလတစ်ခုအထိ ရပ်နားထားသင့်ကြောင်းနှင့် အတိုးနှုန်းထားကိုလည်း ပြန်လည်ထူထောင်ရေးကာလတစ်ခုအတွင်း ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် ၅၀ ရာခိုင်နှုန်းအထိ လျှော့ချကောက်ခံပေးသင့်ပါသောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးထွန်းမြအောင်(ခ) ဦးစောထွန်းမြအောင်၊ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ရဲထွန်းနိုင်နှင့် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးသိန်းထွန်းတို့က ဆွေးနွေးကြသည်။

## ကမ္ဘာ့နိုင်ငံအသီးသီးတွင် အသင်းဝင်များ၏ ချေးငွေပြန်လည်ပေးဆပ်မှုကို ရွှေ့ဆိုင်းနိုင်ရန် သက်ဆိုင်ရာ နိုင်ငံများက လည်ပတ်မတည်ငွေရင်း ကူညီဖြည့်တင်း

ယင်းအဆိုနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက COVID – 19 ကာလအတွင်း ကမ္ဘာ့နိုင်ငံများရှိ အသေးစားငွေရေးကြေး ရေးအဖွဲ့အစည်းများ၏ တုံ့ပြန်ဆောင်ရွက်မှုအခြေအနေ လေ့လာခဲ့ရာတွင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အသင်းဝင်များ၏ ချေးငွေပြန်လည်ပေးဆပ်မှုကို ရွှေ့ဆိုင်းနိုင်ရန် သက်ဆိုင်ရာ နိုင်ငံများက လည်ပတ်မတည်ငွေရင်း ကူညီဖြည့်တင်းပေးခြင်း၊ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများက ဘဏ်များမှ ချေးယူထားသည့် ချေးငွေများကို ပေးဆပ်ရန် ကာလရွှေ့ဆိုင်းပေးခြင်း၊ ချေးငွေဆုံးရှုံးမှုလျာထားချက် (Loan Loss Provision) သတ်မှတ်ချက်များအား ဖြေလျှော့ ပေးခြင်း၊ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအား ချေးငွေပိုမိုရယူနိုင်ရန် အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း စသည့်နည်းလမ်းများကိုသာ ကျင့်သုံးကြပြီး စည်းမျဉ်းချမှတ်သူ၊ ကြီးကြပ်ကွပ်ကဲသူအနေဖြင့် အတိုးနှုန်းပယ်ဖျက်ပေးရန် သို့မဟုတ် အတိုးနှုန်းလျှော့ချပေးရန် ဆောင်ရွက်ခြင်းမျိုး မတွေ့ရပါကြောင်း။

ယင်းသို့ဆောင်ရွက်ခြင်းသည် အသေးစားငွေရေးကြေးရေး လုပ်ငန်းကဏ္ဍတစ်ခုလုံးအပေါ် ထိခိုက်မှုရှိနိုင်ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပရှိ ရင်းနှီးမြှုပ်နှံသူများ၊ ပြည်တွင်း၊ ပြည်ပရှိ ချေးငွေထုတ်ချေးသည့် အဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ စည်းမျဉ်းဥပဒေ ခိုင်မာစွာ ကျင့်သုံးနိုင်မှုအပေါ် သံသယဖြစ်ပေါ်စေပြီး အဖွဲ့အစည်းနှင့် အသင်းဝင်အကြား အပြန်အလှန် ယုံကြည်မှုကိုလည်း ထိခိုက်စေမည်ဖြစ်ပါကြောင်း။

ထို့ပြင် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် လွတ်လပ်သော ပုဂ္ဂလိက ငွေရေးကြေးရေးအဖွဲ့အစည်းများဖြစ်ပြီး ဝင်ငွေနည်းပြည်သူများနှင့် အသေးစားနှင့် အငယ်စားစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့်ရင်းနှီးငွေကို ၎င်းတို့၏ ကိုယ်ပိုင်မတည်ရင်းနှီးငွေများဖြင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများ ဖြစ်ပါကြောင်း၊ ယင်းတို့၏ လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းအရ ၎င်းတို့နှင့် ငွေချေးယူသူတို့အကြား သဘောတူညီထားသော ချေးငွေစနစ်၊ ချေးငွေသက်တမ်းကာလ၊ အတိုးနှုန်းသတ်မှတ်ချက်စသည်များကို အစိုးရအနေဖြင့် တိုက်ရိုက်ဝင်ရောက်စွက်ဖက်ရန် မသင့်ပါကြောင်း၊ ချေးငွေလျော်ပစ်ခြင်း၊ အတိုးလျှော့ပေါ့ခြင်း စသည့်အချက်များနှင့် ပတ်သက်၍ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ဆုံးဖြတ်လုပ်ပိုင်ခွင့်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများ ကူညီမှုအသင်းမှတစ်ဆင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း (MFI) များအနေဖြင့် အသင်းဝင်များနှင့် ညှိနှိုင်းဆောင်ရွက်ကြရန် ညွှန်ကြားချက် ထုတ်ပြန်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း။

## အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာ ကြပ်မတ်ကွပ်ကဲသွားမည်ဖြစ်

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနအနေဖြင့် COVID-19 ဖြစ်ပွားစဉ်ကာလအတွင်း အသင်းဝင်များက ချေးယူထားသည့် ချေးငွေအပေါ် အတိုးနှုန်းပယ်ဖျက်ခြင်း/ လျှော့ချခြင်းလုပ်ငန်းများကို တိုက်ရိုက်ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်ဘဲ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများက ၎င်းတို့၏ လုပ်ငန်းဆိုင်ရာမူဝါဒနှင့်အညီ အသင်းဝင်များ၏ အခက်အခဲအပေါ် မူတည်၍ ညှိနှိုင်းဆောင်ရွက်စေခဲ့ပါကြောင်း၊ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာ ကြပ်မတ်ကွပ်ကဲသွားမည်ဖြစ်ပြီး ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး ပေါင်းစပ်ညှိနှိုင်းပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသောကြောင့် အဆိုအား မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားမေးမြန်းရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဆိုရှင် သဘောကွဲလွဲသည့်အတွက် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရန် မတ်တတ်ရပ် ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရာ ထောက်ခံဆန္ဒပြုသူ ၁၂၅ ဦး၊ ကန့်ကွက်ဆန္ဒပြုသူ ၂၂၀ ဖြစ်၍ ကန့်ကွက်သည့် ကိုယ်စားလှယ်ဦးရေက များသည့်အတွက် အဆိုအား လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးကာလအတွင်းတွင် ကြယ်ပွင့်ပြမေးခွန်း ၁၀၇ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၃၃၈ ခု ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အရေးကြီးအဆို ၁ ခု အပါအဝင် အဆို ၁၃ ခု တင်သွင်းခဲ့ပြီး အတည်ပြုအဆို ၅ ခု၊ မှတ်တမ်းတင်အဆို ၃ ခု၊ လက်ခံဆွေးနွေးရန်မရှိ အဆို ၁ ခုနှင့် ဆက်လက်ဆွေးနွေးရန် ကျန်ရှိအဆို ၄ ခုတို့ဖြစ်ကြပါကြောင်း၊ ဆွေးနွေးဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း ၂၀ ခု ရှိပြီး ဥပဒေကြမ်း ၈ ခုကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း ၁၂ ခု ကျန်ရှိပါကြောင်း။

ယခုအစည်းအဝေးကာလအတွင်း တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦး ကတိသစ္စာပြုခြင်း၊ လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့၏ သက်တမ်းတိုးမြှင့်ခြင်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦးတို့အား ကော်မတီများတွင် အဖွဲ့ဝင်များအဖြစ် အစားထိုးလဲလှယ်ဖွဲ့စည်းခြင်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃ ဦးအား ကော်မတီများတွင် လေ့လာသူများအဖြစ် အစားထိုးလဲလှယ်တာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ပဋိဇီဝဆေးများဝယ်ယူထောက်ပံ့ဖြန့်ဖြူးရေး စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ စုံစမ်းလေ့လာမှု အစီရင်ခံစာကိုလည်း အတည်ပြုနိုင်ခဲ့ပါကြောင်း၊ သုတေသနဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်ဦးချင်း စုံစမ်းမေးမြန်းမှု ၈ ခု ပြန်ကြားပေးခြင်းနှင့် သုတေသနစာတမ်းတို ၁၇ ခုကို ဖြန့်ဝေနိုင်ခဲ့ပါကြောင်း။

မိမိတို့နိုင်ငံသည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို မကြာမီကာလတွင် ကျင်းပတော့မည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲသည် ဒီမိုကရေစီ၏ အခြေခံရေသောက်မြစ်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီအုတ်မြစ်ခိုင်မာရန်နှင့် ပိုမိုအားကောင်းစေရန်အတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူများကလည်း စည်းကမ်းနှင့်အညီ မပျက်မကွက် ဆန္ဒမဲပေးကြရန် တိုက်တွန်းအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မိမိတို့မဲဆန္ဒနယ်မြေအသီးသီးတွင် ရွေးကောက်ပွဲဥပဒေနှင့်အညီ တရားသောနည်းဖြင့် ယှဉ်ပြိုင်အနိုင်ယူပြီး ပြည်သူ့အကျိုး၊ တိုင်းပြည်အကျိုးကို ဆက်လက်ထမ်းပိုး ဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

※ *ကျော်ဖုံးမှ*

ဘူတာကျေးရွာအုပ်စုရှိ ပဲပြစ်တော – ချောင်းဦးနွယ်ခွေလမ်းရှိ ပေ ၂၀ ကျယ်ဝန်းသော ရေကျော်နေရာတွင် ချောင်းကူးကွန်ကရစ် ရေကျော်ပြုလုပ်ပေးရန်အတွက် ၂၀၂၀ – ၂၀၂၁ ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့် ချောင်းဦးရေကျော်သည် လမ်းအဆင့်သတ်မှတ်ချက် Class (B) ဦးစားပေးအဆင့် (၂) လမ်းပေါ်တွင် တည်ရှိပါကြောင်း၊ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင် အဆင့်မီ မြို့ပြရေပေးဝေရေးစနစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော် က ဒေသအတွင်း ရေရရှိရေးအတွက် ရေအရင်းအမြစ်ရှိမည့် နေရာများကို ကွင်းဆင်းဆောင်ရွက်ရန် စီမံထားပြီးဖြစ်ပါကြောင်း၊ လက်ရှိ ကုမ္ပဏီ သုံးခုမှ ပေးသည့် ရေအရင်းအမြစ်များသည်လည်း ၁၀ မိုင်မှ မိုင် ၂၀ အကွာအဝေးတွင်ရှိသည့် ရေအရင်းအမြစ်နေရာများ ဖြစ်ပါကြောင်း၊ ရေ၊ မြေအခြေအနေသည်လည်း ကျောက်မာအလွှာရှိပြီး ရေအောင်းလွှာများမရှိသည့်အတွက် မြေအောက်ရေများ ရရှိနိုင်သည့် အနေအထားမဖြစ်နိုင်သည်ကို အကြမ်းဖျင်းခန့်မှန်းရရှိပါကြောင်း။

ထို့ကြောင့် ဒေသတွင်းရှိသည့် ရေထွက်များတွင်လျှိုပိတ်ဆည်၊ တမံများ ဆောင်ရွက်ပေးနိုင်မှုအခြေအနေ ရှိ/မရှိ လုပ်ငန်းကိုလည်း အောက်တိုဘာလတွင် ကွင်းဆင်းဆောင်ရွက်သွားရန် စီမံထားပြီးဖြစ်ပါကြောင်း၊ လျှိုပိတ်ဆည်များ ရရှိရန်အတွက် လိုအပ်လာမည့် ရန်ပုံငွေအပိုင်းကိုလည်း နှစ်ပိုင်း စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နှင့် ဆောင်ရွက်သွားမည့် အစီအစဉ်များအတွင်း ထည့်သွင်းဆောင်ရွက်သွားနိုင်ရန် ညှိနှိုင်းဆွေးနွေးပေးမည်ဖြစ်ပါကြောင်း၊ ယခုမှာ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် အပိုင်းဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းမှ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြလာပါက မိမိတို့အနေဖြင့် စိစစ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။


## မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေများကို အတည်ပြုထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည်

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟ၏ ၂၀၁၉ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်ရေးဆွဲခဲ့သည်မှာ တစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေ မထွက်ရှိသေးသည့်ကိစ္စနှင့်စပ်လျဉ်း၍ ရေးဆွဲဆောင်ရွက်နေမှုအခြေအနေနှင့် အချိန်မည်မျှကြာအောင် ဆက်လက်ရေးဆွဲမည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ က မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေများ (မူကြမ်း) ကို အတည်ပြုနိုင်ရေးအတွက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ ၂၀၂၀ ပြည့်နှစ် မတ် ၅ ရက်တွင် တင်ပြခဲ့ရာ အဆိုပါ ကော်မတီမှ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီးသို့ ၂၀၂၀ ပြည့်နှစ် မတ် ၁၂ ရက်တွင် ပေးပို့ထားပါကြောင်းနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ၏ အဆုံးအဖြတ် အတည်ပြုချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေများကို အတည်ပြုထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း ၏ ဧရာဝတီတိုင်းဒေသကြီးအတွင်း လပွတ္တာမြို့နယ်နှင့် ငပုတောမြို့နယ်အတွင်း တိုက်နယ် (၉) နယ် (ဆားတိုက်နယ်)ရှိ ဆားတောင်သူ ၅၄၆ ဦးအား မြန်မာနိုင်ငံအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SME) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေရရှိရေးဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ က ဆားတောင်သူများအနေဖြင့် COVID – 19 Fund မှ ချေးငွေများ ရယူလိုပါက အဆိုပြုလွှာပုံစံ ဖြည့်စွက်ပြီး စာရွက်စာတမ်းအထောက်အထားများနှင့်အတူ သတ်မှတ်ကာလအတွင်း လျှောက်ထားနိုင်မည်ဖြစ်ပါကြောင်းနှင့် MSME ချေးငွေများ ရယူလိုပါက ချေးငွေအမျိုးအစားအလိုက် သက်ဆိုင်ရာဘဏ်များတွင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အဆိုပြုလျှောက်ထားနိုင်ပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ရှားတောကွင်းကျေးရွာအုပ်စု တူးမြောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ပေ(၁၀၀x၃၀) RC တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က မင်းလှမြို့နယ် တူးမြောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)အတွင်း လက်ရှိ ကျောင်းသားဦးရေအရ ကျောင်းဆောင်သစ် Type – C ပေ (၈၀ x ၃၀) Steel Structure တစ်ထပ်ဆောင် ဆောင်ရွက်နိုင်ရန် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းစရိတ် (၀၄၀၂) ခေါင်းစဉ်မှ စိစစ်ထည့်သွင်းလျာထား ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါ်ထုမေ ၏ ရခိုင်ပြည်နယ်၊ စစ်တွေ ကွန်ပျူတာတက္ကသိုလ်တွင် တက်ရောက်နေကြသော ကျောင်းသားကျောင်းသူများ အဆင်ပြေစွာဖြင့် ပညာသင်ယူဆည်းပူးနိုင်ရန် လုံလောက်သော အဆောင် စီစဉ်ပေးနိုင်ရေးအတွက် လာမည့်နှစ်တွင် သင့်လျော်သော မြေနေရာအား သက်ဆိုင်ရာများမှ ပူးပေါင်းဆောင်ရွက်ပြီး အဆောင်တစ်ဆောင်


ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း


စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး


ဒုတိယဝန်ကြီး ဦးလှကျော်


ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ ဦးကျော်နီနိုင်

ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)၌ ကျောင်းသား ကျောင်းသူ အိပ်ဆောင်တည်ဆောက်ရာတွင် တက္ကသိုလ်ဝင်းနှင့် တစ်ဆက်တစ်စပ်တည်း မြေနေရာရရှိပါက အဆင်အပြေဆုံးဖြစ်ပါကြောင်း၊ မရနိုင်ပါကလည်း မနီးလွန်း၊ မဝေးလွန်းသည့်နေရာများတွင် သင့်လျော်သည့် မြေနေရာရရှိရန် လိုအပ်ပါကြောင်း၊ မြေနေရာရရှိသည်နှင့်တစ်ပြိုင်နက် အဆောင်ဆောက်လုပ်ရေးအတွက် ဘဏ္ဍာငွေထည့်သွင်းလျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းဖြေကြား

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ ကျောက်တော်မြို့နယ်အတွင်း အခြေခံပညာအဆင့်(၄)တန်း၊ (၈)တန်းနှင့် အခြား အတန်းများ စာမေးပွဲစစ်ဆေးမှုတွင် လုံခြုံရေးအခြေအနေအရ စာမေးပွဲဖြေဆိုခွင့် မရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအတွက် လူငယ်များ၏ အနာဂတ် ပညာရေးကို မျှော်ကိုးပြီး ပညာရေးဝန်ကြီးဌာနအနေဖြင့် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း မေးခွန်းနှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်း၏ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကမ္ဘဲ့ညောင်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား သတ်မှတ်ထားသော ခရီးမိုင်အကွာအဝေးနှင့် စည်းမျဉ်းစည်းကမ်းတချို့ကို ဖြေလျှော့ပြီး ၂၀၂၀ – ၂၀၂၁ စာသင်နှစ်တွင် အခြေခံပညာအလယ်တန်းကျောင်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းမေးခွန်းတို့နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းတို့က ဆွေးနွေးကြသည်။

ယင်းနောက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဦးပြုံးလွင် က လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း က အဆိုကို အတည်ပြုရန်လွှတ်တော်၏သဘောထားရယူရာသဘောမတူသူမရှိသည့်အတွက် ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးလှမြင့် (ခေါ်) ဦးလှမြင့်သန်း က ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုကြောင်း ကြေညာသည်။

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ ရှင်းလင်းပြောကြား

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ပုံမှန်အစည်းအဝေးတစ်ခုပြီးဆုံးတိုင်း ယင်းအစည်းအဝေးကာလ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့သလို ယခု (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များကိုလည်း ရှင်းလင်းပြောကြားသွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၃ ရက်မှ ဩဂုတ် ၂၇ ရက်အထိ အစည်းအဝေးကျင်းပရက် ၁၂ ရက်အတွင်း အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များအနေဖြင့် မေးခွန်းမေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထု၏ အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း ၈၂ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၂၇ ခုတို့ကိုမေးမြန်းခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့်မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များက လွှတ်တော်တွင် နှုတ်ဖြင့် ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍအနေဖြင့် အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားသည့် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့သော အစိုးရ၏ ဝယ်ယူခြင်းနှင့်ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်၏အဆုံးအဖြတ်ရယူပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

ဆေးပစ္စည်းကိရိယာဥပဒေကြမ်းကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားတင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကာ ၎င်းတို့၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးအတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါကြောင်း။

ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် အမျိုးသားလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့သော အသေးစားငွေရေးကြေးရေးဥပဒေကြမ်း နှင့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့် ဥပဒေကြမ်းဖြစ်သည့် တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်း တင်သွင်းသည့် ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ရာ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပါကြောင်း၊ ယင်းဥပဒေကို ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၂ ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါကြောင်း။

နည်းဥပဒေများနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ လူ့ဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေး က ပြင်ဆင်ချက်အဆို တင်သွင်းလာသည့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများအား လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကာ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

အစီရင်ခံစာတင်သွင်းခြင်းကဏ္ဍတွင် အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ “မြန်မာနိုင်ငံအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်း၏ ဓာတုဓာတ်ကြွင်းများကြောင့် ဖြစ်ပေါ်စေသော ဘေးထွက်ဆိုးကျိုးများ လျှော့ချခြင်းဆိုင်ရာ လေ့လာစိစစ်မှု” အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ “ကင်ဆာရောဂါ ဖြစ်ပွားမှု သေဆုံးမှုနှုန်းများ လျှော့ချခြင်းနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ လေ့လာဖော်ထုတ်ခြင်း စုံစမ်းလေ့လာမှု”အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ ၂၀၁၈ခုနှစ် မတ် ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃၀ ရက်အထိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ၏ ၂၀၁၈ ခုနှစ် မတ် ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၃ ရက်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏

*စာမျက်နှာ ၁၂ သို့*

၂၇-၈-၂၀၂၀၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှတ်တမ်း

# လူ၊ တိရစ္ဆာန်တို့၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ ပူးပေါင်းဆက်နွှယ်နေသည့် တစ်ခုတည်းသောကျန်းမာရေး (One Health) ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်အဆင့်မဟာဗျူဟာ (National Strategic Plan) ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ** ။ ။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ လူတို့၏ကျန်းမာရေး၊ တိရစ္ဆာန်တို့၏ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ ပူးပေါင်းဆက်နွှယ်နေသည့် တစ်ခုတည်းသော ကျန်းမာရေး (One Health) ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံတော်အဆင့်မဟာဗျူဟာ (National Strategic Plan) ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေးဟာ အရေးကြီးတဲ့ လာဘ်တစ်ပါးဖြစ်ပါတယ်။ Food Safety အာဟာရပြည့်ဘေးကင်း လုံခြုံတဲ့ အသား၊ နို့၊ ဥတွေကို စားနိုင်ဖို့နဲ့ Food Security အစားအစာ အလုံအလောက်ကိုလည်း လိုပါတယ်။ လူသားတို့ ကျန်းမာရေးအတွက် ဆရာဝန်၊ သူနာပြုဆရာမတွေသာမကပဲနဲ့ ဆက်စပ်သူအားလုံးမှာ တာဝန်ရှိပါတယ်။ အခုဆိုရင် COVID-19 ဆိုတဲ့ရောဂါက ကမ္ဘာကြီးကို ဖျားနာအောင်၊ လူသားတွေ သေကျေပျက်စီးအောင်၊ စီးပွားရေးပါ လျော့နည်းကျဆင်းအောင် ဒုက္ခပေးနေတာ လူတိုင်းအသိပါ။ Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ဒီလိုရောဂါဆိုးတွေဟာ တိရစ္ဆာန်တွေကစပြီး ဖြစ်ပွားလာကြပါတယ်။ တိရစ္ဆာန်က လူကိုကူး၊ လူက တိရစ္ဆာန်ကိုကူးလို့ Zoonoses ရောဂါများလို့ ခေါ်ပါတယ်။ လူမှာဖြစ်တဲ့ရောဂါရဲ့ ၇၅ ရာခိုင်နှုန်းဟာ တိရစ္ဆာန်တွေက ကူးပါတယ်။ နွား၊ ကျွဲတွေကဆိုရင် ထောင့်သန်းရောဂါ၊ သားလျှောရောဂါ၊ တီဘီရောဂါတွေ ကူးစက်နိုင်ပါတယ်။ မြင်းတွေက ဖောင်းကောရောဂါ၊ Glanders and Farcy ရောဂါ၊ သိုး၊ ဆိတ်တွေက Q Fever ၊ Leptospirosis ရောဂါ၊ ဝက်တွေက ဝက်တုပ်ကွေးရောဂါ၊ ကြက်၊ ငှက်တွေက ကြက်ငှက်တုပ်ကွေးရောဂါ၊ ခွေး၊ ကြောင်က ခွေးရူးရောဂါ၊ ကြောင်ကတိုးက SARS ရောဂါ၊ ကုလားအုတ်က MERS ရောဂါ၊ ကြက်တူရွေးက Psittacosis ရောဂါ၊ လင်းနို့၊ သင်းခွေချပ်က COVID-19 ရောဂါတွေ လူကိုကူးစက်နိုင်တယ်လို့ ဆိုပါတယ်။ မွေးမြူရေးတိရစ္ဆာန်တွေ၊ အလှမွေးတိရစ္ဆာန်နဲ့ တောရိုင်းတိရစ္ဆာန်တွေရဲ့ သိသာလွယ်ကူတဲ့ ရောဂါတွေကို ဖော်ပြထားတာ ဖြစ်ပါတယ်။ အများကြီးရှိပါသေးတယ်။ အခုအထိ လူမှာဖြစ်တဲ့ ရောဂါပိုး ၁၄၁၅ မျိုးမှာ ၆၁ ဒသမ ၆ ရာခိုင်နှုန်းက တိရစ္ဆာန်တွေက အခြေခံတာဖြစ်ပါတယ်။

## ကူးစက်မြန်ပိုးအဖြစ် ပြောင်းလာနေ

ဘာလို့ဒီလိုကူးစက်ရသလဲဆိုရင် လူဦးရေများပြားလာပြီး တိရစ္ဆာန်တွေရဲ့ နယ်ထဲကိုချဲ့ထွင်လို့ တိရစ္ဆာန်တွေနဲ့အနေနီးတာရယ်၊ လမ်းပန်းဆက်သွယ်ရေးကောင်းတော့ ကမ္ဘာအနှံ့ အသားတွေသယ်ပို့တာရယ်၊ တောရိုင်းတိရစ္ဆာန် ဈေးကွက်တွေ ရှိနေတာတွေကြောင့် ဖြစ်ပါတယ်။ ဒါ့အပြင် အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်ဈေးတွေမှာ တိရစ္ဆာန်အရှင်ကောင်တွေကို ဈေးရောင်း ဈေးဝယ်သူတွေကြားထဲ သယ်ယူရောင်းချခြင်းဟာလည်း ရောဂါပိုးကို ပျံ့နှံ့စေပါတယ်။ ဆန်းသစ်လာတဲ့ရောဂါတွေကိုကြည့်ရင် ဖြစ်လေ့ဖြစ်ထရှိတဲ့ ပထဝီနယ်မြေဒေသကနေပြီး နေရာအသစ်တွေမှာ ရောက်ရှိဖြစ်ပွားတဲ့အခါမှာလည်း တွေ့ရပါတယ်။ ဖြစ်နေကျ လူ၊ တိရစ္ဆာန်တွေမှာမဟုတ်ဘဲ တခြားအကောင်မျိုးတွေကို ကူးစက်ပြီးရောဂါဖြစ်ရင် Mutation လို့ ခေါ်တဲ့ ထွန်းခြင်းတွေကြောင့်လည်း ဖြစ်ပါတယ်။ အဲဒီအခါမှာ ရောဂါပိုးတွေ ပိုမိုပြင်းထန်လာသလို ပိုးမျိုးစိတ်၊ မျိုးကွဲတွေလည်း မယုံကြည်နိုင်လောက်အောင် ပွားများသွားနိုင်ပါတယ်။ အန္တရာယ်ဟာ လွယ်ကူစွာပျံ့နှံ့သွားလာနိုင်တာမို့ အထူးသတိထားဖို့လိုပါတယ်။ အခု COVID-19 ပိုးဟာလည်း Mutation ဖြစ်ပြီး D 614 ကနေ G 614 အဖြစ် (၁၀)ဆလောက် ကူးစက်မြန်ပိုးအဖြစ် ပြောင်းလာနေပါတယ်။ ဒါ့အပြင် မသမာသူ အကြမ်းဖက်သမားတွေရဲ့ Bioweapon ဆိုတဲ့ အဏုဇီဝဖျက်ပိုးလက်နက် တီထွင်လိုမှုကြောင့် ဓာတ်ခွဲခန်းတွေမှာ ဖန်တီးထုတ်လုပ်နိုင်တာကိုလည်း မေ့လျော့မထားသင့်ပါဘူး။ ရောဂါပိုးရဲ့ ပြင်းအားနဲ့ ပိုးအသစ်အဆန်းတွေကို တိတိကျကျ ရှာဖွေဖော်ထုတ်နိုင်တာကတော့ ဓာတ်ခွဲခန်းတွေဖြစ်ပါတယ်။ ဒါက COVID-19 မှာ နာမည်ကြီးလာတဲ့ ဒဂုံမြို့နယ်က မော်ကွန်းတိုက်လမ်း အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(NHL)ဓာတ်ခွဲဌာနပါ။ ဒါကတော့ ဒဂုံမြို့နယ် ဇီဝကလမ်းက DMR လို့ခေါ်တဲ့ ဆေးသုတေသနဦးစီးဌာနပါ။ ဒါကတော့ တိရစ္ဆာန်ဆေးကု ဓာတ်ခွဲခန်းပါ။ ဒီလိုဓာတ်ခွဲခန်းတွေလည်း နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မမျှော်မှန်းနိုင်လောက်အောင် ကြောက်စရာကောင်းတဲ့ ရောဂါပိုးအသစ်အဆန်းနှင့် တစ်ကျော့ပြန်ဆန်းသစ်လာတဲ့ ရောဂါပိုးတွေရဲ့အန္တရာယ်ကို တားဆီးကာကွယ်ဖို့ဆိုတာ ရောဂါရှာဖွေရေးဆရာဝန်ကြီးတွေ၊ တိရစ္ဆာန်ဆေးပညာရှင်တွေ၊ ဓာတ်ခွဲပညာရှင်တွေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်တွေ၊ သုတေသနပညာရှင်တွေ စတဲ့သက်ဆိုင်ရာ နယ်ပယ်အသီးသီးက ပုဂ္ဂိုလ်တွေစုပေါင်းပြီးတော့ One Health National Strategic Plan နိုင်ငံတော်အဆင့် စီမံကိန်းချမှတ်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်မှ အောင်မြင်နိုင်မှာဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



ဒေါက်တာသန်းအောင်စိုး (မင်းလှမဲဆန္ဒနယ်)



ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြလေးစိန်

**ဥက္ကဋ္ဌ** ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းအား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန်နှင့် အချိန်အနည်းငယ် ပိုပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ကျန်းမာရေးနှင့် ဆိုင်သော အင်္ဂလိပ်ဘာသာစကားကိုလည်း ထည့်သွင်းအသုံးပြုခွင့်ပြုရန် မေတ္တာရပ်ခံအပ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှပြဋ္ဌာန်းခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်(၂၀၀၅)[International Health Regulation-IHR (2005)]တွင် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေနှင့် ကြုံတွေ့လာပါက အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နိုင်ငံအချင်းချင်း ချိတ်ဆက်တုံ့ပြန်ဆောင်ရွက်နိုင်ရေး မူဘောင်အသစ် ထည့်သွင်းရေးဆွဲခဲ့ပါတယ်။ အဆိုပါမူဘောင်အရ တိရစ္ဆာန်မှတစ်ဆင့် လူသို့ကူးစက်သည့် ရောဂါများ (Zoonotic Diseases)အပါအဝင် ဖြစ်လေ့ဖြစ်ထနည်းပါးသည့်ရောဂါများ ဖြစ်ပွားလာပါက ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် လူတို့၏ကျန်းမာရေးနှင့် တိရစ္ဆာန်တို့၏ ကျန်းမာရေးနယ်ပယ်နှစ်ခုကို ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ဆက်သွယ်မှုလမ်းကြောင်းတစ်ရပ် ချမှတ်ဆောင်ရွက်ရန် တိုက်တွန်းခဲ့ပါတယ်။ မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ ကြက်ငှက်တုပ်ကွေးရောဂါ (Influenza A-H5N1)ကပ်ရောဂါအသွင်ဖြစ်ခဲ့စဉ် ကာလကပင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့သည် H5N1 ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် မတ်လတွင် နေပြည်တော်၌ FAO ၊ OIE၊ WHO ၊ USAID စသော ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရှိ လူ၏ ကျန်းမာရေး၊ တိရစ္ဆာန်တို့၏ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသောကဏ္ဍများမှ ကိုယ်စားလှယ်များပါဝင်သည့် တစ်ခုတည်းသော ကျန်းမာရေးနည်းဗျူဟာ အလုပ်ရုံဆွေးနွေးပွဲ (One Health Strategy Workshop) ကို ကျင်းပခဲ့ပြီး အဆိုပါဆွေးနွေးပွဲမှ ရရှိသည့် ဆွေးနွေးချက်များအပေါ်အခြေခံကာ တစ်ခုတည်းသော ကျန်းမာရေးနှင့် ပတ်သက်၍ ဦးစားပေးခေါင်းစဉ်နှင့် မဟာဗျူဟာရေးဆွဲရေးအတွက် လမ်းပြမြေပုံတို့ကို ချမှတ်နိုင်ခဲ့ပါတယ်။ ၎င်းအချက်အလက်များအပေါ် အခြေခံကာ ကဏ္ဍအသီးသီး အဆင့်ဆင့်ဆွေးနွေးပြီး သတင်းအချက်အလက်များ စုစည်းရယူ၍ ဆက်လက်ရေးဆွဲဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် စက်တင်ဘာလ နောက်ဆုံးပတ်တွင် တစ်ခုတည်းသော ကျန်းမာရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာ(National One Health Strategic Framework and Action Plan of Myanmar 2019-2023)တို့ကို အပြီးသတ် ရေးဆွဲနိုင်ခဲ့ပါတယ်။

## ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်

မဟာဗျူဟာပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အတွက်လည်း အဓိကသက်ဆိုင်သည့် ဝန်ကြီးဌာနများဖြစ်သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနတို့မှ သဘောတူညီမှုရရှိခဲ့ပြီး ဖြစ်ပါတယ်။ တစ်ခုတည်းသော ကျန်းမာရေး လုပ်ငန်း အကောင်အထည်ဖော်ရေး၏ ပန်းတိုင်မှာ တိရစ္ဆာန်မှတစ်ဆင့် လူသို့ကူးစက်တတ်သောရောဂါများကြောင့် ကြုံတွေ့ရသည့် ဝန်ထုပ်ဝန်ပိုးများ လျှော့ချနိုင်ရန်၊ အသစ်ဖြစ်ပေါ်လာသည့် တိရစ္ဆာန်မှတစ်ဆင့် လူသို့ကူးစက်တတ်သောရောဂါများ (Zoonotic Diseases)များနှင့် ပြန်လည်ဦးမော့လာသည့်ရောဂါများ (Re-emerging Diseases) ကပ်အသွင်ဖြစ်ပွားမှုကို ကာကွယ်ရန်နှင့် ဖြစ်ပွားလာပါက ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်ရန်၊ ပဋိဇီဝဆေး ဖြစ်ပွားမှုပြဿနာနှင့် အစားအစာမှတစ်ဆင့် ဖြစ်ပွားသောရောဂါများကို ကာကွယ်တားဆီးရန်တို့ ဖြစ်ပါတယ်။ အဆိုပါ National One Health Strategic Framework and Action Plan of Myanmar (2019-2023) တွင် ဆက်စပ်ဌာနများမှ ပေါင်းစပ်ဖြေရှင်းရမည့် နယ်ပယ်ခုနစ်ခုဖြစ်သော ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာ (Antimicrobial resistance - AMR)နှင့် တိရစ္ဆာန်မှတစ်ဆင့် လူသို့ကူးစက်တတ်သော ဦးစားပေးရောဂါခြောက်မျိုး၊ ခွေးရူးပြန်ရောဂါ(Rabies)၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ တီဘီရောဂါ၊ အစာအဆိပ်သင့်ရောဂါ၊ ထောင့်သန်းရောဂါ၊ ဂျပန်ဦးနှောက် အမြှေးရောင်ရောဂါတို့ကို အစဉ်အတိုင်း ဦးစားပေးအစီအစဉ်များ ဆောင်ရွက်ရန် ထည့်သွင်းရေးဆွဲထားရှိပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် National One Health Strategic Framework and Action Plan တွင်ပါဝင်ရမည့် ဦးစားပေးရောဂါခြောက်မျိုးအပြင် လူတို့တွင်ဖြစ်ပွားတတ်သော အခြားရောဂါများဖြစ်သည့် Ebola ၊ MERS ၊ Salmonella ၊ Leptospirosis ၊ Brucellosis ၊ Taxoplasmosis ၊ Pararsitic Infestation မသန့်ရှင်းသော အစာနှင့် ရေတို့မှတစ်ဆင့် ကူးစက်ဖြစ်ပွားတတ်သော ရောဂါများ (Food-Borne and Water-Borne Diseases) စသော ရောဂါများ၊ သဘာဝတောရိုင်းတိရစ္ဆာန်များ(ဥပမာ-ကြောင်ကတိုး) မှတစ်ဆင့် ဖြစ်ပွားသည့် SARS ရောဂါနှင့် ပတ်သက်၍ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်များကို ရေးဆွဲပြုစု ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## စားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရေးဆောင်ရွက်

မြန်မာနိုင်ငံတွင် လူ၊ တိရစ္ဆာန်၊ သား၊ ငါး၊ အပင်၊ သက်ရှိသက်မဲ့တို့၏ ကျန်းမာရေးပိုးမွှားအန္တရာယ် ကင်းစင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) က Food Safety ဆိုင်ရာ တာဝန်ယူဆောင်ရွက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ မိမိတို့ဌာနအလိုက် တာဝန်ရှိသည့် စိုက်ပျိုးရေးထွက်ကုန် အသား၊ နွားနို့၊ ဥ ထွက်ကုန်နှင့် ငါး၊ ပုစွန် ရေထွက်ကုန်နှင့် အရည်အသွေးကောင်းမွန်ရေး ဘေးအန္တရာယ်ကင်းရေးတို့ကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများနှင့် မွေးမြူရေးနှင့် ကုသရေးလုပ်ငန်းများ ပူးပေါင်းညှိနှိုင်းချိတ်ဆက်၍ ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံ ဆွေးနွေးပွဲ (IRS- PVS National Bridging Workshop) ကို ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့ပြီး Human Health and Animal Health ကဏ္ဍနှစ်ရပ်ကြား ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မည့် လမ်းပြမြေပုံ(Road Map) ရေးဆွဲရေးနှင့် လူနှင့် တိရစ္ဆာန်တို့ နီးနွှယ်ဖြစ်ပွားတတ်သော ကျန်းမာရေးပြဿနာများ ဆောင်ရွက်မည့် ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှုအရည်အသွေး မြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ကြပါတယ်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့တစ်ဝန်းတွင် လက်ရှိကူးစက်ဖြစ်ပွားသော COVID-19 ရောဂါနှင့် ပတ်သက်၍လည်း ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းလမ်းညွှန်၊ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်၊ ရောဂါရှာဖွေစစ်ဆေးရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်၊ ကုသရေးဆိုင်ရာလုပ်ငန်းလမ်းညွှန်များကို ပြုစုရေးဆွဲပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသို့ ဖြန့်ဝေထားရှိကာလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာ (Anti-Microbial Resistance) ထိန်းချုပ်ရေးနှင့် ပတ်သက်၍ အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးဆိုင်ရာ ညှိနှိုင်းရေးဌာန (National Coordinating Center)မှ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတွင် တည်ရှိနေပြီး NCC ၏ လက်အောက်တွင် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့(Technical Working Group) ငါးခုဖြစ်သော Awareness ၊ Surveillance ၊ Infection ၊

*စာမျက်နှာ ၁၂ သို့*





နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက် မှတ်တမ်းစာအုပ်များ မိတ်ဆက်ဖြန့်ချိပွဲ အခမ်းအနား၌ ခင်းကျင်းပြသထားသည့် စာအုပ်များကို တွေ့ရစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက် မှတ်တမ်းစာအုပ်များ မိတ်ဆက်ဖြန့်ချိပွဲ အခမ်းအနားကျင်းပ



နေပြည်တော် ဩဂုတ် ၂၇

**နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက် မှတ်တမ်းစာအုပ်များ မိတ်ဆက်ဖြန့်ချိပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာသမားများ တက်ရောက်ကြသည်။

**ပြည်သူကိုသတင်းအချက်အလက်ပေး**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့ ပြုလုပ်သည့် စာအုပ်မိတ်ဆက်ဖြန့်ချိပွဲသည် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ အဓိက ဆောင်ရွက်ချက်ဖြစ်ပါကြောင်း၊ မိတ်ဆက်ခြင်းသည် အစိုးရ၏ ဆောင်ရွက်ချက်များကို အများပြည်သူသိဖို့ စာအုပ်များကို မိတ်ဆက်ခြင်း ဖြစ်ပါကြောင်း၊ ပြန်ကြားရေး ဝန်ကြီးဌာနသည် အစိုးရနှင့် အများပြည်သူအကြား ဆက်သွယ်ပေါင်းကူးပေးသည့် ဌာနဖြစ်သည်ဟု ခံယူပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနသည် အများပြည်သူကို သတင်းအချက်အလက်ပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေပေးရန် တာဝန်များကို ထမ်းဆောင်ပါကြောင်း။

ယခု စာအုပ်စာတမ်းများသည် အများပြည်သူကို သတင်းအချက်အလက်ပေးရန် ဖြစ်ပါကြောင်း၊ နောက်တစ်ချက်မှာ နိုင်ငံတော်အစိုးရသည် အများပြည်သူက ရွေးကောက်တင်မြှောက်သည့် အစိုးရဖြစ်သည့်အားလျော်စွာ အများပြည်သူကို ပြန်လည်အစီရင်ခံဖို့ တာဝန်ရှိပါကြောင်း၊ ထိုတာဝန်ကို ထမ်းဆောင်သည့် နေရာတွင်လည်း မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနသည် ကြားမှ ပေါင်းကူး ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း။

ယနေ့တွင် မိတ်ဆက်မည့် စာအုပ် ၁၇ အုပ် ရှိပါကြောင်း၊ စာအုပ် ၁၇ အုပ်ထဲတွင် နိုင်ငံတော်အကြီးအကဲများ ပြောကြားခဲ့သည့် မိန့်ခွန်းများ ပါရှိပါကြောင်း၊ ခရီးစဉ်များ ပါရှိပါကြောင်း၊ ထို့ပြင် တစ်နှစ်တာ ဆောင်ရွက်ချက် မှတ်တမ်းစာအုပ်များလည်း ပါပါကြောင်း၊ သို့ဖြစ်၍ စာအုပ်တစ်ခုချင်းစီအကြောင်း အနည်းငယ် မိတ်ဆက်ပြောကြားလိုပါကြောင်း။

**မိန့်ခွန်း၊ အမှာစကားနှင့် သဝဏ်လွှာများပါရှိ**

ပထမဆုံးမှာ နိုင်ငံတော်အကြီးအကဲများ၏ မိန့်ခွန်းများဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မိန့်ခွန်းများနှင့် လမ်းညွှန်စကား၊ သဝဏ်လွှာများ စုပေါင်းထုတ်ဝေသည့် စာအုပ်အတွဲ နှစ်အုပ် ရှိပါကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း ပြောကြားခဲ့သည့် မိန့်ခွန်း ၊ အမှာစကားနှင့် သဝဏ်လွှာများဖြစ်ပြီး နောက်တစ်အုပ်မှာ ၂၀၁၉ ခုနှစ်အတွင်း ပြောကြားခဲ့သည့် မိန့်ခွန်း၊ လမ်းညွှန်စကားနှင့် သဝဏ်လွှာများ ဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော် ပြောကြားခဲ့သည့် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ် နှစ်နှစ်တာကာလအတွင်း ပြောကြားခဲ့သည့် မိန့်ခွန်းများ စုစည်းထုတ်ဝေထားခြင်း ဖြစ်ပါကြောင်း၊ ပြီးသည့်အခါ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ၂၀၁၆ ခုနှစ်တွင် ပြောကြားခဲ့သည့် မိန့်ခွန်း၊ အမှာစကားနှင့် သဝဏ်လွှာများ၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်တို့တွင် ပြောကြားခဲ့သည့် မိန့်ခွန်းများ၊ အမှာစကားများ၊ သဝဏ်လွှာများ ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အများပြည်သူသို့ ပြောကြားခဲ့သည့် စာအုပ်လည်း ပါရှိပါကြောင်း။

မိမိတို့အနေဖြင့် တတ်နိုင်သမျှ အပြည့်အစုံဖြစ်အောင် လုပ်ထားပါကြောင်း၊ မိန့်ခွန်းအပြည့်အစုံ ရတာရှိသလို တချို့က မှတ်တမ်းယူပြီး အသံဖိုင် လုံးကောက်ဖော်၍ လုပ်ရတာ ရှိပါကြောင်း၊ တစ်ခါတစ်ရံမှာ အများပြည်သူနှင့် တွေ့ဆုံသည့်အခါ မေးမြန်းဖြေကြားခြင်းများ ရှိပါကြောင်း၊ ယင်းတို့ကိုပါ တတ်နိုင်သမျှ ပြည့်စုံအောင် စုစည်းထားပါကြောင်း။

ယင်းမိန့်ခွန်းများကို ဖတ်ရှုခြင်းအားဖြင့် နိုင်ငံတော်အကြီးအကဲများ၏ အတွေးအမြင်၊ အယူအဆ၊ သူတို့၏ နိုင်ငံရေးနှင့် ပတ်သက်သည့် ခံယူချက်၊ ယုံကြည်ချက်၊ သူတို့ကိုင်စွဲထားသည့် လမ်းစဉ်များကို သိရှိနိုင်သလို အသေးစိတ်ကိစ္စ အသီးအသီးနှင့် ပတ်သက်ပြီး ပြောခဲ့ ဆိုခဲ့သည်များ၊ သဘောထားများကိုလည်း တွေ့ရှိနိုင်မည် ဖြစ်ပါကြောင်း။

ဌာနအသီးသီးတွင် လုပ်ကိုင်နေသည့် ပုဂ္ဂိုလ်များအတွက် လေ့လာမှတ်သားစရာဖြစ်သလို တက်ရောက်သည့် သတင်းမီဒီယာသမားများအတွက်လည်း ကိုးကားစရာ အထောက်အထားဖြစ်မည်ဟု မြင်ပါကြောင်း။

**(၂၁) ရာစုပင်လုံနှင့် ပတ်သက်သည့် သမိုင်း**

ထို့အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာနိုင်ငံ အနှံ့အပြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု စလုံးကို ခရီးသွားခဲ့ပါကြောင်း၊ ခရီးသွားသည့်အခါ အများပြည်သူနှင့် တွေ့ဆုံပြီး စကားပြောခဲ့ခြင်းများလည်း ရှိပါကြောင်း၊ ၎င်းတို့ကို "နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လျှောက်လှမ်းခဲ့သော ပြည်ထောင်စုခရီးလမ်း (၂၀၁၆-၂၀၂၀)" ဆိုပြီး ဒီနှစ်ထဲအထိ စုစည်းထားပါကြောင်း၊ မိန့်ခွန်းပေါင်းချုပ်မဟုတ်ဘဲ ခရီးစဉ်မှာ တွေ့ဆုံခဲ့သည့် မှတ်တမ်းဖြစ်ပါကြောင်း၊ ပြောဆိုခဲ့သည့် မိန့်ခွန်းအနည်းအကျဉ်းလည်း ပါရှိပါကြောင်း၊ ဒီကြားထဲမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပသွားခဲ့တာ ရှိပါကြောင်း၊ စတုတ္ထအကြိမ်နှင့် ပတ်သက်သည့် မှတ်တမ်းက ပြုစု၍ မပြီးသေးသော်လည်း ပထမအကြိမ် အစည်းအဝေးမှတ်တမ်း၊ ဒုတိယအကြိမ် အစည်းအဝေး မှတ်တမ်း၊ တတိယအကြိမ် အစည်းအဝေးမှတ်တမ်းစာအုပ်များ ဖြစ်ပါကြောင်း၊ အစည်းအဝေးသာမကဘဲ တက်ရောက်လာသည့် မှတ်တမ်းမှတ်ရာ ဓာတ်ပုံများလည်း ပါဝင်ပါကြောင်း၊ ယင်းသည် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ သင့်မြတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းအားထုတ်မှု သမိုင်း၊ (၂၁) ရာစုပင်လုံနှင့် ပတ်သက်သည့် သမိုင်းကို ကြည့်ချင်လျှင် ဒီစာအုပ်ကို ကိုးကားနိုင်ဖို့ ဖြစ်ပါကြောင်း။

အလားတူ အစိုးရအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တခြား ပြည်ထောင်စု အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များ အကြောင်းကို မှတ်တမ်းတင်သည့် စာအုပ်များလည်း ပြုစုခဲ့ပါကြောင်း၊ ထိုထဲတွင် ပြည်သူ့အတွက် ပထမရက် ၁၀၀ မှာ ဘာတွေ ဆောင်ရွက်နိုင်မလဲ၊ ဘာတွေ ဆောင်ရွက်မယ်ဆိုတာကို သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးကို တွေ့ဆုံမေးမြန်းထားပါကြောင်း၊ တွေ့ဆုံမေးမြန်းပြီး ဌာနအသီးအသီး၏ ပြောဆိုချက်များကို စုစည်းဖော်ပြထားပါကြောင်း၊ ရက် ၁၀၀ ကာလ ဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီးလည်း ဤအခန်းထဲမှာ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခဲ့ပါကြောင်း။

ထို့ပြင် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ ပထမတစ်နှစ်ပြည့်မြောက်ချိန်တွင် ပြီးခဲ့သည့် (၁)နှစ်တာအတွင်း ဘာတွေဆောင်ရွက်ခဲ့သလဲဆိုတာတွေအတွက် အစီအစဉ်နှစ်ခု လုပ်ခဲ့ပါကြောင်း၊ တစ်ခုက ဝန်ကြီးဌာနပေါင်းစုံနှင့် သတင်းစာရှင်းလင်းပွဲများကို နှစ်ပတ်လောက် အချိန်ပေးပြီး ပြုလုပ်ခဲ့ပါကြောင်း၊ ဒါကလည်း အစဉ်အလာတစ်ခု အစပျိုးခြင်းဖြစ်ပါကြောင်း၊ သတင်းစာရှင်းလင်းပွဲများကို နှစ်စဉ်နှစ်တိုင်း တစ်နှစ်တစ်ကြိမ် ဒီခန်းမထဲမှာ ကျင်းပပါကြောင်း၊ အဲဒီလို သတင်းစာရှင်းလင်းပွဲ ပြုလုပ်သည့် ကာလမှာပဲ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ သတင်းသမားများက ဌာနဆိုင်ရာ အကြီးအကဲများကို ပြီးခဲ့တဲ့ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီး တွေ့ဆုံမေးမြန်းပါကြောင်း၊ ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်သလို သတင်းစာများတွင်လည်း အထူးကဏ္ဍအနေဖြင့် ဖော်ပြပါကြောင်း၊ ဒါတွေသည် ဌာနအသီးသီး၏ တစ်နှစ်တာ ဆောင်ရွက်ချက်များကို စုစည်းထုတ်ဝေခြင်း ဖြစ်ပါကြောင်း၊ ပထမတစ်နှစ်တာ၊ ဒုတိယ တစ်နှစ်တာ၊ တတိယတစ်နှစ်တာ၊ စတုတ္ထတစ်နှစ်တာ လေးအုပ်အထိ ရှိသွားပြီဖြစ်ပြီး ပဉ္စမတစ်နှစ်တာကတော့ ဒီနှစ်ကုန်သည့်အချိန်တွင် ထွက်ရှိမည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၁၁ သို့*



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အုပ်ချုပ်ရေးမဏ္ဍိုင်ကိုယ်စား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးအား မှတ်တမ်းစာအုပ်များ ပေးအပ်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့ကိုယ်စား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်မှူးကြီး စိုးသန်းအား မှတ်တမ်းစာအုပ်များ ပေးအပ်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၁၀ မှ*

ယင်းစာအုပ်များထဲတွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် အပါအဝင် ဝန်ကြီးဌာနအသီးသီး ၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ ပါဝင်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး၏ ဆောင်ရွက်ချက်များလည်း ပါဝင်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း သက်ဆိုင်ရာဝန်ကြီးချုပ်များ၊ အခြားတာဝန်ရှိသူများကို မေးမြန်းပြီး ပြုစုထားခြင်း ဖြစ်ပါကြောင်း၊ နှစ်စဉ်စာအုပ်ထွက်တိုင်းလည်း ဌာနအသီးသီးကို ဖြန့်ဝေပါကြောင်း။

**မှတ်တမ်းစာအုပ်စစ်စစ်**

ယခုအခါမှာတော့ ပုံစံအသစ်နှင့် ဆင်တူဖြစ်အောင် ပြန်လည်ချုပ်လုပ်ဖြန့်ဝေခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ (၄) နှစ်တာကာလ ပြည်သူ့အတွက် ပြုပြင်ပြောင်းလဲတိုးတက်ရေး ဆောင်ရွက်ချက်များ ( ၂၀၁၆-၂၀၂၀ ) ပထမတွဲတွင် ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များ ပါရှိပါကြောင်း၊ ဌာနအသီးသီးမှ ရေးသားပြုစုပေးထားခြင်း ဖြစ်သည့်အတွက် မိမိတို့အတွက်ကတော့ အစိုးရ၏ မှတ်တမ်းစာအုပ်စစ်စစ် ဖြစ်သည်ဟု မြင်ပါကြောင်း၊ ဒုတိယတွဲမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ပါဝင်ပါကြောင်း၊ ယခုစာအုပ်မှာ ရှေ့ပိုင်းလေးနှစ်အတွက်ကို စုစည်းတင်ပြထားခြင်းဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ပဉ္စမတစ်နှစ်တာအတွင်း ဆောင်ရွက်ချက်များ မှတ်တမ်းကို လာမည့်နှစ်မှာ ရေးသားပြုစုထုတ်ဝေပြီး နိုင်ငံတော်အစိုးရ၏ (၅)နှစ်တာကာလ ပြည်သူ့အတွက်ပြုပြင်ပြောင်းလဲတိုးတက်ရေး ဆောင်ရွက်ချက်များ (၂၀၁၆-၂၀၂၁ ) ပြည့်စုံမည်ဖြစ်ကြောင်း တင်ပြအစီရင်ခံပါသည်လို့ ရှင်းလင်းဖော်ပြထားပါကြောင်း။

မိမိတို့အနေဖြင့် နောက်နှစ်တွင် အစိုးရ၏ သက်တမ်း (၅)နှစ်ကာလ ဆောင်ရွက်ချက် အပြည့်အစုံကို ယခုလိုပင် မှတ်တမ်းတင်ပြီး စာအုပ်ထုတ်ဝေနိုင်မည်ဟု မျှော်လင့်ထားပါကြောင်း။

မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီး မှတ်တမ်းမှတ်ရာပြုနိုင်အောင်၊ အများပြည်သူ လေ့လာနိုင်အောင်နှင့် နောင်အရှည်မှာ လေ့လာမည့်သူများအတွက် မှတ်တမ်းတစ်စုတစ်စည်းတည်းရအောင် ယနေ့တွင် စုပေါင်းဖြန့်ဝေခြင်းဖြစ်ပါကြောင်း၊ တချို့စာအုပ်များမှာ စောစောကတည်းက ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး တချို့စာအုပ်များမှာ ယခုလပိုင်းတွင် ဆောင်ရွက်ထားခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

**မှတ်တမ်းစာအုပ်များ ပေးအပ်**

ထို့နောက် မှတ်တမ်းစာအုပ်များကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဥပဒေပြုရေးမဏ္ဍိုင်ကိုယ်စား ပြည်ထောင်စုလွှတ်တော်ရုံး အမြဲတမ်းအတွင်းဝန် ဦးကျော်စိုးအား လည်းကောင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်ကိုယ်စား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးအား လည်းကောင်း၊ တရားစီရင်ရေးမဏ္ဍိုင်ကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယအမြဲတမ်းအတွင်းဝန် ဦးသန့်စင်အား လည်းကောင်း၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ကိုယ်စား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်မှူးကြီး စိုးသန်းအား လည်းကောင်း၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမင်းကြည်ဝင်းအား လည်းကောင်း၊ အမျိုးသားစာကြည့်တိုက်မှ ညွှန်ကြားရေးမှူး ဒေါ်မြဦးအား လည်းကောင်း၊ သတင်းမီဒီယာများကိုယ်စား လျှပ်တပြက်ဂျာနယ်မှ နေပြည်တော်တာဝန်ခံ ရဲရဲ(ပျဉ်းမနား) အား လည်းကောင်း ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာသည့် ဝန်ကြီးဌာနများကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က မှဒိတာစကား ပြောကြားသည်။

ယနေ့ မိတ်ဆက်ဖြန့်ချိသည့် နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက် မှတ်တမ်းစာအုပ်များမှာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၈ ခုနှစ်အတွင်း ပြောကြားခဲ့သည့် မိန့်ခွန်း၊ အမှာစကားနှင့် သဝဏ်လွှာများ၊ ၂၀၁၉ ခုနှစ်အတွင်း ပြောကြားခဲ့သည့် မိန့်ခွန်း၊ လမ်းညွှန်စကားနှင့် သဝဏ်လွှာများ၊ နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးထင်ကျော် (၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈) ခုနှစ်အတွင်း ပြောကြားခဲ့သည့် မိန့်ခွန်း၊ အမှာစကားနှင့် သဝဏ်လွှာများ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၆ ခုနှစ်အတွင်း ပြောကြားခဲ့သည့် မိန့်ခွန်း၊ အမှာစကားနှင့် သဝဏ်လွှာများ၊ ၂၀၁၇ ခုနှစ်အတွင်း ပြောကြားခဲ့သည့် မိန့်ခွန်း၊ အမှာစကားနှင့် သဝဏ်လွှာများ၊ ၂၀၁၈ ခုနှစ်အတွင်း ပြောကြားခဲ့သည့် မိန့်ခွန်း၊ အမှာစကားနှင့် သဝဏ်လွှာများ၊ ၂၀၁၉ ခုနှစ်အတွင်း ပြောကြားခဲ့သည့် မိန့်ခွန်း၊ လမ်းညွှန်စကားနှင့် သဝဏ်လွှာများ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လျှောက်လှမ်းခဲ့သော ပြည်ထောင်စုခရီးလမ်း (၂၀၁၆ - ၂၀၂၀)၊ ပြည်သူ့အတွက် ပထမရက် (၁၀၀)၊ ပထမတစ်နှစ်တာ၊ ဒုတိယတစ်နှစ်တာ၊ တတိယ တစ်နှစ်တာ၊ စတုတ္ထတစ်နှစ်တာ၊ နိုင်ငံတော်အစိုးရ၏ လေးနှစ်တာကာလ ပြည်သူ့အတွက်ပြုပြင်ပြောင်းလဲတိုးတက်ရေး ဆောင်ရွက်ချက်များ (၂၀၁၆ - ၂၀၂၀) (ပထမတွဲ) (ဒုတိယတွဲ)၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ(ပထမအကြိမ်) အစည်းအဝေး၊ (ဒုတိယအကြိမ်) အစည်းအဝေးနှင့် (တတိယအကြိမ်) အစည်းအဝေး မှတ်တမ်းစာအုပ်များဖြစ်သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက် မှတ်တမ်းစာအုပ်များ မိတ်ဆက်ဖြန့်ချိပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## ဧရာဝတီနှင့် သံလွင်မြစ်တို့၏ မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၇**

ယနေ့ နံနက် ၁၁နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ စင်တီမီတာ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက် တစ်ရက်အတွင်း နှစ်လက်မခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက် သုံးရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်၊ ချောက်မြို့နယ်နှင့် ဆိပ်သာမြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## AIR KBZ လေကြောင်းလိုင်းနှင့် MAI လေကြောင်းလိုင်းက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း ခရီးသွားများ ရောဂါကူးစက်မှုမရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထား

**ရန်ကုန် ဩဂုတ် ၂၇**

AIR KBZ လေကြောင်းလိုင်းနှင့် MAI လေကြောင်းလိုင်းသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း ခရီးသွားများ ရောဂါကူးစက်မှုမရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြောင်း သိရသည်။

MAI လေကြောင်းလိုင်းနှင့် AIR KBZ လေကြောင်းလိုင်း ခရီးစဉ်များတွင် လိုက်ပါစီးနင်းသူများ ရောဂါပိုးကူးစက်ခံရမှုမရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ ဆက်တိုက်ပြုလုပ်နေခြင်းဖြစ်သည်။

AIR KBZ လေကြောင်းလိုင်းနှင့် MAI လေကြောင်းလိုင်းသည် လေကြောင်းခရီးစဉ်များတွင် လိုက်ပါစီးနင်းမည့် ခရီးသွားများ ရောဂါကူးစက်မှုမရှိစေရန် ယခင်ကတည်းက ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင်လည်း ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များကို ပိုမိုတိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

AIR KBZ မှ အထွေထွေမန်နေဂျာ ဦးတင်မောင်သန်းက ''ကျွန်တော်တို့ AIR KBZ လေကြောင်းလိုင်းနဲ့ MAI လေကြောင်းလိုင်းတွေဟာ ပြည်တွင်းမှာလည်း ပြေးဆွဲနေသလို၊ ပြည်ပနိုင်ငံတွေကိုလည်း ပြေးဆွဲနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ လေကြောင်းလိုင်းအနေနဲ့ ရောဂါပိုးပျံ့နှံ့မှုမြင့်တက်နေတဲ့ ရခိုင်ပြည်နယ် စစ်တွေ၊ သံတွဲ၊ ကျောက်ဖြူမြို့တွေကို နယ်မြေဒေသရဲ့ လိုအပ်ချက်အရ ဆေးဝါး၊ Swab Test Sample ယူဖို့နဲ့ မဖြစ်မနေခရီးသွားရမယ့် ခရီးသည်တွေအတွက် မလွဲမရှောင်သာ ခရီးစဉ်များ ပျံသန်းရတာရှိပါတယ်။ ခရီးစဉ်ပျံသန်းတဲ့အခါမှာ လိုအပ်တဲ့ PPE ဝတ်စုံတွေကို သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနရဲ့ ညွှန်ကြားချက်တွေနဲ့အညီ ဆောင်ရွက်ခဲ့ပါတယ်။ Ground က Manager တစ်ဦး စစ်တွေကို ရုံးကိစ္စနဲ့ ခရီးသွားရင်း ကူးစက်ခံရတဲ့အတွက် တခြားဝန်ထမ်းဖြစ်သူတွေကို ထပ်ဆင့်မကူးစေဖို့ လိုအပ်တဲ့ Primary ၊ Secondary Contact ရှိသူ စုစုပေါင်း ၁၆ ဦးနဲ့ သူနဲ့အတူ ခရီးသွားခဲ့တဲ့ မန်နေဂျာတစ်ဦးကိုလည်း ရွှေပြည်သာကွန်ပျူတာ တက္ကသိုလ်မှာရှိတဲ့ Quarantine Center မှာ Quarantine ဝင်စေခဲ့ပြီး ရုံးခန်းတွေကိုလည်း Disinfection လုပ်ငန်းတွေကို ချက်ချင်း လုပ်ဆောင်ထားပါတယ်''ဟု ပြောသည်။

၎င်းက “ကျွန်တော်တို့ ပျံသန်းနေတဲ့ လေယာဉ်တွေကတော့ နေ့စဉ်ခရီးစဉ်ပြီးတိုင်း Disinfection တွေကို စနစ်တကျ မပျက်မကွက် လုပ်ဆောင်လျက်ရှိပါတယ်။ AIR KBZ နဲ့ MAI လေကြောင်းလိုင်းအနေနဲ့ အသုံးပြုပျံသန်းပြေးဆွဲနေတဲ့ လေယာဉ်တွေနဲ့ Crew များကို ရောဂါပိုးကူးစက်ခံရမှုမရှိအောင် ကြိုတင်ကာကွယ်တာတွေ အပြည့်အဝလုပ်ဆောင်ထားပါတယ်။ ဒါကြောင့် ခရီးသွားပြည်သူတွေအနေနဲ့ ကျွန်တော်တို့ AIR KBZ လေကြောင်းလိုင်း၊ MAI လေကြောင်းလိုင်းတွေနဲ့ ခရီးသွားရင် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှုမရှိရအောင် ဆောင်ရွက်လျက်ရှိပါတယ်။ လေကြောင်းလိုင်းဖြစ်တဲ့အတွက် နေရာစုံ၊ အခြေအနေစုံမှာ နယ်မြေပေါင်းစုံကို သွားလာရတာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါဖြစ်နေတဲ့အချိန်မှာ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်းအနေနဲ့ တခြားတိုင်းပြည်တွေမှာ ပိတ်မိနေတဲ့ ကိုယ့်နိုင်ငံသားတွေကို သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးတွေနဲ့ ချိတ်ဆက်ပြီး Relief Flight အနေနဲ့ သယ်ဆောင်ပျံသန်းပေးခဲ့ရသလို ပြည်ပကနေမှာယူတဲ့ PPE ဝတ်စုံတွေ၊ ကျန်းမာရေးစက်ပစ္စည်းတွေကိုလည်း မြန်မာနိုင်ငံအတွက် အခမဲ့သယ်ပေးနေရတာမျိုးတွေလည်း ပြုလုပ်ပေးခဲ့ပါတယ်”ဟု ပြောကြားသည်။

“ရခိုင်ပြည်နယ်ကိုလည်း ကိုဗစ် - ၁၉ ရောဂါမဖြစ်ခင်ကတည်းက ကားလမ်းနဲ့ရေလမ်းကနေ သွားရတာ အဆင်မပြေလို့ စစ်တွေ၊ သံတွဲ၊ ကျောက်ဖြူမြို့တွေကို သွားလာရေးဆက်သွယ်ပြတ်တောက်မှုမရှိအောင် ခရီးစဉ်တွေ ပုံမှန်ပျံသန်းပြေးဆွဲပေးနေခဲ့သလို ရောဂါဖြစ်တဲ့အချိန်မှာလည်း ရခိုင်ကပြည်သူလူထုတွေအတွက် လိုအပ်တဲ့ ဆေးဝါးတွေ သယ်ယူပို့ဆောင်ပေးနေရတာတွေ၊ ကျန်းမာရေးစစ်ဆေးချက် Swab Test Sample တွေ ယူဆောင်ပေးနေရတာတွေ ရှိတဲ့အပြင် ရခိုင်မှာ အကြောင်းအမျိုးအမျိုးကြောင့် ရောက်ရှိနေတဲ့သူတွေ၊ မဖြစ်မနေခရီးသွားလာဖို့ လိုအပ်တဲ့သူတွေကို ပို့ဆောင်ပေးဖို့အတွက် ရခိုင်ပြည်နယ်ဘက်ကို ကျွန်တော်တို့ လေကြောင်းလိုင်းတွေ ခရီးစဉ် ဆက်လက်ပျံသန်းပေးခဲ့ပါတယ်။

“ပျံသန်းတဲ့အချိန်မှာလည်း Pilot တွေ၊ Cabin Crew တွေကို ရောဂါကူးစက်မှုမခံရအောင် PPE ဝတ်စုံတွေကို Level II အဆင့်ဝတ်ဆင်ပြီးမှ သွားလာစေခဲ့သလို ပြန်ရောက်ရင်လည်း Quarantine ဝင်စေပါတယ်။ ဩဂုတ် ၂၆ ရက်ကလည်း KBZ နာယကကြီးက ရခိုင်ပြည်နယ်အတွက် လှူဒါန်းတဲ့ ကျန်းမာရေးဆေးပစ္စည်းတွေကို ခရီးသည်မပါဘဲ သွားရောက်ပို့ဆောင်ပေးခဲ့ရတာတွေ ရှိပါတယ်” ဟု AIR KBZ မှ အထွေထွေမန်နေဂျာ က ပြောကြားသည်။

**ဖိုးသော်ဇင်**

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက် အတည်ပြုရန်နှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၇

**ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ၏ လုပ်ငန်းစီမံချက် အတည်ပြုရန်နှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။** (ယာပုံ)



### ညှိနှိုင်းပြင်ဆင်မှုများ ဆောင်ရွက်

အစည်းအဝေးတွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်(မူကြမ်း)ကို အတည်ပြုနိုင်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ကြောင်း၊ ပူးတွဲကြေညာချက် (Joint communique) နှင့် ပတ်သက်ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်တို့ လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ပူးတွဲကြေညာချက်ပါ အကြောင်းအရာများအရ လုပ်ငန်းစီမံချက်ရေးဆွဲရန်နှင့် လုပ်ငန်းစီမံချက်ပါ အချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် ကော်မတီ၏ အစည်းအဝေးများကို (၆) ကြိမ်အထိ ကျင်းပခဲ့ကြပါကြောင်း၊ ထို့အပြင် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ကြပါကြောင်း၊ လုပ်ငန်းစီမံချက်အပေါ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်းအမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်၏ အကြံပြုချက်များ ပေးပို့လာမှုကို ကော်မတီဝင်များနှင့် ညှိနှိုင်းပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပါကြောင်း။

### အရေးပါသည့် စီမံချက်တစ်ခုဖြစ်

အဆိုပါ လုပ်ငန်းစီမံချက် (မူကြမ်း) အပေါ် မူအရဆုံးဖြတ်ရန် လိုအပ်သော အချက်များကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြပြီး အတည်ပြုဆုံးဖြတ်ချက် ရယူခဲ့ပါကြောင်း၊ စီမံချက်သည် အမျိုးသမီးကိုသာ ဦးတည်ခြင်းမဟုတ်ဘဲ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုအားလုံးကို ဆောင်ရွက်နိုင်ရန်အတွက် ကော်မတီ၏အမည်ကို ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီဟု နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာဖြင့် အမည်ပြောင်းလဲခဲ့ပါကြောင်း၊ အလားတူ လုပ်ငန်းကော်မတီကိုလည်း ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအဖြစ် အမည်ပြောင်းလဲနိုင်ခဲ့ကြောင်း၊ ဤလုပ်ငန်းစီမံချက်သည် မိမိတို့ အစိုးရဌာနများသာမက ကုလသမဂ္ဂအဖွဲ့အစည်းများအတွက်ပါ အရေးပါသည့် စီမံချက်တစ်ခု ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အတည်ပြုပြီးပါက လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းစီမံချက်အရ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ကော်မတီဝင် အသီးသီးက ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းစီမံချက်(မူကြမ်း) အပေါ် နိုင်ငံတော်သမ္မတရုံးက မူအရဆုံးဖြတ်ထားသည့် အချက်များကို ရှင်းလင်းတင်ပြသည်။

### ညှိနှိုင်းဆွေးနွေး

ထို့နောက် တက်ရောက်လာကြသည့် အမျိုးသားအဆင့် ကော်မတီဝင်များက လုပ်ငန်းစီမံချက် (မူကြမ်း)ကို အတည်ပြုခြင်းမဆောင်ရွက်မီ ထပ်မံ၍ ဖြည့်စွက်လိုသည့် အချက်များ၊ စကားရပ်အသုံးအနှုန်းများ၊ ပြင်ဆင်လိုသည့် အချက်များ၊ ပယ်ဖျက်လိုသည့်အချက်များကို အသေးစိတ် ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စီမံချက်(မူကြမ်း)ကို ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ကြရာတွင် အနှစ်သာရအားဖြင့် သော်လည်းကောင်း၊ မူအရ သော်လည်းကောင်း ပြောင်းလဲမှုမရှိသောကြောင့် စီမံချက်ကို အတည်ပြုပါကြောင်းနှင့် နိုင်ငံတော်သမ္မတရုံးသို့ ဆက်လက်၍ တင်ပြအတည်ပြုချက် ရယူသွားမည်ဖြစ်ကြောင်း နိဂုံးချုပ်စကား ပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စစ်ရေးချုပ်ရုံး၊ စစ်ဥပဒေချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနများ၏ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ကော်မတီဝင် အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၈ မှ*

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ (၁/၂၀၂၀) ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်က အတည်ပြုခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ၏ လွှတ်တော်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီအစည်းအဝေးများအနေဖြင့် ဥပဒေကြမ်းကော်မတီ (၁၃)ကြိမ်၊ ပြည်သူ့ငွေစာရင်းကော်မတီ (၂)ကြိမ်၊ လွှတ်တော်အခွင့်အရေးကော်မတီ (၁)ကြိမ်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ (၂၃)ကြိမ်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (၃) ကြိမ်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီ (၁) ကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ (၄)ကြိမ်၊ တိုင်းရင်းသားရေးရာကော်မတီ (၅)ကြိမ်၊ တောင်သူလယ်သမားရေးရာကော်မတီ (၄)ကြိမ်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ (၆)ကြိမ်၊ ပညာရေးမြှင့်တင်မှုကော်မတီ (၆)ကြိမ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ (၁) ကြိမ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ (၄) ကြိမ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာကော်မတီ (၅) ကြိမ်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ (၁) ကြိမ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၃) ကြိမ်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ (၃) ကြိမ် စုစုပေါင်းကော်မတီအစည်းအဝေး (၈၅) ကြိမ် ပြုလုပ်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရန်ရည်ရွယ်၍ အပြန်အလှန်ဆွေးနွေးပွဲ (Debate) ကို(၁) ကြိမ် ပြုလုပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပါကြောင်း၊ သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကာလအတွင်း စာတမ်းတို (၄) စောင် ထုတ်ဝေခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် ၂၂ ဦးက သိရှိလိုသည့် သတင်းအချက်အလက် မေးမြန်းမှု (၂၂) ခုအနက် ၁၇ ချက်ကို ရှာဖွေပေးခဲ့ပြီးဖြစ်သည်ကို လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့သက်ဆိုင်ရာ ဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိကြပြီး မိမိတို့၏ဒေသအကျိုး၊ နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ရပ်နားမည်ဖြစ်ကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အောင်ရဲသွင်**

---

*စာမျက်နှာ ၉ မှ*

Prevention and Control ၊ Antimicrobial Usage and Research & Innovation တို့ကို ဖွဲ့စည်းထားပြီး ဆောင်ရွက်လျက်ရှိနေပါတယ်။ One Health Strategic Framework and Action Plan တွင် ပဋိဇီဝဆေးယဉ်ပါးမှု ပြဿနာထိန်းချုပ်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်အောက်ရှိ ဓာတ်ခွဲဆိုင်ရာဌာနများနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနလက်အောက်ရှိ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ဓာတ်ခွဲခန်းများအကြား ဓာတ်ခွဲကဏ္ဍဆိုင်ရာ တစ်ခုတည်းသော ကျန်းမာရေးချဉ်းကပ်မှု (One Health Approach) ဖြင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ကာ ထည့်သွင်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါတယ်။ ကုသရေးဦးစီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းဆိုင်ရာဌာနသည် One Health Priority Diseases များနှင့် ပတ်သက်၍ ရောဂါရှာဖွေစစ်ဆေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ (က) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အသိအမှတ်ပြု အမျိုးသားတုပ်ကွေးရောဂါဌာနအနေဖြင့် လည်းကောင်း၊ (ခ) National Japanese Encephalitis Laboratory အနေဖြင့် လည်းကောင်း ဆောင်ရွက်လျက်ရှိသည့်အပြင် (ဂ) ခွေးရူးပြန်ရောဂါနှင့် ပတ်သက်၍ ဓာတ်ခွဲနမူနာများကိုလည်း PCR နည်းဖြင့် ရှာဖွေစစ်ဆေးခြင်း၊ (ဃ) အစာအဆိပ်သင့်ရောဂါဖြစ်စေနိုင်သော ဗက်တီးရီးယားရောဂါပိုးများကို ရှာဖွေစစ်ဆေးခြင်း၊ (င) ထောင့်သန်ရောဂါဖြစ်စေနိုင်သော ဗက်တီးရီးယားရောဂါပိုးမွှားများကို ရှာဖွေစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မန္တလေးမြို့ရှိ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲခန်းဌာနသည် Sub–National Japanese Encephalitis Laboratory အဖြစ်နဲ့ ဂျပန်ဦးနှောက်ရောင်ဗိုင်းရပ်စ်ရောဂါ ဓာတ်ခွဲစစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနလက်အောက်ရှိ ဓာတ်ခွဲခန်းများတွင်လည်း တိရစ္ဆာန်များမှ ဖြစ်ပွားသော ခွေးရူးရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ ဓာတ်ခွဲစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည့်အပြင် ရေနှင့်ရေထွက်ပစ္စည်းများတွင် အဏုဇီဝပိုးမွှားများ ပါဝင်မှု ရှိ/မရှိကိုလည်း စစ်ဆေးပေးလျက်ရှိပါတယ်။ COVID–19 ရောဂါရှာဖွေရေးအတွက် ဓာတ်ခွဲစစ်ဆေးရာတွင် အမျိုးသားကျန်းမာရေးဌာန ဓာတ်ခွဲမှုဆိုင်ရာ(NHL)၊ ဆေးသုတေသနဦးစီးဌာန(DMR) ၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာန(မော်လမြိုင်)တို့တွင် Real Time PCR နည်းဖြင့် လည်းကောင်း၊ ပြည်သူ့ဆေးရုံကြီး(စစ်တွေ)အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ် ၂၆ မြို့နယ်တွင် GeneXpert စက်ဖြင့်လည်းကောင်း စစ်ဆေးပေးလျက်ရှိပါတယ်။ မကြာမီတွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး)၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(လားရှိုး)တို့ကို တိုးချဲ့ဖွင့်လှစ်ပြီး ရောဂါရှာဖွေရေးစိစစ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားပါတယ်။ လက်ရှိဆောင်ရွက်လျက်ရှိတဲ့ PCR ဓာတ်ခွဲခန်းများအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အရည်အသွေးစစ်ဆေးရေး စီမံချက် (External Quality Assessment Program – EQAP)တွင် ပါဝင်ကာ ဓာတ်ခွဲအရည်အသွေးစစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းတွင် ဓာတ်ခွဲဝန်ထမ်းများကို Quality၊ Biosafety and Biosecurity အပါအဝင် အခြားစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ Laboratory Network Strengthening အနေဖြင့် နိုင်ငံတစ်ဝန်း ပြည်သူ့ဆေးရုံကြီးများဓာတ်ခွဲခန်းများ၏ သတင်းအချက်အလက်များ ပေးပို့မှုပုံစံကွန်ရက်ချိတ်ဆက်ခြင်း သင်တန်းပေးခြင်းဆိုင်ရာ လုပ်ငန်းများ အပါအဝင် အခြားလုပ်ငန်းများလည်း ပါဝင်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၀ အရ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေတဲ့ မေးခွန်းနှင့် ဖြေကြားချက်ဖြစ်တဲ့အတွက် နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းခြင်းနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

# ဂျာမနီနိုင်ငံတွင် ကိုဗစ် -၁၉ တိုက်ဖျက်နိုင်ရေးအတွက် စည်းမျဉ်း စည်းကမ်းများ တင်းကျပ်သွားရန် သဘောတူ

ဘာလင် ဩဂုတ် ၂၇

ဂျာမနီနိုင်ငံတွင် ယခုနှစ်ကုန်ပိုင်းထိ အားကစားရုံများအတွင်း ပရိသတ်များ လာရောက်ကြည့်ရှုခွင့်ပေးမည်မဟုတ်ပေ။

ထို့ပြင် ကိုဗစ် -၁၉ နေ့စဉ်ကူးစက်မှုနှုန်းများပြားနေသည့်အတွက် ရောဂါတိုက်ဖျက်ရေး နှာခေါင်းစည်းတပ်ဆင်မှုနှင့်ပတ်သက်ပြီးလည်း စည်းကမ်းများ တင်းကျပ်သွားမည်ဟုဩဂုတ် ၂၇ ရက်က အေအက်ဖ်ပီတွင် ဖော်ပြထားသည်။

ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်က ဂျာမနီနိုင်ငံအတွင်းရှိ ပြည်နယ် ၁၆ ခုမှ ခေါင်းဆောင်များနှင့်တွေ့ဆုံခဲ့ပြီး နောက်ထပ်စည်းကမ်းတင်းကျပ်မည့်အချက်များကို သဘောတူခဲ့သည်။

ယင်းစည်းကမ်းချက်များအတိုင်း တစ်နိုင်ငံလုံးအနှံ့ကျင့်သုံးသွားမည်ဖြစ်သည်။ မကြာသေးမီ သီတင်းပတ်များအတွင်း ဂျာမနီနိုင်ငံတွင် နေ့စဉ်ကူးစက်မှုနှုန်းမှာ ယခင်က မမြင်ဖူးသည့်နှုန်းများဖြင့် မြင့်တက်နေပြီးနောက် ကပ်ရောဂါကိုတိုက်ဖျက်နိုင်ရန် သင့်လျော်သည့်စည်းမျဉ်းများချမှတ်ရန် ရည်ရွယ်ကာ ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့၏ ရည်ရွယ်ချက်မှာ နေ့စဉ်ကူးစက်မှုနှုန်းကို လျော့ကျသွားစေရန်ပင်ဖြစ်သည်။ နောက်ထပ် သဘောတူထားသည့် စည်းကမ်းချက် မူကြမ်းများအရ ပါးစပ်နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ရမည့်နေရာတွင် မတပ်ဆင်ခဲ့ပါက ယူရို ၅၀ အထိ ဒဏ်တပ်ခံရမည်ဖြစ်သည်။ အောက်တိုဘာလကုန်ပိုင်းမှ ဒီဇင်ဘာ ၃၁ ရက်မတိုင်မီအချိန်အထိ ပွဲကြီးကျင်းပမှု ပိတ်ပင်ထားခြင်းအား ရက်တိုးချဲ့သွားမည် ဖြစ်သည်။ ပရိသတ်ဖြင့် ကြည့်ရှုရသည့်အားကစားပွဲများ၊ ဂီတပွဲများနှင့် ပွဲတော်များကို ပိတ်ပင်သွားမည်ဖြစ်သည်။

စည်းကမ်းချက် မူကြမ်းတွင် ထိတွေ့မှုရှိသည့် လူအရေအတွက်လျှော့ချနိုင်ရေး ပြည်သူများကို တိုက်တွန်းထားပြီး ၁ ဒသမ ၅ မီတာ အကွာတွင် ခပ်ခွာခွာနေထိုင်ကြရန်လည်းတိုက်တွန်းထားသည်။

အေအက်ဖ်ပီ



ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်နှင့် ကျန်းမာရေးဝန်ကြီးတို့ကို တွေ့ရစဉ်။



ဘာရိန်းနိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူလာတစ်ဘင်ရာရှစ်အယ်ဇာရာနီနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုတို့ တွေ့ဆုံကြစဉ်။

## အစ္စရေးနိုင်ငံနှင့်ပတ်သက်၍ ဘာရိန်းနိုင်ငံက သတိကြီးကြီးထားနေဆဲဖြစ်

မနာမာ ဩဂုတ် ၂၇

ဘာရိန်းနိုင်ငံမှ ခေါင်းဆောင်ပိုင်းသည် အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်၏ သံတမန်ရေးရာအရ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုသော်လည်း အစ္စရေးနှင့်ပုံမှန်ဆက်ဆံရေး ပြန်လည်ထူထောင်ရန်အတွက်မူ သတိကြီးကြီးထားနေဆဲဖြစ်သည်။

ဘာရိန်းနိုင်ငံ မနာမာမြို့သို့ ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမိုက်ပွန်ပီအိုနှင့် ဘာရိန်းဘုရင် ဟာမတ် အစ်ဆာအယ်လ်ခါလစ်ဖာ နှင့် အိမ်ရှေ့မင်းသား ဆယ်မန် ဘင်ဟာမတ် အယ်ခါလစ်ဖာတို့ ဩဂုတ် ၂၆ ရက်က တွေ့ဆုံခဲ့ကြသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသည် အရှေ့ အလယ်ပိုင်း ဒေသသို့ခရီးထွက်နေပြီး အစ္စရေးနှင့်အာရပ်တိုင်းပြည်များအကြား စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ပေးနေသည်။

ယူအေအီးနှင့်အစ္စရေးနိုင်ငံတို့ကြား သဘောတူညီမှုရအောင် အမေရိကန်၏ကြိုးပမ်းအားထုတ်မှုကို ကြိုဆိုကြောင်း အိမ်ရှေ့မင်းသားက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုကို ပြောကြားခဲ့သည်။ ပါလက်စတိုင်း-အစ္စရေး ပဋိပက္ခအဆုံးသတ်ရေးအတွက်လည်းကြိုးပမ်းအားထုတ်ရန် အရေးကြီးကြောင်း ဘာရိန်းဘုရင်က ပြောကြားခဲ့သည်။ အာရပ်တိုင်းပြည်များ အဆိုပြုသည့် ငြိမ်းချမ်းရေးလှုပ်ရှားမှုအတိုင်း ပဋိပက္ခကို အောင်အောင်မြင်မြင် အဆုံးသတ်သင့်သည်ဟုလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အာရပ်ငြိမ်းချမ်းရေး လှုပ်ရှားမှုဖြစ်စဉ်မှာ ၁၉၆၇ ခုနှစ် ဇွန်လကသတ်မှတ်ထားသည့် သတ်မှတ်ချက်အတိုင်း အစ္စရေးတို့ဘက်မှ နောက်ဆုတ်ပေးရေးနှင့် ပါလက်စတိုင်းတိုင်းပြည်ထူထောင်ရေးကိုအသိအမှတ်ပြုပေးရေးတို့ပင်ဖြစ်သည်။ ဘာရိန်းနိုင်ငံသည်အစ္စရေးနှင့် ယူအေအီးနိုင်ငံတို့ကြား ငြိမ်းချမ်းရေးသဘောတူညီမှုကို ပထမဆုံးလူသိရှင်ကြားထောက်ခံသည့် တိုင်းပြည်ဖြစ်သည်။

အစ္စရေးနှင့် နောက်ထပ် ပုံမှန်ဆက်ဆံရေးပြန်လည်ထူထောင်မည့်နိုင်ငံမှာ ဘာရိန်းနိုင်ငံဖြစ်နိုင်သည်ဟု အချို့သော ကျွမ်းကျင်သူများက ခန့်မှန်းနေကြသည်။ သို့သော်လည်းဘာရိန်းနိုင်ငံသည် အစ္စရေးနိုင်ငံနှင့်ပတ်သက်လျှင် ဆော်ဒီအာရေဗျလိုပင် သတိကြီးကြီးထားလျက်ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်မှုမြင့်နေစဉ်အတွင်း ဆရာဝန်များသပိတ်မှောက်

ဆိုးလ် ဩဂုတ် ၂၇

ဆေးဘက်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကိုဆန့်ကျင်သည့် တောင်ကိုရီးယားမှ ဆရာဝန်များသည် ကိုဗစ် -၁၉ ကူးစက်မှုမြင့်နေသည့် ကာလအတွင်း တစ်နိုင်ငံလုံးအနှံ့ ဆန္ဒပြပွဲများ ပြုလုပ်လျက်ရှိသည်။

ဆေးဘက်ဆိုင်ရာအဖွဲ့အစည်း ၃၅၀၀ ခန့်သည် ဩဂုတ် ၂၆ ရက်က ပိတ်ထားပြီး သပိတ်ကို စတင်လိုက်ကြောင်း တောင်ကိုရီးယား အစိုးရက ပြောသည်။

ဩဂုတ် ၂၆ ရက်တွင် တောင်ကိုရီးယား၌ ကိုဗစ် -၁၉ ကူးစက်ခံရသူ ၄၄၁ ဦးရှိသည်ဟု အစိုးရက ပြောသည်။

မတ်လအစောပိုင်းမှ စတင်ကာ ကူးစက်မှုအရေအတွက် ၄၀၀ အထက် ကျော်လွန်သွားသည်မှာ ပထမဆုံး အကြိမ်ပင်ဖြစ်သည်။

နောက်ထပ် ကူးစက်မှုများတွင် ဆိုးလ်မြို့မှ ၁၅၄ ဦးကူးစက်ခံထားရသည်။ ကူးစက်မှုစတင်ဖြစ်ပွားသည့် အချိန်မှစတင်ကာ တောင်ကိုရီးယားနိုင်ငံမြို့တော်တွင် နေ့စဉ်ကူးစက်မှု အမြင့်ဆုံး ရောက်ရှိသွားခြင်းလည်း ဖြစ်သည်။

အစိုးရ၏ကျန်းမာရေး စောင့်ရှောက်မှုပြုပြင်ပြောင်းလဲရေး အစီအစဉ်တွင် လာမည့် ၁၀ နှစ်အတွင်း ဆေးဘက်ဆိုင်ရာ ကျောင်းများတွင် ကျောင်းသားဦးရေ ၄၀၀၀ အထိ တိုးမြင့်သွားရန် အဆိုပြုချက် ပါဝင်သည်။ သပိတ်မှောက်ဆရာဝန်များကမူ အစိုးရသည် ၎င်းတို့၏ အကြံပြုချက်ကို နားထောင်ခြင်းမရှိဘဲ အစီအစဉ် မူကြမ်းရေးဆွဲသည်ဟု ပြောသည်။

အစိုးရကမူ ဆရာဝန်များကို ကူးစက်မှုမြင့်တက်နေသည့် နေရာများနှင့် ဆိုးလ်မြို့ဝန်းကျင်သို့ ပြန်လည်လုပ်ငန်းခွင်ဝင်ကြရန် အမိန့်ထုတ်ထားသည်။

အစိုးရ၏အမိန့်ကို မနာခံသည့် ဆရာဝန်များ လိုင်စင်ရုပ်သိမ်းခံရမည်ဟုလည်း အစိုးရက ပြောကြားထားသည်။

အင်န်အိတ်ချ်ကေ



သပိတ်မှောက်နေကြသည့် ဆရာဝန်များကို တွေ့ရစဉ်။

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အောက်တိုဘာလအထိ ပညာရေးအဖွဲ့အစည်းများကို ပိတ်သွားမည်

ဒါကာ ဩဂုတ် ၂၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ် -၁၉ ကြောင့် ပညာရေးအဖွဲ့အစည်းများကို ပိတ်ထားသည့်ရက်သတ်မှတ်ချက်ကို တိုးချဲ့သွားမည်ဟု သိရသည်။

အောက်တိုဘာ ၃ ရက်မတိုင်မီအချိန်အထိ ပညာရေးအဖွဲ့အစည်းအားလုံးကို ပိတ်သွားမည်ဟု ဘင်္ဂလားဒေ့ရှ်ပညာရေးဝန်ကြီးဌာနက ဩဂုတ် ၂၇ ရက်တွင်ကြေညာခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မတ် ၁၆ ရက်မှစတင်ကာ ကိုဗစ် -၁၉ ကူးစက်မှုကို ရပ်တန့်နိုင်ရေးအတွက် ပညာရေးအဖွဲ့အစည်းများကို ပိတ်ထားခဲ့ရသည်။ မတ် ၈ ရက်မှစတင်ကာ ကိုဗစ် - ၁၉ သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ခရိုင်များအားလုံးနီးပါးသို့ ပျံ့နှံ့သွားခဲ့သည်။ စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ သုံးသိန်း ဝန်းကျင်တွင်ရှိပြီး သေဆုံးသူအရေအတွက်မှာ ၄၀၀၀ ကျော်ရှိသည်။

ဆင်ဟွာ

## အာဖဂန်နစ္စတန်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၆ ဦးထပ်မံတွေ့ရှိ

ကဘူးလ် ဩဂုတ် ၂၇

အာဖဂန်နစ္စတန်နိုင်ငံတွင် ဩဂုတ် ၂၇ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၆ ဦး ထပ်မံတွေ့ရှိခဲ့သည်ဟု အာဖဂန်ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနကပြောသည်။ ဩဂုတ် ၂ ရက်နောက်ပိုင်း နေ့စဉ်ကူးစက်မှုလျော့ကျလာပြီး ယခုတွေ့ရှိမှုသည်နေ့စဉ်ကူးစက်မှုတွင် အနိမ့်ဆုံးပမာဏလည်းဖြစ်သည်။ ဩဂုတ် ၂၆ ရက်က ကိုဗစ် -၁၉ ရှိ မရှိ ဆေးစစ်မှုပေါင်း ၂၇၅ ခုပြုလုပ်ခဲ့ပြီး ပြည်နယ် ၃၄ ခုအနက် ပြည်နယ် ခြောက်ခုတွင် ၁၆ ဦး ကူးစက်ခံရခြင်းဖြစ်ပြီး ယင်းနေ့တွင် ကိုဗစ် -၁၉ကြောင့် သေဆုံးသူလည်း မရှိခဲ့ပေ။

ထို့ကြောင့် ကိုဗစ် -၁၉ ကြောင့်စုစုပေါင်းသေဆုံးသူ ဦးရေမှာ ၁၄၀၁ တွင် တန့်နေသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ ကိုးဦးထပ်တိုးလာသည့်အတွက် စုစုပေါင်း ပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၂၉၀၄၆ ဦးရှိကြောင်း သိရသည်။

ဆင်ဟွာ

# Tik Tok စီအီးအို ရာထူးမှ နုတ်ထွက်

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၇

**အမေရိကန်နှင့် တရုတ်တို့ တရုတ်ပိုင်ဗီဒီယိုမျှဝေဒလမ်းစဉ် (ပလက်ဖောင်း) ကိစ္စနှင့်ပတ်သက်ပြီး နှစ်နိုင်ငံကြား တင်းမာမှု မြင့်တက်လာပြီးနောက် Tik Tok အမှုဆောင်အရာရှိချုပ် ကယ်ဗင်မေယာသည် ကုမ္ပဏီမှ နုတ်ထွက်သွားပြီဖြစ်ကြောင်း ဩဂုတ် ၂၆ ရက်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ထင်ရှားကျော်ကြားသော လူမှုမီဒီယာဖြစ်သည့် Tik Tok သည် အမေရိကန်များအပေါ် သူလျှိုလုပ်ပြီးလျှို့ဝှက်စုံစမ်းထောက်လှမ်းရာတွင်အသုံးပြုနိုင်သည်ဟုဆိုသည့် စွပ်စွဲချက်များဖြင့် တရားစွဲဆိုခံရပြီးနောက်ပိုင်းတွင် Tik Tok အမှုဆောင်အရာရှိချုပ် ကယ်ဗင်မေယာ၏ နုတ်ထွက်မှုဖြစ်ပေါ်လာခြင်း ဖြစ်သည်။**

Tik Tok သည် အမေရိကန်နှင့် တရုတ်နိုင်ငံကြား သံတမန်မုန်တိုင်းတစ်ခု၏အလယ်ဗဟိုချက်နေရာတစ်ခုလို ဖြစ်လာခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် Tik Tok ၏ တရုတ်မိခင်ကုမ္ပဏီ ဘိုင်ဒန့်စ်နှင့်စီးပွားရေး လုပ်ငန်းများလုပ်ပိုင်ခွင့်ကို ရပ်ဆိုင်းရန် အမေရိကန်က အချိန် ၄၅ ရက်ကြာပေးသည့် အမိန့်တစ်ရပ်ကို ဩဂုတ် ၆ ရက်က လက်မှတ်ရေးထိုးခဲ့သည်။ ထိုသို့ လက်မှတ်ရေးထိုး လိုက်ခြင်းသည် အဆိုပါအက်ပလီကေးရှင်းကို အမေရိကန်ကုမ္ပဏီ တစ်ခုသို့ရောင်းချရန် နောက်ဆုံးရက်သတ်မှတ်ပေးလိုက် ခြင်းပင်ဖြစ်သည်။

Tik Tok ကို အမေရိကန်ပြည်ထောင်စုတွင် လူပေါင်း ၁၇၅ သန်း အသုံးပြုလျက်ရှိပြီး ကမ္ဘာတစ်ဝန်းလုံးတွင် တစ်ဘီလီယံကျော် အသုံးပြုလျက်ရှိ သည်။

အမေရိကန်သမ္မတအမိန့်နှင့်ပတ်သက်ပြီး သင့်လျော်မှုရှိခြင်း မရှိခြင်းအပေါ် Tik Tok က အငြင်းပွားလျက်ရှိသည်။

ယခု Tik Tok အမှုဆောင် အရာရှိချုပ် ရာထူးတွင် မေလကတည်းက စတင်တာဝန်ထမ်းဆောင်ခဲ့သော မေယာက ဝန်ထမ်းများသို့ ပေးသောစာတွင် "နိုင်ငံရေးအခင်းအကျင်းဟာ မကြာသေးမီသီတင်းပတ်များအတွင်း အများကြီးပြောင်းလဲသွားခဲ့ပြီ"ဟု ဖော်ပြခဲ့သည်။

အဆိုပါအခင်းအကျင်းနှင့်အတူ မကြာမီအချိန်အတွင်း ဆုံးဖြတ်ချက်တစ်စုံတစ်ရာ ရရှိကောင်းရရှိမည်ဟု မျှော်လင့်ကြောင်း၊ မိမိအနေဖြင့် ယင်းကုမ္ပဏီက ထွက်ခွာတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ခြင်းကို အလွန်တရာ ဝမ်းနည်းစွာဖြင့် ဝန်ထမ်းများအား အသိပေးပါကြောင်း မေယာက ဖော်ပြထားသည်။




တစ်ခ်တော့ခ်အမှုဆောင်အရာရှိချုပ် ကယ်ဗင်မေယာ

Tik Tok ကို ကမ္ဘာတစ်ဝန်းလုံး လည်ပတ်ရေးအပါအဝင် မိမိတာဝန်ယူရသည့်အခန်းကဏ္ဍသည် အမေရိကန် အစိုးရလိုချင်သည့်ပုံစံနှင့် ကွဲပြားခြားနားမှုများ ရှိသည်ကို နားလည်ကြောင်း ၎င်းက ပြောကြားသည်။

ကယ်ဗင်၏ ဆုံးဖြတ်ချက်အပေါ် လေးစားကြောင်း၊ ကုမ္ပဏီအတွက် အချိန်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း Tik Tok က ၎င်း၏ကြေညာချက်တွင် ဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ**

## တုပ်ကွေးရာသီဝင်ခါနီးတွင် ကိုဗစ်-၁၉ ဒုတိယလှိုင်းရိုက်ခတ်လာမည်ကို ဂျပန်ပြည်သူများစိုးရိမ်လျက်ရှိ

**တိုကျို ဩဂုတ် ၂၇**

ရာသီတုပ်ကွေး ဖြစ်လေ့ရှိသည့် ဆောင်းအကူးတွင် နောက်ထပ် ကိုဗစ်-၁၉ ဒုတိယလှိုင်း ရိုက်ခတ်လာမည်ကို ဂျပန်ပြည်သူများ စိုးရိမ်လျက်ရှိကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဩဂုတ် ၂၇ ရက်က ဖော်ပြလိုက်သည်။ အသက်ကြီးသူများသည် အလွယ်တကူ ရောဂါဖြစ်လွယ်သောကြောင့် ရာသီတုပ်ကွေးကာကွယ်ဆေးကြိုတင်ထိုးထားကြရန် ဂျပန် ကျန်းမာရေး အာဏာပိုင်များက တိုက်တွန်းပြောကြားထားသည်။

တုပ်ကွေးကာကွယ်ဆေးကို အောက်တိုဘာလမှစကာ စတင် ထောက်ပံ့သွားမည်ဖြစ်ပြီး နိုင်ငံ၏ လူဦးရေထက်ဝက်ခန့်ပမာဏဖြစ်သော လူဦးရေ ၆၃ သန်းခန့် ကာကွယ်ဆေးထိုးနိုင်မည်ဖြစ်သည်။ သို့သော် ကိုဗစ်-၁၉ ကပ်ရောဂါကလည်း ဖြစ်ပွားလျက်ရှိရာ ကူးစက်ရောဂါနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုကို ပိုမိုမြင့်တက်စေသည်။ ထို့ကြောင့် ရာသီတုပ်ကွေး ကာကွယ်ဆေးများ ပြတ်လပ်မှုနှင့် ကြုံတွေ့နိုင်သည်။



ရာသီတုပ်ကွေးကာကွယ်ဆေးကို တွေ့ရစဉ်။

အာဏာပိုင်များနှင့် ကျွမ်းကျင်သူများက ကာကွယ်ဆေးကို မည်သူ့ကို ဦးစားပေးရမလဲဆိုသည်နှင့်ပတ်သက်ပြီး ဆွေးနွေးတိုင်ပင်လျက်ရှိသည်။ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးပိုင်းများ အနေဖြင့် အောက်တိုဘာလ အစောပိုင်းမှစတင်ကာ ကာကွယ်ဆေးထိုးနှံနိုင်ပြီဖြစ်သည်။ ထို့နောက် ကျန်ရှိသူများအနေဖြင့် အောက်တိုဘာနောက်ပိုင်းတွင် ကာကွယ်ဆေးရရှိမည်ဖြစ်သည်။ ကာကွယ်ဆေးကို ဆေးဘက်ဆိုင်ရာ အလုပ်သမားများ၊ ရောဂါအခံရှိသူများ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ ကလေးငယ်များအား ဦးစားပေးထိုးပေးမည်ဖြစ်သည်။

ကိုဗစ်-၁၉ နှင့် ရာသီတုပ်ကွေးသည် ရောဂါလက္ခဏာချင်းဆင်တူသလို အဖျားလည်း မြင့်တက်နိုင်သည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရာသီတုပ်ကွေးအချိန်မကျရောက်မီ ကိုဗစ်-၁၉ စစ်ဆေးမှုများကို အရှိန်မြှင့်လုပ်ဆောင်ရန် စီစဉ်ထားသည်။

**အင်န်အိတ်ချ်ကေ**

## ဂျပန်ဟွန်ဒါကားကုမ္ပဏီ ပထမဆုံး လျှပ်စစ်ကားကို ထုတ်လုပ်

**တိုကျို ဩဂုတ် ၂၇**

ဂျပန်ဟွန်ဒါကားကုမ္ပဏီသည် ပထမဆုံးလျှပ်စစ်ကားကို စတင်ထုတ်လုပ်လိုက်ကြောင်းနှင့် ကမ္ဘာတစ်ဝန်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ တင်းကျပ်နေသောကြောင့် ၎င်းကို ပြည်တွင်းဈေးကွက်တွင် ရောင်းချမည် ဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဩဂုတ် ၂၇ ရက်က ဖော်ပြလိုက်သည်။

လေးယောက်စီး အီးဗီကားကို အလုပ်နှင့်အိမ် အသွားအပြန်လုပ်သည့် နေရာတွင်လည်းကောင်း၊ ဈေးဝယ်ထွက်သည့်နေရာတွင်လည်းကောင်း အသုံးပြုနိုင်မည်ဖြစ်ကြောင်းနှင့် အဆိုပါကားသည် တစ်ခါအားသွင်းထားလျှင် ကီလိုမီတာ ၃၀၀ နီးပါး မောင်းနှင်နိုင်ကြောင်း ကုမ္ပဏီက ထုတ်ပြန်ကြေညာထားသည်။

ကားမောင်းသမားများအနေဖြင့် ဖုန်းဖြင့် သော့အဖွင့်အပိတ်လုပ်နိုင်မည်ဖြစ်သလို စက်နှိုးနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။ ထို့အပြင် အဆိုပါကားတွင် နည်းပညာမြင့်ယာဉ်ရပ်နားစနစ်လည်း ပါရှိမည်ဖြစ်သည်။ အဆိုပါကားကို အောက်တိုဘာလနှောင်းပိုင်းတွင် ဈေးကွက်အတွင်း ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် ဂျပန်ယန်း ၄ ဒသမ ၅ သန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၄၃၀၀၀ ဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ ကားထုတ်လုပ်ရေးကုမ္ပဏီက ယင်းကားကို တစ်နှစ်လျှင် အစီးပေါင်း ၁၀၀၀ ထုတ်လုပ်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

တခြား ဂျပန်ကားကုမ္ပဏီများဖြစ်သော တိုယိုတာ၊ နစ်ဆန်းနှင့် မာဇဒါတို့သည်လည်း အီးဗီကားသစ်များကို ထုတ်လုပ်နိုင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ဂျပန်ဟွန်ဒါကားကုမ္ပဏီက ထုတ်လုပ်လိုက်သော လျှပ်စစ်ကားကို တွေ့ရစဉ်။

## တိုကျိုတွင် ကိုဗစ်-၁၉ ကူးစက်အတည်ပြုလူနာ ၂၅၀ တိုးလာ

**တိုကျို ဩဂုတ် ၂၇**

တိုကျိုတွင် ဩဂုတ် ၂၇ ရက်က ကိုဗစ်-၁၉ ကူးစက်အတည်ပြုလူနာ ၂၅၀ ရှိလာကြောင်း တိုကျိုအာဏာပိုင်များက ပြောကြားလိုက်သည်။

အဆိုပါပမာဏသည် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ကနဦးရရှိသော စာရင်းဖြစ်ကြောင်း အရာရှိများက ပြောကြားသည်။

**လူနာ ၂၀၀ ကျော်လာ**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကိုဗစ်-၁၉ အတည်ပြုလူနာ ၂၀၀ ကျော်ရှိကြောင်း နှစ်ရက်ဆက်တိုက် သတင်းဖော်ပြခဲ့သည်။

ယခုဖော်ပြသော အရေအတွက်နှင့်ဆိုလျှင် တိုကျိုတွင် စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၂၀၀၉၆ ဦးရှိလာပြီဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၄ သန်းကျော်လွန်လာ

**ဝါရှင်တန် ဩဂုတ် ၂၇**

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူအရေအတွက်မှာ ဩဂုတ် ၂၆ ရက်တွင် ၂၄ သန်းကျော်လွန်လာပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ် သိပ္ပံနှင့် အင်ဂျင်နီယာဌာန (စီအက်စ်အက်စ်အီး) ကထုတ်ပြန်သော စာရင်းများအရ သိရသည်။

**စာရင်းထုတ်ပြန်**

ကမ္ဘာတစ်ဝန်းတွင် ဩဂုတ် ၂၆ ရက်အထိ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ ၂၄၀၀၀၃၀၂ ဦးရှိပြီး သေဆုံးသူပေါင်းမှာ ၈၂၁၆၅၄ ဦးရှိကြောင်း စီအက်စ်အက်စ်အီး ၏ထုတ်ပြန်သော စာရင်းများအရ သိရသည်။

**ကပ်ရောဂါ အများဆုံးခံစားရ**

အမေရိကန်နိုင်ငံသည် ကပ်ရောဂါအများဆုံး ခံစားခဲ့ရပြီး ကိုဗစ်-၁၉ လူနာ ၅၈၀၇၄၈၀ နှင့် သေဆုံးသူ ၁၇၉၂၃၅ ဦးရှိခဲ့ကြောင်းသိရသည်။ ထို့နောက် ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ လူနာ ၃၆၆၉၉၉၅ ဦးနှင့် သေဆုံးသူ ၁၁၆၅၈၀ ဦးဖြင့် ဒုတိယနေရာက ရပ်တည်လျက်ရှိသည်။

**တတိယနေရာတွင် ရပ်တည်**

အလားတူ အိန္ဒိယနိုင်ငံက ကိုဗစ်-၁၉ အတည်ပြုလူနာ ၃ ဒသမ ၂ သန်းကျော်ဖြင့် တတိယနေရာမှ ရပ်တည်လျက်ရှိသည်။

ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၅၀၀၀၀၀ အထက်ရှိသော နိုင်ငံများမှာ ရုရှား၊ တောင်အာဖရိက၊ ပီရူး၊ မက္ကဆီကိုနှင့် ကိုလံဘီယာနိုင်ငံ တို့ဖြစ်ကြသည်။

သေဆုံးသူ ၄၀၀၀၀ ကျော်ရှိသောနိုင်ငံများစာရင်းတွင် မက္ကဆီကို၊ အိန္ဒိယနှင့် ဗြိတိန်နိုင်ငံတို့ ပါဝင်ကြောင်း စီအက်စ်အက်စ်အီး ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၇၂ ရက်သာ**

**လိုတော့သည်။**

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊

✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊

✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊

✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊

✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။




## လှိုင်ကော်မြို့၌ နိုင်ငံသား စိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေး

လှိုင်ကော် သြဂုတ် ၂၇

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲပေးခွင့် ရရှိစေရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသော မဲဆန္ဒရှင် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိစေရေးအတွက် သစ္စာစီမံချက်ဖြင့် လှိုင်ကော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနနှင့် ကယားပြည်နယ် Norwegian Refugee Council (NRC) အဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့နယ် နမ့်ကွတ်ရပ်ကွက် တံခွန်တိုင်ခန်းမ၌ ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦး ဦးဆောင်သော ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့် နှစ်ဦး၊ အသက် ၁၈ နှစ်ပြည့် နှစ်ဦး ၊ ၁၈ နှစ်ပြည့် လဲလှယ် ၁၃ ဦး ၊ ပျောက်ဆုံး/မိတ္တူ ၁၁ ဦး ၊ စုစုပေါင်း ၂၈ ဦးတို့ကို နိုင်ငံသားစိစစ်ရေး ကတ်ပြားများ အခမဲ့ပြုလုပ်ပေးခဲ့ပြီး ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစန်းဝေ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မော်ထွန်းတို့က သွားရောက် ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**စိုးလှိုင်ဋ္ဌေး (ပြန်/ဆက်)**

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဈ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

### ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

➢ သာသနာ့ဝန်ထမ်း၊
➢ ထောင်ဒဏ်ကျခံနေရသူ၊
➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့. . . .**

# အမျိုးသားကြိုးပမ်းဆောင်ရွက်မှုကြီးတစ်ခုအနေနဲ့ မြင်စေချင်



စစ်တွေက ပြည်သူတွေနဲ့ တခြားကူးစက်မယ်လို့ ခန့်မှန်းရတဲ့ မြို့နယ်တွေက ပြည်သူတွေကို ကျန်းမာရေး စစ်ဆေးမှုပေးမယ်။ ကုသမှုလည်းပေးပါမယ်။ လိုအပ်သလို အားလုံးဆောင်ရွက်ပေးပါမယ်။ အထူးအစီအစဉ်တွေလည်း ချမှတ်ပြီးပါပြီ။ နိုင်ငံတော် သတင်းစာတွေထဲမှာလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဘယ်လိုအစီအစဉ်တွေ လုပ်ထားတယ်ဆိုတာကို ကြေညာပါမယ်။ အများပြည်သူက သိရှိနားလည်ပြီး ယုံကြည်စိတ်ချမှုရှိအောင်လို့ပါ။ ကျွန်မတို့ ဒီကိစ္စအောင်မြင်ရေးအတွက်က စစ်တွေမြို့နယ်တစ်ခုတည်း၊ ရခိုင်ပြည်နယ်တစ်ခုတည်းလုပ်ရမယ့် ကိစ္စမဟုတ်ပါဘူး။ ပြည်ထောင်စုတစ်ခုလုံးက လုပ်ရမယ့်ကိစ္စဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မစောစောကပြောသလို အမျိုးသားကြိုးပမ်းဆောင်ရွက်မှုကြီးတစ်ခုအနေနဲ့ မြင်စေချင်ပါတယ်။ ကျွန်မတို့ အားလုံးဝိုင်းလုပ်မှ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ အောင်လည်း အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။

**(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လ ၂၄ ရက်နေ့တွင် ရခိုင်ပြည်နယ်အတွင်း COVID–19 ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၂၂ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၆၀၂ ဦး ရှိသွားပြီ

နေပြည်တော် ဩဂုတ် ၂၇

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၂၂ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၆၀၂ ဦး ရှိသွားပြီဖြစ်ပြီး ပိုးတွေ့ရှိသူ ၂၂ ဦးမှာ ယူအေအီးနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူသုံးဦး၊ စင်ကာပူနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦးနှင့် ပြည်ပသို့ခရီးသွားရာဇဝင်မရှိသူ ၁၈ ဦး ဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၆၀၂ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၄၉ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၃၃၉ ဦးနှင့် ဩဂုတ် ၂၆ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၂၇ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၆၇ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၄၉၈၆၁ | ၆၀၂ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၄၉ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၃၄၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၃၉ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၃၁၆ | ၅ |
| ၂ | ရခိုင် | ၂၀၈ | |
| ၃ | ချင်း | ၁၉ | |
| ၄ | စစ်ကိုင်း | ၁၀ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၈ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၅ | |
| ၉ | မန္တလေး | ၅ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| စုစုပေါင်း | | ၆၀၂ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၇-၈-၂၀၂၀ ရက်၊ ည (၈:၀၀) နာရီ

## ၂၇-၈- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၀၀၂၁၇၆ | ၃၃၁၄၆၆၄ | ၁၈၃၆၈၇ |
| ၂။ | ဘရာဇီး | ၃၇၂၂၀၀၄ | ၂၉၀၈၈၄၈ | ၁၁၇၇၅၆ |
| ၃။ | အိန္ဒိယ | ၃၃၃၃၇၃၂ | ၂၅၄၁၀၉၂ | ၆၀၈၄၈ |
| ၄။ | ရုရှား | ၉၇၅၅၇၆ | ၉၇၂၅၆၁ | ၁၆၈၀၄ |
| ၅။ | တောင်အာဖရိက | ၆၁၅၇၀၁ | ၅၂၅၂၄၂ | ၁၃၅၀၂ |
| ၆။ | ပီရူး | ၆၁၃၃၇၈ | ၄၂၁၈၇၇ | ၂၈၁၂၄ |
| ၇။ | မက္ကဆီကို | ၅၇၃၈၈၈ | ၃၉၆၇၅၈ | ၆၂၀၇၆ |
| ၈။ | ကိုလံဘီယာ | ၅၇၂၂၇၀ | ၄၀၇၁၂၁ | ၁၈၁၈၄ |
| ၉။ | စပိန် | ၄၂၆၈၁၈ | စိစစ်ဆဲ | ၂၈၉၇၁ |
| ၁၀။ | ချီလီ | ၄၀၂၃၆၅ | ၃၇၆၂၆၈ | ၁၀၉၉၀ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၇– ၈ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၂၀၅၅၈၁ | ၁၃၃၉၉၀ | ၃၂၃၄ |
| အင်ဒိုနီးရှား | ၁၆၂၈၈၄ | ၁၁၈၅၇၅ | ၇၀၆၄ |
| စင်ကာပူ | ၅၆၅၇၂ | ၅၄၉၇၁ | ၂၇ |
| မလေးရှား | ၉၂၉၆ | ၈၉၉၄ | ၁၂၅ |
| ထိုင်း | ၃၄၀၄ | ၃၂၃၇ | ၅၈ |
| ဗီယက်နမ် | ၁၀၃၆ | ၆၃၇ | ၃၀ |
| မြန်မာ | ၆၀၂ | ၃၄၉ | ၆ |
| ကမ္ဘောဒီးယား | ၂၇၃ | ၂၆၄ | ၀ |
| ဘရူနိုင်း | ၁၄၄ | ၁၃၉ | ၃ |
| လာအို | ၂၂ | ၂၁ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၇-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၂၆-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ ထပ်မံ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၈၄၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ(၁၆၂)ခု နှင့်
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၂၄) ခုတို့တွင်-
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိခဲ့ရပါသည်။

၂။ သို့ဖြစ်ရာ (၂၆-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ (ပထမ+ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁,၂၈၄)ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၃၁၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဓာတ်ခွဲနမူနာ (၇၃) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ (ပထမ+ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၄၃၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၂၃)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၄) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၄၂)ခု
- စုစုပေါင်း (၂,၂၉၆)ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၂) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြု လူနာသစ် (၆)ဦး တွေ့ရှိကြောင်းကို (၂၆-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၃။ (၂၇-၈-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၅၈၆)ဦး ရှိပြီဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက်**
**ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၂၇-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၆-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၈၄၅) ခု |
| (၂၆-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ထပ်မံ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၆၂) ခု |
| (၂၆-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၆) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၇-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၆) ဦး | (၅၈၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၄၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၇-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့် / ခံယူစေမည့် ဆေးရုံ | 19-COVID ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 581 | ၆ လ | မ | မြောက်ဦးမြို့၊ ရခိုင်ပြည်နယ် | ရှိ (C-440) | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မြောက်ဦးမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြောက်ဦးမြို့) |
| 582 | ၂ နှစ် | မ | မြောက်ဦးမြို့၊ ရခိုင်ပြည်နယ် | ရှိ (C-440) | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မြောက်ဦးမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြောက်ဦးမြို့) |
| 583 | ၂၇ နှစ် | ကျား | မြောက်ဦးမြို့၊ ရခိုင်ပြည်နယ် | ရှိ (C-408) | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မြောက်ဦးမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြောက်ဦးမြို့) |
| *584 | ၃၇ နှစ် | မ | ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ရန်ကုန်မြို့ | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်္ဃန်းကျွန်း ဆေးရုံကြီး) |
| 585 | ၂၀ နှစ် | မ | ဘူးသီးတောင်မြို့၊ ရခိုင်ပြည်နယ် | ရှိ (C-468) | မရှိ | ပြည်သူ့ဆေးရုံ၊ ဘူးသီးတောင်မြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ဘူးသီးတောင်မြို့) |
| 586 | ၁၁ နှစ် | ကျား | ဘူးသီးတောင်မြို့၊ ရခိုင်ပြည်နယ် | ရှိ (C-468) | မရှိ | ပြည်သူ့ဆေးရုံ၊ ဘူးသီးတောင်မြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ဘူးသီးတောင်မြို့) |

*** စစ်တွေမြို့သို့ ခရီးသွားရာဇဝင်ရှိ၍ အသွားအလာကန့်သတ်ထားရှိသူ**

*✻ ကျောဖုံးမှ*

ယခုသွားရောက်သည့် စေတနာ့ဝန်ထမ်းများမှာ ကိုဗစ် - ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသ၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင် အတွေ့အကြုံရှိပြီး Community Based Facility Quarantine Center များ၌ တာဝန်ထမ်းဆောင်ခဲ့ဖူးသူများဖြစ်ကာ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့၏ အစီအစဉ်ဖြင့် စေတနာ့ဝန်ထမ်း ဆရာဝန်များက လေ့ကျင့်သင်ကြားပေးသော စေတနာ့ဝန်ထမ်းဆင့်ပွားသင်တန်းတက်ရောက်ပြီးသည့်သူများဖြစ်ကြသည်။

ရခိုင်ပြည်နယ်သို့ သွားရောက်သည့် စေတနာ့ဝန်ထမ်းများ၏ စားသောက်ရေး၊ နေထိုင်ရေး၊ သွားလာရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စများအား အစိုးရက တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါ စေတနာ့ဝန်ထမ်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဓာတ်ခွဲနမူနာများအား ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် စစ်ဆေးခဲ့ရာ ကျန်းမာရေးကောင်းမွန်သူများဖြစ်ကြောင်း သိရသည်။



**မိမိဆန္ဒအလျောက် ရခိုင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်မည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ စေတနာ့ဝန်ထမ်းများအား တာဝန်ရှိသူများနှင့်အတူ စစ်တွေလေဆိပ်၌ တွေ့ရစဉ်။**

ရခိုင်ပြည်နယ်၏ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ၌ တာဝန်ထမ်းဆောင်မည့် နိုင်ငံအနှံ့မှ စေတနာ့ဝန်ထမ်းလူငယ် ၂၅ ဦးသည် ယနေ့ ညနေ ၄ နာရီ မိနစ် ၅၀ က မြန်မာအမျိုးသားလေကြောင်းဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြသည်။ **(အပေါ်ပုံ)**

စေတနာ့ဝန်ထမ်း လူငယ်အဖွဲ့အား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဒေါ်သန်းသန်းဝင်း၊ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး၊ စစ်တွေခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(စစ်တွေ)မှ တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် စစ်တွေလေဆိပ်ဧည့်ခန်းမ၌ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ စစ်တွေခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားကြသည်။ ယင်း စေတနာ့ဝန်ထမ်းလူငယ်များအား တည်းခိုနေထိုင်မည့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(စစ်တွေ)ရှိ ရိပ်သာများသို့ ပို့ဆောင်ပေးကြသည်။

အဆိုပါ စေတနာ့ဝန်ထမ်းလူငယ်များသည် စစ်တွေမြို့တွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးအတွက် ဖွင့်လှစ်ထားသည့် အသွားအလာကန့်သတ်စောင့်ကြည့်နေရာများတွင် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်၊ တင်ထွန်း (ပြန်/ဆက်)**

# မြဝတီမြို့ မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၅၅ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဩဂုတ် ၂၇

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၅၅ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ပြန်လည်ဝင်ရောက်

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၂၇ ရက်အထိ ၁၄၂၄၄ ဦး စုစုပေါင်း ၆၉၈၅၉ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

## ပို့ဆောင်ပေး

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၂၉၇ ဦး၊ အမျိုးသမီး ၁၅၈ ဦး စုစုပေါင်း ၄၅၅ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၇–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၇–၈–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၅၆၃)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၃၂၆) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၇) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၇) ခုနှင့်
- နေပြည်တော်ပြည်သူ့ဆေးရုံကြီး၊ ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၆) ခု

စုစုပေါင်း (၁,၃၅၅)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆) ဦး တွေ့ရှိရပါသည်။

၂။ (၂၇–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၆၀၂) ဦး ရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၄)ဦး (Case– 362,363,368,369) ရှိသဖြင့် စုစုပေါင်း (၃၄၉) ဦး ရှိပါသည်။ ၎င်းတို့အနက် (၃၃၉) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှု လျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၆–၈–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၇–၈–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၆၇) ဦးရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၂၇–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၂၇–၈–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၆၃) ခု |
| (၂၇–၈–၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၂၆) ခု |
| (၂၇–၈–၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၇) ခု |
| (၂၇–၈–၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၆) ခု |
| (၂၇–၈–၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇) ခု |
| (၂၇–၈–၂၀၂၀) ရက်နေ့တွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး၊ ခုတင် (၁,၀၀၀) မှဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၆) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁၆) ဦး |

### COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၂၇–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁၆) ဦး | (၆၀၂) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၄) ဦး | (၃၄၉) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

### (၂၇–၈–၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID–19 လူနာတွေ့ရှိမှု

(၂၇–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | နေရပ်လိပ်စာ | COVID–19 ရောဂါအတည်ပြု လူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID–19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| *587 | ၄၀ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ကန်တော်နဒီဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ချမ်းမြေ့သာစံ မြို့နယ်) |
| 588 | ၆၁ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့) |
| 589 | ၁၉ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့) |
| 590 | ၆၄ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့) |
| 591 | ၆၆ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case–471) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့) |
| 592 | ၂၂ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case–471) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့) |
| 593 | ၂၄ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case–471) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့) |
| 594 | ၂၀ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case–471) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့) |
| 595 | ၄၀ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း စံပြ ပြည်သူ့ဆေးရုံကြီး) |
| 596 | ၂၁ နှစ် | ကျား | ရေးမြို့နယ်၊ မွန်ပြည်နယ် | မရှိ | ရှိ (ယူအေအီးနိုင်ငံ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 597 | ၃၅ နှစ် | ကျား | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ယူအေအီးနိုင်ငံ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 598 | ၃၂ နှစ် | ကျား | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | မရှိ | ရှိ (ယူအေအီးနိုင်ငံ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 599 | ၂၆ နှစ် | ကျား | ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case–505) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန် ပြည်သူ့ဆေးရုံကြီး) |
| 600 | ၃၄ နှစ် | ကျား | ကျောက်ပန်းတောင်း မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | ရှိ (စင်္ကာပူနိုင်ငံ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန် ပြည်သူ့ဆေးရုံကြီး) |
| *601 | ၅၆ နှစ် | ကျား | တောင်ငူမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပမြို့) |
| *602 | ၃၃ နှစ် | မ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပမြို့) |

* စစ်တွေမြို့သို့ ခရီးသွားရာဇဝင်ရှိ၍ အသွားအလာကန့်သတ်ထားရှိသူ

## ဂျပန်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဩဂုတ် ၂၇**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ဂျပန်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၅ ဦးအား တိုကျိုမြို့ နာရီတာ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တစ်ဆင့် All Nippon Airways (ANA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေ ချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(ယာပုံ)**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေးနှင့် (၂၁) ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID– 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ဂျပန်နိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ်




ငါးကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်သည်။ ထို့အပြင် ဂျပန်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား All Nippon Airways (ANA) ကယ်ဆယ်ရေး လေယာဉ်ဖြင့် စက်တင်ဘာ ၃ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# တောင်သူလယ်သမားများသို့ အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံအများစုတွင် (၂၀၂၀) ပြည့်နှစ် မိုးရာသီအတွင်း စီးဝင်ရေပမာဏမှာ ယခင်နှစ်များက ကာလတူပမာဏထက် နည်းပါးလျက်ရှိသည့်အတွက် သိုလှောင်ရေပမာဏမှာလည်း လျော့နည်းကျဆင်းလျက်ရှိပါသည်။

ထို့ပြင် ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ပုံမှန် မိုးစပါးစိုက်ပျိုးရေပေးဝေခြင်းအပြင် ယခင် မိုးစပါးစိုက်ပျိုးရေပေးဝေရန် မလိုအပ်သည့် မိုးကောင်းသောက်ဒေသများတွင်လည်း ဖြည့်စွက်ရေများ ပေးဝေနေရသည့် အခြေအနေများ ကြုံတွေ့နေရပါသဖြင့် ယခုနှစ်လျာထား မိုးစပါးစိုက်ဧကများ ပြည့်မီစွာ ရေပေးဝေနိုင်ရန်နှင့် လာမည့်နွေစပါးရာသီတွင်လည်း ဆည်အတွင်း ကျန်ရှိသိုလှောင်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံများ ယခင်နှစ် လျာထားပမာဏများအတိုင်း ပြည့်မီစွာစိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် သောက်သုံးရေလုံလောက်စွာပေးဝေနိုင်ရန်အတွက် ရေအသုံးချသူများအဖွဲ့များနှင့်အတူ ဆည်ရေကို စနစ်တကျ ချွေတာသုံးစွဲလျက်ရှိသည့်အပြင် အားလုံးသော တောင်သူလယ်သမားများနှင့် ပြည်သူများမှလည်း မိမိတို့ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ဧရာဝတီမြစ်ရေ ဇလွန်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၇

ယနေ့ ညနေ ၄ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

❑ *ကျောဖုံးမှ*

ထို့အပြင် ၂၀၁၇ ခုနှစ်တွင်လည်း ဒရင့်ဝါးတားကို ချယ်လ်ဆီးအသင်းထံသို့ ရောင်းချခဲ့သည်။ မာရက်ဇ်ကို ၂၀၁၈ ခုနှစ်တွင် မန်စီးတီးအသင်းထံသို့ ရောင်းချခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် မက်ဂွိုင်းယားကို မန်ယူအသင်းထံသို့ ရောင်းချခဲ့ကြောင်း သိရသည်။ ယခုနှစ်ရာသီတွင်လည်း ဘင်ချီဝဲလ်ကို ချယ်လ်ဆီးအသင်းထံသို့ ရောင်းချခဲ့ခြင်းဖြစ်သည်။

လက်စတာအသင်းသည် အဆိုပါကစားသမား ငါးဦးအတွက် ဝယ်ယူခဲ့စဉ်က စုစုပေါင်း ကုန်ကျငွေသည် ၂၄ ဒသမ ၁ သန်းသာရှိပြီး ပြန်လည်ရောင်းချသည့်အခါ ပေါင်သန်း ၂၅၀ ကျော်စုဆောင်းမိခဲ့ကြောင်း သိရသည်။ ထို့အပြင် လက်စတာအသင်းသည် ယခုနှစ် ရာသီပိတ်သိမ်းချိန်တွင်လည်း အာဆင်နယ်၊ စပါးအသင်းတို့အထက်တွင် ရပ်တည်ထားနိုင်သည့် အသင်းဖြစ်သည်။

၂၀၂၀-၂၀၂၁ ရာသီ ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲသည် စက်တင်ဘာ ၁၂ ရက်တွင် ယှဉ်ပြိုင်ကစားသွားရန်လျာထားကြောင်း သိရသည်။ အသက် ၄၂ နှစ်အရွယ်ရှိ လမ်းပတ်သည် ချယ်လ်ဆီးအသင်းကို တာဝန်ယူကိုင်တွယ်သည့် ပထမဆုံးရာသီမှာပင် ပရီမီယာလိဂ်ရာသီ ပိတ်သိမ်းချိန်၌ အဆင့် (၄) နေရာဖြင့် ရပ်တည်နိုင်အောင် ကူညီပေးထားနိုင်သူ ဖြစ်သည်။ ထို့အပြင် လမ်းပတ်သည် ၂၀၁၉ ခုနှစ် ဇူလိုင်လနောက်ပိုင်း ချယ်လ်ဆီးအသင်းကို ၅၅ ပွဲ တာဝန်ယူကိုင်တွယ်ထားရာ ၂၉ ပွဲနိုင်၊ ကိုးပွဲသရေနှင့် ၁၇ ပွဲရှုံးနိမ့်ထားသည့်အတွက် အနိုင်ရရှိမှုရာခိုင်နှုန်းသည် ၅၂ ဒသမ ၇ ရာခိုင်နှုန်းအထိရှိကြောင်း သိရသည်။

အစောပိုင်းသတင်းများတွင် လက်စတာအသင်းမှ ဘင်ချီဝဲလ်ကို မန်ယူအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများ ထွက်ပေါ်ထားသည်။ သို့သော်လည်း ချယ်လ်ဆီးအသင်းက မန်ယူအသင်းထက် လက်ဦးမှုရယူကာ ဘင်ချီဝဲလ်ကို စတန်းဖို့ဒ်ဘရစ်သို့ ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

အောင်ဇော်




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၈ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၃၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၅/၅၉၀ | ကျပ် | ၅၇၅/၅၉၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၅/၆၀၀ | ကျပ် | ၅၈၅/၆၁၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၉၅/၅၄၀ | ကျပ် | ၅၆၅/၅၇၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၂၅/၆၅၀ | ကျပ် | ၆၉၀/၇၁၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၄၄ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၉၁ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၅ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၈ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၆၈ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၆ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၄၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၀၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၆၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၂ . ၃၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၀၆၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၁၆၃၆ | ၁၆၁၇၉၆၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၉၄၁ | ၃၄၈၁၇၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၂၁၅ | ၁၆၇၇၀၀၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၂၀၁ | ၄၃၂၁၅၀၀ |
| TMH | ၂၇၅၀ | ၂၇၀၀ | ၆၄ | ၁၇၂၈၀၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၂၀ | ၆၂၀၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ –

(၁) ကချင်ပြည်နယ်တွင် ၄.၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင် ၅.၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) ကရင်ပြည်နယ်တွင် ၅.၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် ၄.၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၇.၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၃.၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၆.၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၇.၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင် ၄.၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၅.၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ၄.၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၇.၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၄.၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၄.၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၇.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၀.၆ ရာခိုင်နှုန်းမှ ၁၉.၈ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈.၇ ရာခိုင်နှုန်းမှ ၃၉.၃ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၀.၇ ရာခိုင် နှုန်းမှ ၄၀.၉ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(င) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၉၀,၂၈၂.၄ ဘီလီယံ ဖြစ်ပေါ်စေရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၇.၂၆ ရာခိုင်နှုန်း၊ သမဝါယမပိုင် အခန်းမှ အချိုးအစားအားဖြင့် ၀.၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၂.၇၃ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၆,၂၀၀.၀ သန်း တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို အမေရိကန်ဒေါ်လာ ၁၈,၅၀၀.၀ သန်း တင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၂,၀၉၇,၁၈၇ မှ ကျပ် ၂,၂၈၄,၉၇၀ သို့ ဖြစ်ပေါ်လာရန်။

**အခန်း(၃)**

**အထွေထွေ**

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) နှင့် (၇) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်းအကောင်အထည်ဖော်ကြရန် ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက် ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရ တွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှုသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်း ရေးကို ဖော်ဆောင်သော စီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ မဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေး အရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ကာလတို ၅ နှစ် စီမံကိန်း၌ ထည့်သွင်းရေးဆွဲပြီးမှ နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်းဘဏ်အတွင်း ထည့်သွင်းစိစစ်အတည်ပြုထားသည့် ဗျူဟာမြောက် စီမံကိန်းများကို ကာလတို ၅ နှစ် စီမံကိန်းတွင် မပါရှိသော်လည်း နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြခွင့်ရှိသည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှ စတင်ပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

*(ပူးတွဲပါဇယားများ ဆက်လက်ဖော်ပြပါမည်)*

# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(လ) **ရည်ညွှန်းကိုးကားဓာတ်ခွဲခန်း**ဆိုသည်မှာ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ သို့မဟုတ် နိုင်ငံတကာက အသိအမှတ်ပြုထားသော စံချိန်စံညွှန်းများနှင့်အညီ တိရစ္ဆာန်ကျန်းမာရေးနှင့် စပ်လျဉ်း၍ ဓာတ်ခွဲစမ်းသပ်ခြင်း လုပ်ငန်းများကို အထောက်အကူပေးခြင်း၊ ဓာတ်ခွဲခန်း တွေ့ရှိချက်အတည်ပြုပေးခြင်းတို့ကို ဆောင်ရွက်ပေးသည့် ဓာတ်ခွဲခန်းကို ဆိုသည်။

(ဝ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဆိုသည်။

(သ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဟ) **ဝန်ကြီး** ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဠ) **ဦးစီးဌာန** ဆိုသည်မှာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကို ဆိုသည်။

(အ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ကက) **တိရစ္ဆာန်ဆေးကုအရာရှိချုပ်** ဆိုသည်မှာ ဝန်ကြီးဌာနက တိရစ္ဆာန်ဆေးကုအရာရှိချုပ်အဖြစ် ဤဥပဒေအရ ခန့်အပ်သော တိရစ္ဆာန်ဆေးကုဆရာဝန်ကို ဆိုသည်။

(ခခ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဦးစီးဌာနက သတ်မှတ်သော လုပ်ငန်းများကို စစ်ဆေးရန် ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသော ဝန်ထမ်းတစ်ဦးဦးကို ဆိုသည်။

(ဂဂ) **တိရစ္ဆာန်ကျန်းမာရေးလုပ်သား** ဆိုသည်မှာ ဦးစီးဌာနက ဖွင့်လှစ်သော တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ အခြေခံ သင်တန်းတက်ရောက်အောင်မြင်ပြီး ဦးစီးဌာနက သတ်မှတ်သောလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခွင့်ရသည့် အသိအမှတ်ပြု လက်မှတ်ရရှိသူကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း၊ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ အရည်အသွေးပြည့်မီကောင်းမွန်သော တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါး၊ တိရစ္ဆာန်သုံးပစ္စည်းနှင့် တိရစ္ဆာန်ထွက် ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်း၊ သုတေသနနှင့် ပညာပေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) ပြည်တွင်းစားသုံးမှု ဖူလုံစေပြီး ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်းတို့တွင် အာဟာရပြည့်ဝ၍ အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်သည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးနိုင်စေရန်၊

(ဂ) တိရစ္ဆာန်မျိုးရိုးဗီဇ အရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းရေးနှင့် မျိုးကောင်းမျိုးသန့် ရရှိရေးတို့အတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(ဃ) ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ခြင်း၊ စူးစမ်းလေ့လာခြင်းနှင့် ဖြစ်ပွားသည့်အခါ စနစ်တကျ တုံ့ပြန်ထိန်းချုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန်နှင့်တိရစ္ဆာန်မှ လူသို့ ကူးစက်တတ်သော ရောဂါများကို ကာကွယ်ထိန်းချုပ်ရန်၊

(င) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ မွေးမြူခြင်း၊ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊

(စ) တိရစ္ဆာန်များကို တမင်ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် စပ်လျဉ်း၍ ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်ပေးရန်၊

(ဆ) မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော ငွေကြေး၊ နည်းပညာနှင့် မျိုးကောင်းမျိုးသန့် ထောက်ပံ့ပေးရန်၊ မွေးမြူရေးမြေ၊ မွေးမြူရေးခြံအဖြစ် စနစ်တကျ လုပ်ကိုင်နိုင်စေရန်နှင့် ဈေးကွက်ဖော်ဆောင်ပေးရန်။

**အခန်း (၃)**

**ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်–

(က) ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(၁) ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
(၂) ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
(၃) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊အခြားအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်အဆင့်အောက်မနိမ့်သောပုဂ္ဂိုလ် — အဖွဲ့ဝင်
(၄) တိရစ္ဆာန်ဆေးပညာကောင်စီမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
(၅) မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်းမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
(၆) မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်မှကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
(၇) မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
(၈) ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်း ဦးစီးဌာန — အဖွဲ့ဝင်
(၉) တိရစ္ဆာန်ဆေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး — အဖွဲ့ဝင်

*(ဆက်လက်ဖော်ပြပါမည်)*

# အမျိုးသားစာကြည့်တိုက် ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ဂ) ပြင်ပသို့ရောက်ရှိနေသော အမျိုးသားစာကြည့်တိုက်ပိုင် စာပေအနုပညာပစ္စည်းများကို အမျိုးသားစာကြည့်တိုက်သို့ ပြန်လည်ပေးပို့ထိန်းသိမ်းနိုင်စေရန် ဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်းပြည်ပရှိ အခြားစာကြည့်တိုက်ဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း၊

(င) စာကြည့်တိုက်လုပ်ငန်း စွမ်းရည်မြင့်မားရေးအတွက် ပြည်တွင်းပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများသို့ အမျိုးသားစာကြည့်တိုက်ဝန်ထမ်းများကို ရွေးချယ်စေလွှတ်ခြင်း။

**အခန်း(၄)**

**အမျိုးသားစာကြည့်တိုက် ဖွဲ့စည်းတည်ထောင်ခြင်း**

၇။ ဝန်ကြီးဌာနသည် အမျိုးသားစာကြည့်တိုက်ကို အောက်ပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ထောင်ရမည် –

(က) ပြည်တွင်းထုတ် ထုတ်ဝေစာများနှင့် ရှားပါးစာပေအနုပညာပစ္စည်းများ၊ လက်ရေးစာများ အားလုံးကို ပြည့်စုံအောင်စုဆောင်း၍ ပြည်တွင်းပြည်ပသုတေသီများနှင့် ပြည်သူလူထု တစ်ရပ်လုံး ရည်ညွှန်းကိုးကား အသုံးပြုနိုင်စေရန်၊

(ခ) ရှေးဟောင်းစာပေ၊ စာပေအနုပညာပစ္စည်းများ၊ နိုင်ငံတကာမှ ထုတ်ဝေသော မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့်စာစုများ၊ တိုင်းရင်းသားလူမျိုးများဆိုင်ရာ စာစုများကို ပြည့်စုံအောင် စုဆောင်း၍ အမျိုးသားစာပေစုအဖြစ် ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ဂ) စာကြည့်တိုက်လုပ်ငန်းများကို စာကြည့်တိုက်ပညာရပ်များနှင့် အညီ စနစ်တကျရှိစေရန်နှင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရန်။

၈။ (က) ဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်း သင့်လျော်သည့်ဒေသတွင် အမျိုးသားစာကြည့်တိုက်ခွဲများ ဖွဲ့စည်းတည်ထောင်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းတည်ထောင်သော အမျိုးသားစာကြည့်တိုက်ခွဲများသည် သက်ဆိုင်ရာ အမျိုးသားစာကြည့်တိုက်၏ ကြီးကြပ်အုပ်ချုပ်မှုကို ခံယူရမည်။

**အခန်း(၅)**

**အမျိုးသားစာကြည့်တိုက်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၉။ အမျိုးသားစာကြည့်တိုက်၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) နိုင်ငံတော်နှင့်သက်ဆိုင်သည့် စာစုများ၊ တိုင်းရင်းသားလူမျိုးများ အားလုံး၏ စာပေအနုပညာပစ္စည်းများ အပါအဝင် အမျိုးသားစာပေစုအမွေအနှစ်များကို စုဆောင်း၍ ခေတ်မီနည်းပညာရပ်များဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တိုးတက်ပြန့်ပွားစေခြင်း၊

(ခ) ပညာရပ်အမျိုးမျိုးနှင့် ဘာသာစကားအမျိုးမျိုးမှ အသိပညာဗဟုသုတတိုးပွားစေနိုင်သော၊ စာပေယဉ်ကျေးမှုနှင့် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို ထင်ဟပ်စေနိုင်သော၊ ဉာဏ်ရည်ဉာဏ်သွေးနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ကို မြင့်မားစေနိုင်သော စာပေအနုပညာပစ္စည်းများကို ရယူစုဆောင်းခြင်း၊

(ဂ) စာပေအနုပညာပစ္စည်းများဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း၊

(ဃ) စာကြည့်တိုက်များအတွက် စာကြည့်တိုက် စနစ်များနှင့် စာကြည့်တိုက်လုပ်ငန်းဆိုင်ရာ လမ်းညွှန်၊ လက်စွဲစာအုပ်များ ပြုစုထုတ်ဝေခြင်း၊

(င) စာကြည့်တိုက်လုပ်ငန်းနှင့် စာကြည့်တိုက်ဆိုင်ရာ အသိပညာ၊ အတတ်ပညာ ပြန့်ပွားရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ အပါအဝင် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်ခြင်း၊

(စ) စာကြည့်တိုက်အသုံးပြုမှု မြင့်မားလာရေးနှင့် စာဖတ်စွမ်းရည်မြင့်မားလာရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဆ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းသာမက နိုင်ငံတကာမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် ဆက်သွယ်၍ စာကြည့်တိုက် စာစုများ တိုးပွားစေရေးနှင့် စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဇ) ပြည်တွင်း၌ထုတ်ဝေမည့် စာပေအနုပညာပစ္စည်းများအတွက် စာကြည့်တိုက်သုံး ကက်တလောက် (Cataloguing in Publication) ကို ပြုစုပေးခြင်း၊

(ဈ) ပြည်တွင်း၌ထုတ်ဝေမည့် စာအုပ်နှင့် စာနယ်ဇင်းများအတွက် နိုင်ငံတကာအသိအမှတ်ပြု စာအုပ်အမှတ် (International Standard Book Number– ISBN)နှင့် နိုင်ငံတကာအသိအမှတ်ပြု စာနယ်ဇင်းအမှတ် (International Standard Serial Number– ISSN) လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း။

၁၀။ အမျိုးသားစာကြည့်တိုက်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) ပြည်တွင်း၌ထုတ်ဝေသော စာပေအနုပညာပစ္စည်းများကို ဥပဒေနှင့်အညီ ရယူထိန်းသိမ်းရေး (National Depository) ဆောင်ရွက်ခြင်း၊

(ခ) အမျိုးသားစာကြည့်တိုက်၏ အဆောက်အအုံ၊ ပရိဘောဂနှင့် စာပေအနုပညာပစ္စည်းများကို သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အသုံးပြုခြင်း၊

(ဂ) အမျိုးသားစာကြည့်တိုက်က စုဆောင်းထိန်းသိမ်းရန် လိုအပ်မည့် စာပေအနုပညာပစ္စည်းများကို သတ်မှတ်ထားသော စာပေအနုပညာပစ္စည်း စုဆောင်းရေးမူဝါဒနှင့်အညီ ဝယ်ယူစုဆောင်းခြင်း၊ စနစ်တကျနေရာချထားခြင်း၊ ခေတ်မီနည်းပညာဖြင့် ထိန်းသိမ်းခြင်း၊ အများပြည်သူအသုံးပြုခွင့်ပေးခြင်း၊

(ဃ) ပြည်တွင်းပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် စာပေအနုပညာ ပစ္စည်းလဲလှယ်ရေး အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) ပြည်တွင်းပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် စဉ်ဆက်မပြတ် ဆက်သွယ်၍ မြန်မာနိုင်ငံစာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စာကြည့်တိုက်မှူးများ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် သင်တန်းများ၊ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ ပြုလုပ်ခြင်း၊ ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်း။

**အခန်း(၆)**

**စာပေအနုပညာပစ္စည်းများ ရယူစုဆောင်းခြင်း**

၁၁။ ကြီးကြပ်မှုအဖွဲ့သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း အပါအဝင် ပြည်တွင်း၌ထုတ်ဝေသော မည်သည့်စာပေအနုပညာပစ္စည်းကိုမဆို အမျိုးသားစာကြည့်တိုက်ပိုင် စာပေအနုပညာပစ္စည်းအဖြစ် ရယူစုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို အောက်ပါ ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ရမည် –

(က) စာပေအနုပညာပစ္စည်းများအား နိုင်ငံတော်၏ စာပေစုအမွေအနှစ်အဖြစ် စုဆောင်းခြင်း၊

(ခ) စုဆောင်းရရှိထားသည့် စာပေအနုပညာပစ္စည်းများ မပျောက်မပျက်စေရေးအတွက် ခေတ်မီနည်းပညာများဖြင့် ပြုပြင်ထိန်းသိမ်းခြင်း၊

(ဂ) စာပေအနုပညာပစ္စည်းများ၏ ပြည့်စုံသော အမျိုးသားစာစုစာရင်း (National Bibliography) ကို ပြုစုထုတ်ဝေခြင်း။

၁၂။ (က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း အပါအဝင် ထုတ်ဝေသူသည် နိုင်ငံတော်အတွင်း ထုတ်ဝေသမျှသော ပုံနှိပ်နှင့်ပုံနှိပ်မဟုတ်သော စာပေအနုပညာ ပစ္စည်းများကို ထုတ်ဝေရောင်းချမည့် အရည်အသွေးအတိုင်း ပြည့်စုံစွာ ပါဝင်စေလျက် ထုတ်ဝေသည့်နေ့မှ တစ်လအတွင်း ငါးအုပ်၊ ငါးစောင် သို့မဟုတ် ငါးခုကို အမျိုးသားစာကြည့်တိုက်သို့ အခမဲ့ပေးပို့ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရန် ပျက်ကွက်သဖြင့် စီမံခန့်ခွဲမှုပြစ်ဒဏ်စီရင်ခြင်းခံရပြီး ဖြစ်စေကာမူ ထုတ်ဝေသူသည် ၎င်းပေးပို့ရန်ပျက်ကွက်သော စာပေအနုပညာပစ္စည်းကို မူလအတိုင်းဖြစ်စေ၊ ပြန်လည်ပုံနှိပ်ထုတ်ဝေ၍ဖြစ်စေ ပုဒ်မခွဲ(က)တွင် သတ်မှတ်ထားသည့် အရေအတွက်အတိုင်း အမျိုးသားစာကြည့်တိုက်သို့ပေးပို့ရမည်။

၁၃။ အမျိုးသားစာကြည့်တိုက်သည် လိုအပ်ပါက ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အရ ပေးပို့သော စာပေအနုပညာ ပစ္စည်းများအနက် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက် အရေးကြီးသော စာပေအနုပညာပစ္စည်းများကို ရွေးချယ်သတ်မှတ်ပြီး စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ အသွင်ပြောင်းလဲ၍ အမျိုးသားစာကြည့်တိုက်တွင် ရေရှည်တည်တံ့စေရန် ထိန်းသိမ်းနိုင်သည်။

၁၄။ အမျိုးသားစာကြည့်တိုက်သည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အရ ပေးပို့သော စာပေအနုပညာပစ္စည်းများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် –

(က) စနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်း၊

(ခ) တိုက်ပိုင်မှတ်ပုံတင်စာရင်း သီးခြားထားရှိ၍ ရေးသွင်းမှတ်တမ်းတင်ခြင်း၊

(ဂ) အမျိုးသားစာပေစု အမွေအနှစ်အဖြစ် ထိန်းသိမ်းနိုင်ရေးအတွက် စာပေအနုပညာပစ္စည်းများ၏ တစ်မျိုးစီကို အမြဲတမ်းသိမ်းဆည်းခြင်း၊

(ဃ) အမျိုးသားစာစုစာရင်းကို ပြုစုထုတ်ဝေခြင်း။

**အခန်း(၇)**

**စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း**

၁၅။ ကြီးကြပ်မှုအဖွဲ့သည် –

(က) အမျိုးသားစာကြည့်တိုက် သို့မဟုတ် အမျိုးသားစာကြည့်တိုက်ခွဲပိုင် စာပေအနုပညာ ပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲ အမျိုးသားစာကြည့်တိုက် သို့မဟုတ် အမျိုးသားစာကြည့်တိုက်ခွဲ၏ ပြင်ပသို့ယူဆောင်သူကို ကျပ်တစ်ဆယ်သိန်း ဒဏ်ကြေးချမှတ်ရမည်။

(ခ) အမျိုးသားစာကြည့်တိုက် သို့မဟုတ် အမျိုးသားစာကြည့်တိုက်ခွဲပိုင် စာပေအနုပညာ ပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲ တစ်နည်းနည်းဖြင့် မိတ္တူကူးယူခြင်း၊ မူပွားခြင်း၊ အသွင်ပြောင်းကူးယူခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်း ပြုလုပ်သူကို ကျပ်တစ်ဆယ်သိန်း ဒဏ်ကြေးချမှတ်ရမည်။

(ဂ) စာပေအနုပညာပစ္စည်းများကို ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်နှင့်အညီ ပေးပို့ရန် ပျက်ကွက်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်း သို့မဟုတ် ထုတ်ဝေသူကို ကျပ်သုံးသိန်း ဒဏ်ကြေးချမှတ်ရမည်။

၁၆။ ကြီးကြပ်မှုအဖွဲ့သည် –

(က) ပုဒ်မ ၁၅ အရ ချမှတ်ထားသည့် ဒဏ်ကြေးငွေများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(ခ) ပုဒ်မ ၁၅ အရ ချမှတ်ထားသည့် ဒဏ်ကြေးငွေများကို ပေးဆောင်ခြင်းမရှိသည့် မည်သူ့ကိုမဆို သက်ဆိုင်ရာဥပဒေများနှင့်အညီ အရေးယူနိုင်ရန် ဆက်လက်ဆောင်ရွက်ရမည်။

**အခန်း(၈)**

**အထွေထွေ**

၁၇။ ဝန်ကြီးဌာနသည် အမျိုးသားစာကြည့်တိုက်တွင် ထားရှိသင့်သည်ဟု ကြီးကြပ်မှုအဖွဲ့က သဘောတူဆုံးဖြတ်သော မည်သည့်စာပေအနုပညာ ပစ္စည်းကိုမဆို မူလပိုင်ရှင်၏ခွင့်ပြုချက်ဖြင့် ကူးယူ၍ ဖြစ်စေ၊ သင့်လျော်သောနှုန်းဖြင့် ဝယ်ယူ၍ဖြစ်စေ၊ အခမဲ့ဖြစ်စေ အမျိုးသားစာကြည့်တိုက်သို့ လွှဲပြောင်းထိန်းသိမ်းစေရန် ဆောင်ရွက်နိုင်သည်။

၁၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကြီးကြပ်မှုအဖွဲ့ဝင်များသည် ဝန်ကြီးဌာနက ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ခွင့်ပြုသော စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၁၉။ ဦးစီးဌာနသည် ကြီးကြပ်မှုအဖွဲ့၏ ရုံးလုပ်ငန်းကိစ္စများကို တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ကြီးကြပ်မှုအဖွဲ့၏ အသုံးစရိတ်များကိုလည်း ကျခံရမည်။

၂၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကြီးကြပ်မှုအဖွဲ့တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရွှေဝယ်စျေး သမဝါယမအသင်းမှ အသင်းသားများအား ချေးငွေများ ပုံမှန်ပြန်လည်ထုတ်ချေး

**နေပြည်တော် ဩဂုတ် ၂၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် မြို့မစျေးကြီးရှိ ရွှေဝယ်စျေး သမဝါယမအသင်းလီမိတက်မှ အသင်းသားများအား ဖွန်လမှစတင်၍ ချေးငွေထုတ်ချေးမှုများ ပုံမှန်ပြန်လည်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်ထံမှ သိရသည်။

ရွှေဝယ်စျေး သမဝါယမအသင်းလီမိတက်ကို ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၀ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး ယနေ့အထိ အသင်းသား ၂၈၁ ဦးရှိကြောင်း၊ ချေးငွေများကို ရက် ၆၀ ဆပ်၊ ရက် ၉၀ ဆပ်စနစ်ဖြင့် အသင်းသားတစ်ဦးလျှင် အနည်းဆုံး ငွေကျပ် ၆၀၀၀၀ မှ အများဆုံး ၁၅သိန်းအထိ ထုတ်ချေးပေးလျက်ရှိပြီး အသင်းသား၏ စုဆောင်းငွေနှင့် ပြန်လည်ပေးဆပ်နိုင်မှုပေါ် မူတည်၍ ဝိုင်းကြီးချုပ် စနစ်ဖြင့် ထုတ်ချေးပေးလျက်ရှိသည်။ ထုတ်ချေးငွေပေါ် တစ်လလျှင် အတိုးနှုန်း ၁၀ ရာခိုင်နှုန်း ရယူပြီး အသင်းသားများ၏ စုဆောင်းငွေပေါ်တွင်ပြား ၆၀ နှုန်း ပြန်လည်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် အသင်းသား သေဆုံးပါက ငွေကျပ် ၆၀၀၀၀၊ အသင်းသား၏ မိသားစုဝင် သေဆုံးပါက ငွေကျပ် ၃၀၀၀၀၊ အသင်းသားဆေးရုံတက် ခွဲစိတ်ကုသလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ပံ့ပိုးပေးလျက်ရှိပြီး ကိုဗစ်– ၁၉ ကာလဖြစ်သော ၂၀၂၀ ပြည့်နှစ် ဧပြီနှင့် မေလများတွင် အရင်းဆိုင်းငံ့ခြင်း၊ အတိုးရပ်ဆိုင်းခြင်းများ ဆောင်ရွက်ခဲ့ရာမှ ဖွန်လမှစတင်၍ အသင်းသားများသို့ ချေးငွေထုတ်ချေးခြင်းလုပ်ငန်းများ ပုံမှန်ပြန်လည်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

**သီဟစည်သူ**



# တစ်ဦးတည်းမူပိုင်ကုန်အမှတ်တံဆိပ်၊ ထုပ်ပိုးမှုပုံစံဒီဇိုင်း သတိပေးကြေညာချက်


ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄) ရပ်ကွက်၊ ဘိုးရာဇာလမ်း၊ အမှတ် (၃၀)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဘင်သစ် (၁၂/ကမတ (နိုင်) ဝ၆၄၀၂၃) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာပါသည်။

## ENJOY

**(စာချုပ်အမှတ် ၄/၁၂၈၅/၂၀၀၃) (စာချုပ်အမှတ် ၄/၁၂၈၆/၂၀၀၃)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် အမည်ကောင်းဂုဏ်သတင်းနှင့် အစဉ်တည်တန့်ရှင်သန်နေမည်ဖြစ်သော နိုင်ငံသားပိုင်လုပ်ငန်းတစ်ခု၏ ဂုဏ်ယူဖွယ်ပြည်တွင်းထုတ်ကုန်ပစ္စည်းများအဖြစ် အလှကုန်ပစ္စည်းအမျိုးမျိုးနှင့်လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားနိုင်ရန်အလို့ငှာ အဆိုပါ ENJOY အမှတ်အသားကို အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာချက်စာချုပ်နံပါတ်အသီးသီးတို့ဖြင့် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ကျွန်ုပ်၏မိတ်ဆွေက နည်းလမ်းတကျ မှတ်ပုံတင်သွင်းထားရှိခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ၂၀၀၄ခုနှစ်တွင် ENJOY shampoo, ENJOY hair cream, ENJOY hair gelတို့ကို စတင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချစဉ်ကပင် မိမိလုပ်ငန်း၏ ထုတ်ကုန်ပစ္စည်းများကို အခြားသော လုပ်ငန်းတူထုတ်ကုန်ပစ္စည်းများနှင့် မတူကွဲပြားထင်ရှားခြားနားလျက်သိသာပေါ်လွင်နေစေရန် ထုတ်ကုန်ပစ္စည်း၏ ထုပ်ပိုးမှုပုံစံဒီဇိုင်း (Product's Packaging Design) အသုံးပြုမှုအပေါ် အထူးအလေးထားခဲ့သည်ဖြစ်ရာ ၂၀၀၆ခုနှစ်တွင် ENJOY Vitamin E Oil ထုတ်ကုန်အသစ်အား ဈေးကွက်အတွင်းမိတ်ဆက်ဖြန့်ဖြူးခြင်းအပါအဝင် ထုတ်လုပ်ကုန်ပစ္စည်းအားလုံး၏ အိတ်ခွံဒီဇိုင်းများကို ခုနှစ်များအလိုက် အောက်ဖော်ပြပါအတိုင်း မိမိ၏ကိုယ်ပိုင်စိတ်ကူးအား ဒီဇိုင်းပညာရှင်နှင့် ပူးပေါင်းပုံဖော်ကာ ENJOY မှတ်ပုံတင် ကုန်အမှတ်တံဆိပ်နှင့်တွဲဖက်လျက် သီးသန့်ထင်ရှားထူးခြားသည့် ကုန်သွယ်မှုအဆင်အပြင် (Trade Dress)အဖြစ် စတင်တီထွင် အသုံးပြုလျက်ရှိပါသည်။




(၂၀၀၆ခုနှစ်)




(၂၀၀၆ခုနှစ်)




(၂၀၀၈ခုနှစ်)




(၂၀၁၂ခုနှစ်)




(၂၀၁၂ခုနှစ်)

ဖော်ပြပါ ကုန်သွယ်မှုအဆင်အပြင် (Trade Dress) ဖြစ်သော ကုန်ပစ္စည်းထုပ်ပိုးမှုပုံစံ (Product's Packaging Design) နှင့် တွဲဖက်အသုံးပြုထားသည့် ENJOY ကုန်အမှတ်တံဆိပ်ပါ Vitamin E Oil အလှကုန်ပစ္စည်းများ၏ ထူးခြားထင်ရှားကွဲပြားသော အိတ်ခွံပုံစံဒီဇိုင်း၊ သီးသန့်ရွေးချယ်သုံးစွဲထားသည့် အရောင်အသွေး၊ ASEAN အလှကုန် စံနှုန်းများနှင့်အညီ ပါဝင်ပစ္စည်းအသုံးပြုမှုအရည်အသွေးစစ်မှန်ချက်၊ အများပြည်သူက လက်လှမ်းမီ ဝယ်ယူအသုံးပြုနိုင်စေသည့်ဈေးနှုန်း၊ မိမိထုတ်ကုန်ပစ္စည်းအပေါ် အပြည့်အဝတာဝန်ယူမှုနှင့် အစဉ်မပြတ်တာဝန်ခံမှုတို့ဖြင့် ကျွန်ုပ်မိတ်ဆွေ၏ နှစ်ကာလများစွာ တစ်စိုက်မတ်မတ်ကြိုးပမ်းအားထုတ်မှုကြောင့် ENJOYအလှကုန်ပစ္စည်းများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်း သုံးစွဲသူပြည်သူအများ၏ ယုံကြည်စိတ်ချစွာ ဝယ်ယူအသုံးပြုမှုနှင့် တစ်ခဲနက်အားပေးထောက်ခံမှုတို့ကို ဂုဏ်ယူဝမ်းမြောက်စွာ လက်ခံရရှိလျက်ရှိပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ ကိုယ်ပိုင်စိတ်ကူးဖြင့် ဖန်တီးတီထွင်ကာ ပြည်တွင်းဈေးကွက်တွင် ၂၀၀၄ခုနှစ်မှ စတင်အသုံးပြုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တည်ဆဲဥပဒေများနှင့်အညီ ကုန်အမှတ်တံဆိပ်၊ ထုပ်ပိုးမှုပုံစံဒီဇိုင်းတို့အပေါ် တစ်ဦးတည်းသီးသန့်မူပိုင်အခွင့်အရေး (Exclusive Right of Trademark Ownership) ရရှိထားသည်ဖြစ်သော အထက်ဖော်ပြပါ ENJOY အမှတ်အသားကိုဖြစ်စေ၊ ကုန်ပစ္စည်းထုပ်ပိုးမှုပုံစံ/ကုန်သွယ်မှုအဆင်အပြင်၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့စုပေါင်းဖော်ပြချက်ကိုဖြစ်စေ ကျွန်ုပ်မိတ်ဆွေ၏ အတိအလင်းခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ တစ်နည်းနည်းဖြင့် ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား သံတူယိုးမှား၊ တုပမှိုငြမ်းကူးယူသုံးစွဲမှုတစ်စုံတစ်ရာမပြုလုပ်ကြပါရန်၊ တစ်နည်းနည်းတုပမှိုငြမ်း ကူးယူအသုံးပြုမှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတိပေးချက်နှင့်တကွ "ENJOY" Vitamin E Oil အလှကုန်ပစ္စည်းအမျိုးမျိုးတို့အား နှစ်ပေါင်းရှည်ကြာခိုင်မြဲစွာ ယုံကြည်အားပေးဝယ်ယူသုံးစွဲလျက်ရှိကြသော မိတ်ဟောင်းမိတ်သစ်များနှင့် အများပြည်သူအပေါင်းကို ဈေးကွက်အတွင်း အထူးသတိပြုကာ ဆက်လက်အားပေး၍ဝယ်ယူသုံးစွဲကြပါရန် အသိပေးကြေညာအပ်ပါသည်။

ဦးဘင်သစ် (၁၂/ကမတ (နိုင်) ဝ၆၄၀၂၃) ၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးသိန်းအောင် ***B.Sc., R.L., D.B.L Advocate*** တရားလွှတ်တော်ရှေ့နေ (စဉ်-၆၇၀၄)
*Diploma in Int'l Business Organizations (U.K)*
*Diploma in Int'l Intellectual Property Law (U.K)*
ဒေါ်ခင်မျိုးခိုင် *LL.M* အထက်တန်းရှေ့နေ (စဉ်-၄၉၉၄၄) ဒေါ်ဇင်ပွင့်ဖြူ *LL.M* အထက်တန်းရှေ့နေ (စဉ်-၅၀၇၁၇)
အမှတ်(၅၆၇)၊ အခန်း-၃၀၄၊ MAC Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Email: info@htiplawfirm.com
Tel: 376318, G.P.O Box:666, Yangon, Myanmar







## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်များထံသို့ အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ -၁၄)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၂၀၁၉ ခုနှစ် တရားမအယူခံမှုအမှတ် – ၆၈၁

ဦးကျော်ဇင်မင်း နှင့် ဦးလှိုင်ဘွား

**အယူခံတရားလို** **အယူခံတရားပြိုင်**

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့စွဲပါ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်၏ တရားမပထမအယူခံမှုအမှတ် ၁၁၆/ ၂၀၁၉ ကို အယူခံမှု။

အယူခံတရားပြိုင် ဦးလှိုင်ဘွား၊ အမှတ် ၁၈၂၊ ကုန်သည်လမ်း၊ ၄ ရပ်ကွက်၊ လပွတ္တာမြို့၊ ဧရာဝတီတိုင်းဒေသကြီး (ယခင်လိပ်စာ၊ ယခုနေရပ်လိပ်စာမသိနေ) သိစေရမည်။

ယခုအမှုတွင် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်က ချပေးသည့် ဒီကရီကို အယူခံတရားလို၏တရားလွှတ်တော်ရှေ့နေ ဦးစိုးမြင့်က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာ ၁၁ ရက်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေကဖြစ်စေ ဤအယူခံမှုတွင် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့် အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသည့် အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၏ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းသိန်း)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

## မြေကွက်ဝယ်လိုသည်

ရန်ကုန်မြို့၊ အမှတ်(၂)
လမ်းမကြီးဘေး
မြေ (၅) ဧကမှ (၁၀)ဧကခန့်
အထိ ဝယ်လိုပါသည်။
ရောင်းလိုသူများ
ဆက်သွယ်ရန်
ဖုန်း–၀၉–၉၆၉၇၇၄၂၁၇

## အောင်ကမ္ဘာ

ဒဂုံမြို့သစ် (တောင်ပိုင်း၊ ဆိပ်ကမ်းအရှေ့ပိုင်း၊ မြောက်ပိုင်း)ရှိပေါက်
မြေကွက်များဝယ်လိုသည်၊
အိမ်အရောက်ငွေချေသည်၊
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096155

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 6N/6365 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်နိုင်လင်း ၁၄/မမန(နိုင်)၁၇၁၈၁၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/1079 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/2370 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/2348 Volvo FH 12 Tractor Head(4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဌေး(ခ)တင်ဌေး ၁/ဝမန(နိုင်)၀၃၄၁၂၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/4426 Toyota Corolla Fielder S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာကျော် ၁၂/ဗဟန(နိုင်)၀၃၈၃၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/5477 Multi Purpose Vehice SMPV–03 M/B(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဝင်း ၉/ပသက(နိုင်)၀၆၇၇၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ဖခင်အမည်မှန်

သာကေတမြို့ အထက(၅) တက္ကသိုလ်ဝင်တန်း(B)မှ မောင်ရဲစောထွန်း၏ ဖခင်အမည်မှန်မှာ ဦးဆန်းဦးခိုင် ၅/စကန(နိုင်)၁၅၁၄၆၀ ဖြစ်ပါကြောင်း။

**ဦးဆန်းဦးခိုင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1K/6784 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၁၉၈၈၄ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ဇာမြင့် ၉/အမရ(နိုင်)၁၃၆၅၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/58037 TVS apache-200 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတာထွန်းမြတ် ၉/မနမ(နိုင်)၀၈၀၀၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/4911 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/9407 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၂၂၀၅၂ Honda wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းယုနိုင် ၉/စကန(နိုင်)၀၇၁၆၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၄၄၂၄၂ Honda C 90 Custom CMV M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးဇင် ၉/မရမ(နိုင်)၀၆၉၃၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် FF/6466 NISSAN ADVY 12 S/W (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြူကြူဝင်း ၁/မကတ(နိုင်)၀၅၅၅၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4N/3400 Hino DCHRO XZU 508 Light Truck (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးခိုင် ၉/ကဆန(နိုင်)၀၄၄၆၀၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/9765 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/5678 Toyota Landcruiser Prado KDJ S/W (4x4) R ယာဉ်လက်ဝယ်ရှိသူ ဦးစန်းအောင် ၉/မတရ(နိုင်) ၀၀၈၉၂၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/8477 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/8548 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၈/၂၊ မြေကွက်အမှတ် ၁၂၄၅၊ ဧရိယာ ပေ(၄၀x၆၀) အကျယ်အဝန်းရှိ ဗိုလ်မှူးသန်းလှိုင် (ငြိမ်း) ၁၂/ရပသ(နိုင်)၀၁၆၃၃၈ အမည်ပေါက်နှင့်မြေတိုင်းရပ်ကွက်အမှတ် ၁၆၈/၂၊ မြေကွက်အမှတ် ၁၂၄၆၊ ဧရိယာ ပေ(၄၀x၆၀)အကျယ်အဝန်းရှိ ဦးလှမြင့် ၁၂/ဒဂန(နိုင်)၀၁၀၃၉၀ အမည်ပေါက် ပါမစ်မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမြဝင်း ၁၂/သကတ(နိုင်)၀၂၄၉၃၆က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ငွေအပြေအကျေပေးချေကာ အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်း အဝယ်ပြုလုပ်သည့် မြေကွက်များအား တရားဝင်အမည်ပေါက်ပိုင်ဆိုင်နိုင်ရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီဝမ်းလှိုင်အောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၁၇)**
**တိုက် ၄၊ အခန်း ၂၀၄၊ ပုလဲမွန်အိမ်ရာ၊ (၆၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၂၂၃၈၈၈**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၊ ပေါက်ခေါင်းမြို့ အင်ငါးခွသကြားစက်နှင့် အီသနောထုတ်လုပ်မှုလုပ်ငန်းမှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ပေါက်ခေါင်းမြို့နယ် စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၁၆/၂၀၂၀)ဖြင့် မူပိုင်သုံးစွဲရန် မှတ်ပုံတင်ထားရှိပြီးဖြစ်ပါသည်။



အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အင်ငါးခွသကြားစက်နှင့် အီသနောထုတ်လုပ်မှုလုပ်ငန်းမှ ထုတ်လုပ်သော သကြား၊ တင်လဲရည်၊ ကြံနှင့် ပတ်သက်သည့် ထုတ်ကုန်ပစ္စည်းများအား မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ ကုန်အမှတ်တံဆိပ်အမှတ်အသား၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အခြားမည်သူမဆို ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်အောင် တုပပြုလုပ်သုံးစွဲခြင်းများကို မပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ပါက လုပ်ငန်းအကျိုးစီးပွားထိခိုက်ဆုံးရှုံးနစ်နာမှုများအတွက် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေး ယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်စိုးဝင်း ၈/ပခက(နိုင်)၀၀၀၈၅၁**
**အင်ငါးခွသကြားစက်နှင့် အီသနောထုတ်လုပ်မှုလုပ်ငန်း**
**ပေါက်ခေါင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)**

## မိဘအမည်မှန်

ပြည်မြို့နယ်၊ အထက(လယ်ဘဲ့) Grade-8 မှ မငြိမ်းသူစံ၏ မိဘအမည်မှန်မှာ ဦးမင်းထက် ၇/ပမန(နိုင်)၁၅၀၂၉၂ နှင့် ဒေါ်စောမေကြူနွယ် ၅/ကလထ(နိုင်)၁၉၁၄၈၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပြည်မြို့၊ အထက(ခွဲ) နှောကုန်း Grade 11 မှ မောင်ထိန်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးစမ်းလှိုင် ၇/ပမန(နိုင်)၀၆၃၂၆၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ အထက(မင်းလှ) တက္ကသိုလ်ဝင်တန်းမှ မောင်နိုင်မင်းသူ နှင့် အလက မြောက်ရပ် Grade-6 မှ မနှင်းရတနာလွင်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုလတ် ၈/မလန(နိုင်)၀၈၀၁၄၈ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4L/6068 ယာဉ်လက်ဝယ်ရှိသူ ဦးရဲညွန့် ၂/လကန(နိုင်)၀၁၅၀၀၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (နေပြည်တော်)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့ နယ်မြေ (၇/ဃ-၂)နေ ဦးလှမြင့်-ဒေါ်ခင်ပြုံးရီတို့၏သား မောင်ညီညီနိုင် ၁၃/တကန(နိုင်)၂၆၀၂၃၈ သည် မိဘ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘော ဆန္ဒအလျောက် ပြုမူနေထိုင်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်သည်။

နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိဘ-ဦးလှမြင့်-ဒေါ်ခင်ပြုံးရီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့၊ နောင်ယား(က)ရပ်ကွက်၊ အကွက်အမှတ် (၁၀/နောင်ယား-က)၊ ဦးပိုင် ၂၈၁၊ ဧရိယာ ၀ ဒသမ ၁၆၁ ဧကရှိ မြေသည် ကျွန်မ ဒေါ်လှလှဝင်းအမည်ဖြင့် ၁-၁-၁၉၉၁ မှ ၃၁-၁၂-၂၀၀၁ အထိ ၁၀ နှစ်မြေငှားဂရန်ရရှိထားသောမြေကွက်ဖြစ်ပါသည်။ ကျွန်မဒေါ်လှလှဝင်း အမည်ဖြင့် မြေငှားဂရန်ရရှိထားသော မြေဧရိယာထဲမှ မြေဧရိယာ ၀ ဒသမ ၀၈၀ ဧကကို ခွဲစိတ်၍ ဒေါ်မူဖဲလာရီထံ ၆-၈-၂၀၂၀ ရက်တွင် နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ စာချုပ်စာတမ်းမှတ်ပုံတင်ကာ ရောင်းချထားပြီးဖြစ်ပါသည်။ ကျွန်မဒေါ်လှလှဝင်း အမည်ဖြင့် ရရှိထားသော မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးနေပါသဖြင့် ကျန်ရှိမြေဧရိယာ ၀ ဒသမ ၀၈၀ ဧကရှိမြေကို သက်ဆိုင်ရာသို့ ကျွန်မဒေါ်လှလှဝင်း အမည်ဖြင့် မြေငှားဂရန်ဦးပိုင်ခွဲရရှိရေးလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**ဒေါ်လှလှဝင်း ၂/လကန(နိုင်)၀၀၇၀၃၇**
**နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့၊ နောင်ယား(က)ရပ်ကွက်၊ အကွက်အမှတ် (၁၀/နောင်ယား-က)၊ ဦးပိုင် ၂၈၁၊ ဧရိယာ ၀ ဒသမ ၁၆၁ ဧကရှိ မြေသည် ကျွန်မ ဒေါ်လှလှဝင်းအမည်ဖြင့် ၁-၁-၁၉၉၁ မှ ၃၁-၁၂-၂၀၀၁ အထိ ၁၀ နှစ် မြေငှားဂရန်ရရှိထားသောမြေကွက်ဖြစ်ပါသည်။ ကျွန်မဒေါ်လှလှဝင်းမှ ၎င်းအမည်ဖြင့် မြေငှား ဂရန်ရရှိထားသောမြေဧရိယာထဲမှ မြေဧရိယာ ၀ ဒသမ ၀၈၀ ဧကကို ခွဲစိတ်၍ ကျွန်မ ဒေါ်မူဖဲလာရီထံ ၆-၈-၂၀၂၀ ရက်တွင် နှစ်ဦးသဘောတူမြေကွက် အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ စာချုပ်စာတမ်းမှတ်ပုံတင်ကာ ရောင်းချထားပါသည်။ ဒေါ်လှလှဝင်းအမည်ဖြင့် ရရှိထားသော မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးနေပါသဖြင့် သက်ဆိုင်ရာသို့ ကျွန်မ ဒေါ်မူဖဲလာရီအမည်ဖြင့် မြေငှားဂရန်ဦးပိုင်ခွဲရရှိရေးလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**ဒေါ်မူဖဲလာရီ ၁၃/ဖခန(နိုင်)၀၂၀၈၂၅**
**နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 24W/59135 ယာဉ်ပိုင်ရှင် ဦးမောင်မောင်မြင့် ၂/ဒမဆ(နိုင်)၀၀၂၆၃၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(လွိုင်ကော်)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကယားပြည်နယ်၊ ဘော်လခဲမြို့၊ မိုင်းထမ်းကျေးရွာနေ ဦးဝင်းမြိုင် ၂/ဘလခ(နိုင်)၀၀၁၂၇၃ နှင့် ဒေါ်ချော ၂/ဘလခ(နိုင်)၀၀၁၂၆၉တို့၏သမီး မတင်ဝင်းခိုင် ၂/ဘလခ(နိုင်)၀၀၅၄၁၇ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိဘစိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးလိမ့်မည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းမြိုင်-ဒေါ်ချော**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တင်မျိုးဦး ၁၃/တကန(နိုင်)၁၈၅၆၁၃ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၀၂၂၀၀၄၅**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် အထက(ခွဲ) မရင်းကုန်း Grade 10 (သင်ရိုးသစ်)မှ မောင်ကောင်းခန့်အောင်၏ဖခင်အမည်မှန်မှာ ဦးစောပွဲ ၁၀/ကမရ(နိုင်)၀၈၈၄၅၈ ဖြစ်ပါသည်။

**ဦးစောပွဲ**

## ဖခင်အမည်မှန်

ပြည်မြို့၊ အထက(၅) Grade 10 မှ မချစ်စနိုး၏ ဖခင်အမည်မှန်မှာ ဦးကိုနိုင် ၇/ပမန(နိုင်) ၁၅၇၇၁၄ ဖြစ်ပါကြောင်း။

**ဦးကိုနိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

သထုံမြို့၊ ဆင်ဖြူကျွန်းကျေးရွာနေ (ဘ) ဦးတင်ထွဋ်၊ (မိ) နော်သန်းသန်းနွယ်တို့၏သမီး မယိုကိုစံ(ခ)နော်ယိုကိုစံမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မယိုကိုစံ(ခ)နော်ယိုကိုစံ**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် အထက(ခွဲ) မရင်းကုန်း ဆဋ္ဌမတန်းမှ မလှလှဝင်း၏ မိခင်အမည်မှန်မှာ ဒေါ်မုဟီလာ ၁၀/ကမရ(နိုင်) ၁၃၀၆၇၁ ဖြစ်ပါသည်။

**ဒေါ်မုဟီလာ**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မစန္ဒာဦး၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဦး ၁၂/ထတပ(နိုင်)၁၁၁၇၆၅ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးအောင်ဇော်လင်း၏သမီး မုဒုံမြို့နယ်၊ အမက နိုင်လှုံကျေးရွာ၊ စတုတ္ထတန်းအောင်မှ မသင်းသင်းခိုင်အား မသဇင်ဖြိုးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/6288 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၃၅၀၁၉ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်လွင် ၁၀/မလမ(နိုင်)၀၄၄၁၈၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**တောင်တွင်းကြီးမြို့နယ်တရားရုံး**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၇၈**

| | | | |
|---|---|---|---|
| ဦးဘိုကောက် | **နှင့်** | ၁။ ဒေါ်မြကြည် | ၅။ ဦးလှရွှေ |
| | | ၂။ ဒေါ်စောကြည် | ၆။ ဦးကောင်းမြ |
| | | ၃။ ဒေါ်သောင်းကြည် | ၇။ ဒေါ်ခင်နွဲ့ |
| | | ၄။ ဦးဘိုဖြောင့် | ၈။ ဦးဇော်ဝင်း |

**တရားလို** **တရားပြိုင်များ**

တောင်တွင်းကြီးမြို့နယ်၊ ကြီးအောင်းကျေးရွာ၊ လယ်သာ(၁)အုပ်စု ဦးကောင်းမြ (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးဘိုကောက်က အမွေပုံပစ္စည်းများ စီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ပြည့်နှစ် စက်တင်ဘာ ၂ ရက် (၁၃၈၂ ခုနှစ် ဝါခေါင်လပြည့်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသား ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ထို့ပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကောင်းထက်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
တောင်တွင်းကြီးမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မြေကွက်အမှတ် ၄၃၅ ၁/၂/ခ၊ ဧရိယာ ပေ(၂၀x၆၀)၊ ဦးမြင့်ဆွေ AA-053678 အမည် ပေါက်ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမိုးကျော်သူ ၁၄/ဖပန(နိုင်)၀၀၀၀၆၇ က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး LL.B**
**အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂၊ ၀၉-၄၅၀၅၃၉၁၃၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် A-091၊ ဧရိယာ ၀ ဒသမ ၂၂၉ ဧကရှိ ဒေါက်တာမျိုးထက်ကျော် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၀၈၂/၂၀၂၀ ဖြင့် ကိုယ်စားလှယ်ရရှိထားသူ ဒေါ်ဆုမြတ်ရွှေစင် (ဘ)ဦးနိုင်နိုင်ဝင်း ၁၄/ဟသတ(နိုင်)၃၃၈၁၇၀မှ ဦးနိုင်နိုင်ဝင်း (ဘ)ဦးဝင်းမောင် ၇/ပခန(နိုင်)၀၆၃၇၂၅၊ ဒေါ်ဝင်းဝင်းဇော် (ဘ)ဦးဇော်မင်း ၁၂/ဥကတ(နိုင်)၀၈၇၇၅၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၈၉/ဈေးချို)၊ ဦးပိုင်အမှတ်(၃/၁၂) မြေချိန်ဧရိယာ(၀ဒသမ၀၅၅)ဧကရှိမြေသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏(၁/က)တွင် မော်လမြိုင်မြို့နယ်စုအမှုတွဲ အမှတ်-၃/၉၁မလမ(စု) အရ သိမ်းဆည်းထားသည့် ငွေဇင်ယော် အကွက်ချမြေအဖြစ် အသုံးပြုထားပြီးမော်လမြိုင်ခရိုင်စီမံကိန်း ဗဟိုကြီးကြပ်မှုကော်မတီ၏ (၁၂-၃-၁၉၉၆)ရက်စွဲပါ မြေကွက်အမှတ် (၁၂) အား ဒေါ်စန်းငွေအမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ ဒေါ်စန်းငွေသည် အပျိုကြီးတစ်ဦးဖြစ်ပြီး အမွေစားအမွေခံသားသမီးမရှိသဖြင့် မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေစားအမွေခံကိတ္တိမသမီးအဖြစ် မွေးစားခြင်းမှတ်ပုံတင်စာချုပ်အမှတ် III-၃/၂၀၁၅ အရ ဒေါ်အေးအေးသန်းအား ကိတ္တိမသမီးအဖြစ် တရားဝင်မွေးစားခဲ့ပြီး ဒေါ်စန်းငွေသည် (၁၅-၁-၂၀၂၀)ရက်တွင် ကွယ်လွန်သွားသဖြင့် ဒေါ်အေးအေးသန်းမှ အမွေဆက်ခံပိုင်ဆိုင်လာပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်အမှတ်-၇၄/၂၀၂၀ အရအမွေဆက်ခံပိုင်ဆိုင်လာသဖြင့် ဒေါ်အေးအေးသန်းမှ နှစ်ရှည်မြေငှားဂရန် ပထမအကြိမ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက နှစ်ရှည်မြေငှားဂရန်ထုတ်ပေးခြင်းကို ဥပဒေ၊နည်းဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများ
(ခ) ရုံးသုံးစက်ပစ္စည်းများ
(ဂ) ရုံးသုံးပရိဘောဂ

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** | - | ၂၇-၈-၂၀၂၀ ရက်မှ ၉-၉-၂၀၂၀ ရက်အထိ |
| **တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်/ အချိန်** | - | ၉-၉-၂၀၂၀ ရက် ညနေ ၁၆:၃၀နာရီအထိ |
| **တင်ဒါတင်သွင်းရန်နေရာ** | - | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စံပယ်အိမ်ရာရှေ့၊ ပြည်ကြီးဇေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် |

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို သတင်းစာကြော်ငြာတွင် ပါရှိသည့်ရက်မှစ၍ ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ အောက်ပါဖုန်းနံပါတ်များသို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ပြည်ကြီးဇေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇၃-၄၀၃၅၈၆၊ ၀၆၇၃-၄၀၃၀၇၁**

## SWAM PYAE NAING COMPANY LIMITED
### အစည်းအဝေးဖိတ်ကြားခြင်း
### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇၊ ပုဒ်မ ၁၁၆(င)(၂)အရ

SWAM PYAE NAING COMPANY LIMITED သည် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူဆောင်ရွက်မည့် ကုမ္ပဏီ၏မတည်ငွေရင်း လျှော့ချခြင်းနှင့် အထွေထွေလုပ်ငန်းညှိနှိုင်းအစည်းအဝေးအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် မပျက်မကွက်တက်ရောက်ကြပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

| | | |
|---|---|---|
| **အစည်းအဝေးကျင်းပမည့်ရက်** | - | ၂၉-၈-၂၀၂၀ ရက် |
| **အစည်းအဝေးကျင်းပမည့်အချိန်** | - | နံနက် ၁၀ နာရီ |
| **အစည်းအဝေးကျင်းပမည့်နေရာ** | - | ကုမ္ပဏီအစည်းအဝေးခန်းမ |

**ဒေါ်သန္တာအောင်**
**ဒါရိုက်တာ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်ရွှေကြာပင်၊ မြေကွက်အမှတ် (၁၅၉၁)၊ ဧရိယာ(၀ဒသမ၀၈၂)ဧကရှိ ဦးအောင်ထွန်းလင်း၊ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်မြင့်မြင့်စန်း(ဘ)ဦးစိုးလှ ၇/ပမန(နိုင်)၀၅၅၂၄၈ မှ မြေပေးမိန့်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ ဒက္ခိဏခရိုင် တရားရုံးကျမ်းကျိန်လွှာအမှတ်(၁၈၆၆/၂၀၂၀)နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

## ကြယ်ပွင့်ပြမေးခွန်း ၈၂ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၂၇ ခုတို့ မေးမြန်းမှုကို နှုတ်ဖြင့် ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ ဖြေကြားခြင်းတို့ ဆောင်ရွက်ခဲ့

နေပြည်တော် ဩဂုတ် ၂၇

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၏ အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နေ့စား/လပေး ဝန်ထမ်းများအား လခစား အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း က ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများတွင် ဖွဲ့စည်းပုံပါ စတင်ခန့်ရာထူးများ လစ်လပ်သဖြင့် ဝန်ထမ်းသစ်များ ခန့်ထားရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခွင့်ပြုချက်ရယူပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများသည် စတင်ခန့်ရာထူးများအတွက် သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူ ပြင်ပပုဂ္ဂိုလ်များအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅ မှ နည်းဥပဒေ ၂၂ အထိပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်း၍ ယှဉ်ပြိုင်ရွေးချယ်သည့်စနစ်ဖြင့် ရွေးချယ်ခန့်ထားပါကြောင်း၊ ယင်းသို့ ခန့်ထားရာတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နေ့စား/လပေး ဝန်ထမ်းများကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုစေ၍ ရွေးချယ်ခန့်ထားခြင်းများကို ဆောင်ရွက်နေပါကြောင်း။

ဌာန၏ လုပ်ငန်းလိုအပ်ချက်နှင့် ရာထူးနေရာလစ်လပ်မှုအပေါ်မူတည်၍ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီပြီး လုပ်ငန်းစွမ်းဆောင်ရည်ရှိသော နှစ်ရှည်လများ ထမ်းဆောင်နေကြသည့် နေ့စား/လပေးများကို အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်နိုင်ရန် နိုင်ငံ့ဝန်ထမ်းခန့်ထားခြင်းဆိုင်ရာမူဝါဒများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက် ရယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး ၏ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်

*စာမျက်နှာ ၈ ကော်လံ ၁ ☼*

### COVID-19 ရောဂါ ပြည်တွင်းကူးစက်မှုအခြေအနေအရ ဖွင့်လှစ်ထားရှိသော အခြေခံပညာအထက်တန်းအဆင့် ကျောင်းများ (ပုဂ္ဂလိကကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအပါအဝင်)အား ပိတ်ထားခြင်း

ရခိုင်ပြည်နယ်အတွင်း ပြည်တွင်းကူးစက်မှုဟု သုံးသပ်ရသော COVID-19 ရောဂါ ကူးစက်ခံရသူများထဲမှ ဆင့်ပွားကူးစက်ခံရသူများတွင် ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ ပါဝင်လာကြောင်း တွေ့ရှိရသဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ဖွင့်လှစ်ထားရှိသော အခြေခံပညာအထက်တန်းအဆင့်ကျောင်းများ (ပုဂ္ဂလိကကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ အပါအဝင်) အား (၂၇-၈-၂၀၂၀) ရက်မှစ၍ ပိတ်ထားပါကြောင်း။

ပညာရေးဝန်ကြီးဌာန

## ရခိုင်ပြည်နယ်တွင် မိမိဆန္ဒအလျောက် စေတနာ့ဝန်ထမ်း တာဝန်ထမ်းဆောင်မည့် ရန်ကုန်တိုင်းဒေသကြီးမှ စေတနာ့ဝန်ထမ်းများ စစ်တွေမြို့သို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၇**

ရခိုင်ပြည်နယ်၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသ၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်၌ မိမိဆန္ဒအလျောက် စေတနာ့ဝန်ထမ်းအဖြစ် ရခိုင်ပြည်နယ်တွင် အချိန်ကာလ တစ်လခန့်အကြာ တာဝန်ထမ်းဆောင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ စေတနာ့ဝန်ထမ်း အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၂၅ ဦးတို့သည် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာ့လေကြောင်းလိုင်းဖြင့် ရခိုင်ပြည်နယ် စစ်တွေ မြို့သို့ ထွက်ခွာသွားကြသည်။

အဆိုပါအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများက လိုက်ပါပို့ဆောင်ပြီး ဂုဏ်ပြုအားပေးစကား ပြောကြားသည်။

*စာမျက်နှာ ၁၇ ကော်လံ ၁ ☼*



မိမိဆန္ဒအလျောက် ရခိုင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်မည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ စေတနာ့ဝန်ထမ်းများအား တာဝန်ရှိသူများနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

## ရေဝတီနှင့် ဝေဝန် မြစ်ရေကြီးမှုအခြေအနေ

### ဟသ်ာတနှင့် ငါးသိုင်းချောင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြုနေထိုင်ရန်

နေပြည်တော် ဩဂုတ် ၂၇

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်အရ ရေဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စိုးရိမ်ရေမှတ် ရောက်ရှိနိုင်**

ယနေ့နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ဝေဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ဟသ်ာတမြို့နယ်နှင့် ငါးသိုင်းချောင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အသိပေးအကြံပြုအပ်ပါသည်။ **မိုး/ဇလ**

### COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၇-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

*စာမျက်နှာ - ၁၇*

## ဘင်ချီဝဲလ်ကို ပေါင် ၄၅ သန်းနှင့် အပြီးသတ် ခေါ်ယူလိုက်သည့် ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းသည် လက်စတာအသင်းမှ အင်္ဂလန် ဘယ်ခံစစ်ကစားသမား တစ်ဦးဖြစ်သူ ဘင်ချီဝဲလ်ကို ပေါင် ၄၅ သန်းနှင့်အတူ ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဘင်ချီဝဲလ်သည် လိုက်ပ်ဇစ်တိုက်စစ်ကစားသမား တီမိုဝါနာ (၂၄နှစ်) နှင့် အိုင်းယက်စ်တောင်ပံ ကစားသမား ဇီယက် (၂၇နှစ်) တို့ပြီးနောက် ယခုနှစ်ရာသီအပြောင်းအရွှေ့ကာလတွင် တတိယမြောက် စတန်းဖို့ဒ်ဘရစ်သို့ ရောက်ရှိလာသည့် ကစားသမား ဖြစ်လာခဲ့သည်။

အသက် ၂၃ နှစ်အရွယ်ရှိ ဘင်ချီဝဲလ်သည် လက်စတာ လူငယ်အကယ်ဒမီ ထွက်ကစားသမားတစ်ဦးဖြစ်ပြီး လက်စတာအသင်းနှင့် ၎င်း၏ ပွဲဦးထွက်ပွဲကို ၂၀၁၅ ခုနှစ်တွင် ကစားခဲ့သည်။ လက်စတာအသင်းနှင့် ဘင်ချီဝဲလ်၏ စာချုပ် သက်တမ်းသည် ၂၀၂၄ ခုနှစ်အထိ ချုပ်ဆိုထားသည်။ ၎င်းသည် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီ နောက်ဆုံးပွဲစဉ်ငါးပွဲကို ခြေထောက်ဒဏ်ရာကြောင့် လွဲချော်ခဲ့သူဖြစ်သည်။

ဘင်ချီဝဲလ်သည် လက်စတာအသင်းတွင် ပြိုင်ပွဲအရပ်ရပ် ၁၂၃ ပွဲပါဝင်ကစားထားပြီးလေးဂိုးသွင်းယူပေးထားနိုင်သည့် ကစားသမားတစ်ဦးလည်း ဖြစ်သည်။

လက်စတာအသင်းသည် ၂၀၁၆ ခုနှစ် နောက်ပိုင်း အသင်း၏ အဓိက ကစားသမားများကို ပြိုင်ဘက်အသင်းထံသို့ တစ်နှစ်လျှင် တစ်ဦးနှုန်း ရောင်းချလျက်ရှိသည်။ လက်စတာအသင်းသည် ၂၀၁၆ ခုနှစ်တွင် အသင်းမှ အားထားရသည့်ကစားသမားတစ်ဦးဖြစ်သူ ကန်တီကို



ချယ်လ်ဆီးအသင်းထံသို့ ရောင်းချခဲ့သည်။

*စာမျက်နှာ ၁၉ ကော်လံ ၁ ❑*